# ဆုလေးနွယ်

ရန်ကုန်တက္ကသိုလ်

မောင်ချော့မှ

Book Sharing

Scanned by CamScanner

'ကိုယ်လက်ထပ်မယ့် သတို့သမီးလေးကို . . . အဖြူစင်ဆုံး . . . အရိုးစင်းဆုံး အလိမ္မာဆုံးလေးဖြစ်ဖို့ မျှော်လင့်တွေးကြည့် ရင်ခုန်မူးပါတယ် . . .'

နေနိုင်ချို

'ဘဝမှာ လေ. . .

လုံခြုံငြိမ်းချမ်းပြီး ပြည့်စုံသာယာတဲ့ အရိပ်ကလေး တစ်ခုကို. . . တောင့်တမိပါရဲ့ ။'

ကြည်ဖြူနွေး

*

မောင်ရေ¬¬----ချစ်ရေ---မောင်ရေတကယ်ချစ်ရဲ့ လား----တစ်စက္ကန့်လေးမှ ----ဝေးမနေချင်ဘူးကွယ် ---နှလုံးသားထဲကသိပ်ချစ်တယ် ---- မောင်ယုံကြည်ကွယ် -- မောင်သာ ---- ကျွန်မရဲ့ ညတွေကို ---- အလင်းများ ဖြစ်စေတယ်----

ရေချိုးပြီးစ စိတ်ရွှင်လန်းနေချိန်မို့ ကြည်ဖြူနှုတ်ဖျားက သီချင်းတစ်ပိုင်းတစ်စကို ဆိုညည်းရင်း ရေစိုဆံနွယ်များကို ဘီးနှင့်ဆွဲချဖြီးသင်နေမိသည် ။

နေ့လယ်ခင်းမို့ အိမ်မှာ လူရှင်းနေသည် ။

Scanned by CamScanner

ကြည်ဖြူက သီချင်းဆိုရင်း နံရံထောင့်မှာ ချိတ်ထားတဲ့ အစ်ကိုတွေရဲ့ ဂီတာအနက်ကြီးကို မျက်ဝန်းရောက်သွားမိသဖြင့် ယူတီးချင်စိတ် ပေါက်သွားရပြန်သည် ။

ဂီတာကို သူမ သဘောကျသည် ။

လက်သည်းထိပ်တွေအနာခံပြီး သင်လည်း သင်ဖူးသည် ။ အကျွမ်းကျင်ကြီး မဟုတ်သော်လည်း ၊ ကော့ဒ်လေးငါးခုကိုတော့ ကောင်းကောင်း ရွေ့ကိုင်တတ်ပြီမို့ အခုလိုအချိန် လက်တည့်စမ်းဖို့ စိတ်ကူးလိုက်သည် ။

အစ်ကိုတွေမရှိတုန်း ယူတီးထားလျှင် ပြန်လာလျှင်ရယ်ရဦးမည်။

ငါ့ဂီတာဘာလို့ ကြိုးတွေလျော့ကုန်ပါလိမ့်ဟု မေးလိမ့်မည်လေ။

အဲဒီကျရင် သူမက မသိယောင်ဆောင်၍ ကျိတ်ရယ်နေလိုက်ရုံပင်။

ပြုံးစိစိနှင့် ဂီတာကိုသွားဖြုတ်လိုက်သည် ။ ဘယ်နေရာထိုင်တီးရင် ကောင်းမလဲ တစ်ချက်စဉ်းစားရင်း ခြေလှမ်းက အိမ်အပြင်သို့ အလိုလိုရောက်သည် ။ ခြံဝန်းလေးထဲမှာ သစ်ပင်ရိပ်တို့ ဖြင့် အေးမြနေသည် မဟုတ်လား။

ဘေးပတ်ဝန်းကျင်ကိုတော့ သိပ်ဂရုစိုက်နေလို့ မဖြစ်။

သစ်ပင်ရိပ်အောက်က ကွပ်ပျစ်ပေါ်သွားထိုင်ပြီးလျှင် သူမက ဂစ်တာကို ရင်ခွင်ထဲကျကျနနပိုက်ထားလိုက်၏။

ပြီးလျှင် ဘော့စ်သံလေးဖွဖွ တီးခတ်နေမိသည် ။

ဟိုတစ်နေ့ကကျက်ထားတဲ့ သီချင်းနှင့် ဂီတာကွက်များ ပြန်တွေးကာ ငြိမ်နေမိဆဲ. . . အပြင်ဘက်က ကားစက်သံတစ်ခုက နားထဲဝင်လာ၏။

Scanned by CamScanner

သူမ ဖျတ်ခနဲမော့ကြည့်လိုက်လျှင် ခြံအပြင်ဘက်လမ်းကလေး၌ တောက်ပြောင်သားနားသော ဆလွန်းကားလှလှလေးတစ်စီးကို တွေ့ရလေသည်။

ဘယ်ကကားပါလိမ့်. . . .

အရင်တုန်းက တစ်ခါမှ လည်း မမြင်ဖူးသောကား. . .

ကြည်ဖြူတို့ ရပ်ကွက်ထဲက ဘယ်အိမ်ကိုလာတာပါလဲ. . သူမစိတ်ဝင်စားသွားမိသည်။

မှန်ကာ လာလေးက စိမ်းမလို ဝါမလိုနှင့် ဒေဝူးကားလေးက ထည်ဝါလှသည် မဟုတ်လား။

ကြည်ဖြူစိုက်ကြည့်နေမိခိုက်မှာ ဘဲ ကားလေးက ကြည်ဖြူတို့ခြံဝမှာ ရပ်သွားသည်။

ကားတံခါးကို ဖြေးညင်းစွာဖွင့်၍ ဆင်းလာသူမှာ အမျိုးသမီးကြီးတစ်ဦး။

ဆံထုံးပုံ့ပုံ့နှင့် ကိုယ်လုံးကိုယ်ထည်ပြေပြစ်သော၊ အရပ်မြင့်သော၊ အသားဖြူသော အထက်တန်းကျကျအမျိုးသမီးကြီးက သူမတို့ ခြံဝန်းထဲစူးစမ်းသလို လှမ်းကြည့်လိုက်၏။

နက်မှောင်သော မျက်ခုံးတန်းတန်းနှင့် အေးချမ်းတည်ငြိမ်သော မျက်နှာထားမှာ အဝေးကပင်ကြို၍ လေးစားထားနှင့်စရာကောင်းသော ရုပ်ရည်မျိုးကို ပိုင်ဆိုင်သည်။

ဝတ်ထားသော ကီမိုနိုလုံချည်နှင့် ပိတ်ဖောက်ဇာအင်္ကျီ ဖြူလွလွတို့ကလည်း ထိုအမျိုးသမီး၏ အလှအပကို ပို၍ ရှင်းသန့် ကြည်လင်စေသည်။

Scanned by CamScanner

ခွာသိပ်မထူသော ဖိနပ်အမြင့်နှင့် လှမ်းလာပုံကလည်း စတိုင်ကျပြန်ရာ ကြည်ဖြူအငေးသားကြည့်နေမိတော့၏။

'ဟော. . . ကြည်ဖြူတို့ ခြံထဲဝင်လာပါလား. . .'

'သမီးရေ. . .'

'ရှင်. . . အန်တီ'

'ခဏဝင်ခဲ့ပါရစေကွယ်'

'ဟုတ်ကဲ့'

ကြည်ဖြူက ဂစ်တာကိုနံဘေးမှာ ချထားလိုက်ပြီး မတ်တတ်ရပ်လိုက်သည် ။

'ဘာကိစ္စများ ပါလဲရှင်'

'တစ်ခုလောက် မေးချင်လို့ ပါကွယ်'

အနီးကပ်လာသောအခါ နုနေဆဲမျက်နှာမှာ ပါးပြင်တွေကစို၍ မျက်လုံးများ လည်း တောက်ပကြောင်း တွေ့ရှိရသည် ။ တော်တော်ချောတဲ့ အန်တီပဲ. . .။

ကြည်ဖြူစိတ်ထဲက မှတ်ချက်ချသည် ။

'ဒီနားမှာ တီဗွီပြင်ဆိုင်ရှိတယ်ဆိုလို့ ပါကွယ်. . . အန်တီကြည့်တော့ ဆိုင်းဘုတ်မတွေ့တာနဲ့ '

'သြော်. . . ဟုတ်ကဲ့. . . ရှိတယ်. . . ဒါပေမဲ့ အဲဒီတီဗီပြင်ဆိုင်ကပြောင်းသွားပြီ အန်တီရဲ့ . . . သိပ်မကြာသေးဘူး'

'အို. . . ဟုတ်လား'

Scanned by CamScanner

'ဒီလိုပဲ လာမေးကြတဲ့ သူတွေရှိပါတယ်. . .'

'ဘယ်ကိုများ ပြောင်းသွားသလဲမသိဘူးနော်'

'ဟိုဘက်တစ်လမ်းကျော်လို့ တော့ ကြားတယ်. . .'

'ဝေးများ ဝေးသလား သမီး'

'မဝေးတော့ မဝေးပါဘူး။ ဒီဘက်လမ်းကြားလေး ဖြတ်ထွက်ရင် ရောက်ပါတယ်. . .'

အန်တီကြီးသည် ကြည်ဖြူ့ကို နှစ်လိုစွာပြုံးငေးကြည့်၏။

စကားပြောလက်စမှာ အကြည့်က ဘယ်ကိုမှ လွဲမသွား။

ကြည်ဖြူ့ကို တရင်းတနှီးရှိသည် ။

ကြည်ဖြူက ခေါင်းစွပ်ပါသော ရှပ်အင်္ကျီနဲ့ ကြိုးစလေးနှစ်ခုကို ဖွဖွ ဆော့ကစားရင်း ထိုအန်တီကြီးဆီမှ ရနေသော ရေမွှေးနံ့ကို သဘောကျ နေမိသည် ။

ထုံအီစွာဆွဲဆောင်နိုင်သောရနံ့လေး. . .

ကောင်းလိုက်တာ. . .။

'သမီးလေးရယ် . . . ဖြစ်နိုင်ရင် အန်တီ့ကိုကူညီပါလား၊ တဆိတ် လောက် လိုက်ပြပေးပါလားကွယ်. . . အန်တီက လမ်းတွေမကျွမ်းကျင် တော့ ဟိုရောက်ဒီရောက်နဲ့ . . .'

ကြည်ဖြူသည် ထိုအန်တီကြီးတောင်းဆိုမှုကို မငြင်းနိုင်။

'ရပါတယ်အန်တီ. . . ကြည်ဖြူလိုက်ပြပေးပါ့မယ်'

ကွပ်ပျစ်ပေါ်က ဂီတာကို အသာကောက်ယူရင်း. . .

Scanned by CamScanner

'ဂီတာသွားထားဦးမယ်နော်. . . ခဏလေး. . .'

'ရပါတယ်ကွယ်. . .'

ကြည်ဖြူရဲ့ သွက်လက်လှုပ်ရှားဟန်များကို ခြေစုံရပ်ကာ ကြည့်နေသော အန်တီကြီးကို ကြည်ဖြူက အပြေးကလေး ပြန်ဆင်းလာရင်း ပြုံးပြလိုက်သည် ။

ပြီးတော့ ခြံပြင်သို့ အတူတူထွက်ခဲ့ကြသည် ။

'ကားနဲ့ သွားမလား သမီးလေး. . .'

'ဟင့်အင်း. . . ရတယ်. . . နီးနီးလေးပါ. . .'

ကြည်ဖြူကရှေ့မှ ဦးဆောင်ခေါ်လာခဲ့၏။

ကြည်ဖြူနှင့်ဆုံတော့ ဒီအန်တီလည်း လမ်းလျှောက်ရပြီ။

လမ်းကြားခပ်ကျဉ်းကျဉ်းလေးမှ ဖြတ်၍ တစ်ဖက်လမ်းသို့ကူး၏။

ပြီးတော့ ထိပ်ဘက်သို့လျှောက်သည် ။

အန်တီကြီးမှာ ကြည်ဖြူ ခြေလှမ်းကို အမီလိုက်သော်လည်း လမ်းလျှောက်ပုံမှာ သိမ်မွေ့ညင်သာ၏။

သူ၏ အရှိန်အဝါနှင့် အလင်းစတတ်သည် နံဘေးက ကြည်ဖြူ့ဆီသို့ပါ ကူးစက်ရောက်နေသလိုထင်ရသည် ။

'ဟယ်တော့. . . မိုးဖွဲလေးတွေကျ လာပြီ. . .'

'ဟုတ်ပါရဲ့ . . . မိုးရွာပြီ'

မထင်မှတ်ဘဲ မိုးတဖျောက်ဖျောက် ခပ်ကျဲကျဲကျတာမို့ ကြည်ဖြူတို့ နှစ်ဦးသားခြေလှမ်းပိုသွက်လိုက်သည် ။

Book Sharing

Scanned by CamScanner

'အန်တီ ထီးလည်း မပါဘူး. . . စိုကုန်ပြီနဲ့ တူတယ်'

'ရပါတယ် သမီးရယ်. . . အန်တီက သမီးကိုအားနာနေတယ်. . '

'ကြည်ဖြူက မိုးရေချိုးနေကျ၊ ကိစ္စမရှိပါဘူး'

'ဘယ်ဟုတ်မလဲ. . . နာစေးနေပါဦးမယ်. . . '

ကြင်နာသောအသံလေးနှင့်ပြောကာ ကြည်ဖြူလက်ကို လှမ်းဆုပ်ထားသည် ။

ပြီးတော့ ကြည်ဖြူဆောင်းဖို့ မေ့လျော့နေသည့် ခေါင်းစွပ်လေးကို ဦးခေါင်းပေါ်သို့ အသာအယာစွပ်ပေး၏။

ယုယဟန်ဆန်သော အပြုအမူလေး၌ ကြည်ဖြူစိတ်တွေ လှိုက်ခနဲကြည်နူးသွားရသည် ။

ဒီလိုနှစ်သက်ဖွယ်ကောင်းတဲ့ အကြင်နာမျိုးအမြဲတိုင်း ပိုင်ဆိုင်ချင်ပါပေ့ကွယ်။

'ကြည်ဖြူကစောင်းပြီး. . . အန်တီကစိုတော့ တစ်မျိုးကြီး'

အန်တီကြီးသည် သဘောကောင်းစွာ မိုးမှုန်တို့ ကြား၌ ပြုံးလျက်. . .

'ဟော. . . ရောက်ပြီ. . . အန်တီ. . ဟိုဆန်းရိုတ်အပြာလေးနဲ့ အိမ်ပဲ'

'ကျေးဇူးပါပဲ သမီးရယ်'

လက်ဖျားလေးကို တစ်ချက်ဆုပ်ပြန်ကာ နွေးထွေးစွာဆို၏။

ကြည်ဖြူသည် ထိုအန်တီ၏ အမူအရာ. . . ဝတ်စားဆင်ယင်ပုံ. . . စကားပြောသံ လေယူလေသိမ်း. . . နွေးထွေးသောအပြုံးနှင့် လှိုက်လှဲကြင်နာဟန်တို့ ကို တခဏနှင့် အတုခိုးချင်စိတ် ပေါက်သွားရပါသည် ။

Scanned by CamScanner

ကြည်ဖြူလည်း သူ့လိုအဆင့်အတန်းမြင့်မြင့်လေး နေထိုင်ချင်သည် ။

သူ့လိုပဲ ခင်မင်ဖွယ်ရာ ညှို့ဓာတ်ရှိချင်သည် ။

စကားပြောသံကိုလည်း နှစ်သက်ဖွယ်ကောင်းအောင် ကြိုးစားချင်သည် ။

တခဏအတွင်းမှာ ကြည်ဖြူဖြစ်ချင်တာတွေက အတော်များ သားပင်. . .

'ဒါဆို. . . ကြည်ဖြူပြန်တော့မယ်နော်'

'အေးကွယ်. . . ပြန်ပါ. . . ချော်လဲမယ်နော်. . သတိထားဦး'

'ဟုတ်ကဲ့ပါ'

သူကချည်းပဲ ကြည်ဖြူ့ကို ဂရုတစိုက် ရှိနေပါလားနော်။

ကြည်ဖြူကတော့ ကားပါရက်သားနှင့် မိုးစိုခဲ့ရသော အန်တီကြီးကို သနားမိပါသည် ။

တီဗွီပြင်ဆိုင်ကို ဘာလို့ အရေးတကြီးရှာသလဲမတွေးမိ။

ထိုအန်တီရဲ့ နာမည် ဘယ်သူလဲမမေးမိ။

သူမျှား အတွက် တစ်စုံတစ်ရာ ကူညီလိုက်ရတာကို ကျေနပ်နှစ်သိမ့်စွာ မိုးဖွဲဖွဲ၌ ဆတ်တောက်ဆတ်တောက်လျှောက်ကာ ပြန်လာခဲ့ပါတော့သည် ။

*

Scanned by CamScanner

ကားတစ်စီး၏ အသံနှင့် ခြံဝင်းတံခါးဖွင့်မှာ ရပ်ကာ ဟွန်းတီးလိုက်တာကြောင့် ညှော်ခန်းမှာ ထိုင်ပြီး စာအုပ်ဖတ်ကာ မေမေ့အလာကိုမျှော်နေသော နေနိုင်က စာအုပ်ချကာ မတ်ခနဲဖြစ်သွားရသည်။

'ကြီးကြီးစိန်. . . မေမေတို့ ပြန် လာပြီထင်တယ်' ဟု လှမ်းပြောမိသောအခါ ကြီးစိန်က သော့တွဲနှင့်ထီးကောက်ယူကာ ပြေးလေသည်။

မိုးရေကြီးထဲ မေမေဘယ်အထိသွားနေပါလိမ့်ဟု နေနိုင်စိတ်ပူမိ၏။ မေမေ့ကို ရင်မောစွာစောင့်နေမိပါသည်။

မေမေ ခုတလောတစ်မျိုး ဖြစ်နေသည်။ အိမ်မှာ မမြင်ရဘဲ လမ်းသာထွက်နေတတ်သည်။ ဘာတွေအလုပ်ရှုပ်နေသည် မသိ။

ခက်တဲ့ မေမေ။

မနက်ကတည်းက မေမေထွက်သွားတာဟု ကြီးစိန်က သတင်းပေးပါသည်။ သူ့ကိုဘာတစ်ခွန်းမှ ဖွင့်ဟမတိုင်ပင်ဘဲ၊ သိုသိပ်စွာ မေမေ ဘာတွေလုပ်နေပါသလဲ။

သူပင်ပန်းမှာ မေမေက စိုးရိမ်တတ်ပါသည်။ တော်ရုံတန်ရုံကိစ္စဆိုဘယ်တော့မှ အသိမပေး။ မေမေပဲ လုပ်သွားသည်။

'သားကလေးလေးမဟုတ်တော့ဘူး မေမေ၊ ဆရာဝန်တစ်ယောက်ဖြစ်နေပြီ၊ မေမေ သားကိုတိုင်ပင်ပါ၊ ခိုင်းပါ. . မေမေရယ်. . . ငယ်ငယ်တုန်းကသား. . .ကြီးရင်အားတဲ့၊ သားကို အားကိုးစမ်းပါမေမေ

Scanned by CamScanner

ရယ်. . . ဘာမဆို သားလုပ်ပေးနိုင်ပါပြီ၊ သားကို ကလေးလေးလိုထားပြီး မေမေပဲအပင်ပန်းခံနေတာ သားမကျေနပ်ပါဘူး။ မေမေသားကို လူရာမသွင်းတာလား' ဟု ကတ်သတ်မေးမိသည် အထိ သူပြောဖူးပါသည် ။

သို့ပေမဲ့ မေမေက ဆုံးဖြတ်ချက်မပြောင်းပါ။ သူဘယ်လိုပြောပြော လက်မခံချင်။ သူ့ကို အလုပ်မရှုပ်စေချင်ပါ။

'ဟာ. . . မေမေရှဲနစ်လာပါလား'

ကြိုးစိန် ထိုးမိုးပေးထားသော မေမေက တစ်ကိုယ်လုံးရွှဲနစ်နေ၏။

'မေမေ. . . ဘယ်လိုဖြစ်တာလဲ. . . ဟာ. . အအေးမိတော့မှာ ပဲ'

'ရပါတယ် သားရယ်'

မေမေကစိတ်ပူနေသောသူ့ကို ပြုံးပြကာ တိုးဖျော့ဖျော့ဆို၏။

'မေမေ. . . ဘယ်တွေသွားနေတာလဲ။ ဘာကိစ္စတွေ ဒီလောက်တောင် အရေးကြီးလို့ မိုးရွဲခံပြီးသွားရတာလဲ။ မဟုတ်သေးပါဘူး မေမေရာ. . . သားစိတ်ညစ် လာပြီ။ ဖျားရင် ဘယ်လိုလုပ်မလဲ။ ကိုယ့်ကိုယ်ကိုယ် ကလေးမှတ်နေသလား။ သူများ တွေလို အကြမ်းပတမ်းလည်း ရတာလည်း မဟုတ်ဘူး ။ မေမေ တော်တော်ခေါင်းမာပါလားဗျာ'

နေနိုင်က စိတ်တွေတို. . . မေမေ့ကိုလည်း အသံမာမာနှင့်မပြောရက် . . . မပြောရပဲသူ့အသံကြီးက တော်တော်ကြီးကို ညစ်ညူးတိမ်ဝင်နေသည် ။

'နေနိုင်. . .အဖေရယ်. . .တိတ်တိတ်နေပါ။ ကျွန်မကို ဆူမနေပါနဲ့ ဦး ။ ကျွန်မအဝတ်အစားလဲပါရစေ အဖေရယ်'

Scanned by CamScanner

သူဒေါသဖြစ်ဖြစ်နှင့် ရေရွတ်နေသမျှ မေမေ့စကားကြောင့် ပါးစပ်ပိတ်သွားရလေသည် ။

မေမေက သူ့ကိုရွဲ့ပြီး 'အဖေ' ဟု ခေါ်သည် ။ အိမ်ထဲဝင်လာတာနှင့် ဆီးပြီးငေါက်သောသားကို မေမေက ကျေနပ်ချင်ပုံမရပါ။

'သားက. . မေမေနေမကောင်းဖြစ်မှာ စိုးလို့ ပါဗျာ'

စိတ်ပျက်လက်ပျက်သံကြီးနှင့် သူဖြေရှင်းရသည် ။

'သိတယ်. . . သိတယ်'

မေမေက သူ့ကိုတစ်ချက်ပဲကြည့်ကာ အပေါ်တက်သွားတော့ သူနောက်ကလိုက်တက်လာခဲ့သည် ။

'အရေးကြီးရင် မသွားလို့ မဖြစ်ရင် သားကိုပြောပေါ့။ သားသွားပေးမှာ ပေါ့။ သား မလုပ်ပေးဘဲနေမလားမေမေ။ မေမေ မိုးရေထဲသွားစရာလုံးဝမလိုဘူး'

'ဟဲ့. . . မင်းဘိုးအေမိုးက ဖြုန်းစားကြီးရွာတာ။ မိုးရွာမယ်မှန်းသိရင် မေမေမသွားဘူး'

ခပ်ဆတ်ဆတ်တုံ့ပြန်လေသည် ။ မေမေအခန်းထဲဝင် အဝတ်အစားလဲသောအခါ သူက ရေနွေးဓာတ်ဘူး ဆင်းယူလာသည် ။

ဘယ်လို မေမေလဲ။

သူ့စကားဆိုလုံးဝနားမထောင်။ ပြောပြန်ရင်လည်း 'အဖေ' ရယ် သိပ်ဆရာလုပ်တာပဲ ငေါ့တတ်သည် ။ ဒါမှ မဟုတ်လည်း 'ဟုတ်ကဲ့. . . ဟုတ်ကဲ့' နှင့် သူ့ကို ရိသေပြတတ်သည် ။

'မေမေ . . . ရေနွေးသောက်မယ်'

Scanned by CamScanner

ကြီးကြီးစိန်က မေမေ့အတွက် ကော်ဖီတစ်ခွက် ယူလာပေးလေသည် ။ မေမေက ရေစိုဆံပင်တွေသုတ်ရင်းက ဟပ်ချိုး ချေလေသည် ။

'ဟော. . . တွေ့လား. . . ဖြစ်ပြီ'

'မိုးမိရင်နှာချေမှာ ပဲ'

နေနိုင် စိတ်လည်း ညစ်. . . ရယ်လည်း ရယ်ချင်သည် ။ သူနှင့်မေမေက တွေ့လိုက်လျှင် အနိုင်မခံ အရှုံးမပေး . . ဘယ်တော့မဆို အခြေအတင် ရှိစမြဲပါ။ ဘာမဟုတ်တာလေးကိုလည်း တစ်ခါတလေ ငြင်းခုံနေကြသည် ။

'ဆေးကြိုသောက်ထားတာ ကောင်းပါတယ်'

နေနိုင်က တစ်ယောက်တည်း ဆုံးဖြတ်ရေရွတ်သည် ။

'အမယ်လေး. . . ဆရာဝန်ကြီးရယ်၊ မသောက်ပါရစေနဲ့ ၊ မေမေက သားရဲ့ မေမေပါ၊ သိပါတယ်၊ မလိုပါဘူး'

'တုပ်ကွေးဖြစ်မယ်နော် မေမေ'

'ဘယ်တုန်းက မေမေဖျားဖူးလို့ လဲ'

မေမေက ဂုဏ်ယူစွာပြောသည် ။

'ဟက်ဟက်. . . ကြည့်ရသေးတာပေါ့။ အခုချိန်က တုပ်ကွေးဖြစ်တဲ့ အချိန်။ မေမေမိုးရေတွေရွှဲနေအောင်မိလာတာ'

'ကြည့်ပေါ့'

မေမေက သူ့ကိုစိန်ခေါ်လိုက်သည် ။

'ဖျားကိုဖျားမှာ '

Scanned by CamScanner

'စောင့်ကြည့်ပါဦးသားရယ်'

'သားမသိအောင် မေမေဆေးတွေမသောက်နဲ့ နော်'

စိန်ခေါ်ထားပြီးပြီမို့ သူကရှုံးမှာ စိုးစွာ ပြောမိလေသည် ။

'မသောက်ပါဘူး'

မေမေက သူ့ကိုရယ်နေသည် ။ မေမေ့ရှေ့မှာ တော့ သူက ကလေးလေးပါပဲ။

'ကဲ. . . မေမေဘယ်သွားတာလဲ'

'ဒီလိုပေါ့သားရယ်။ အလုပ်ကိစ္စလေးတွေရှိလို့ '

ရေရေရာရာ မဖြေပါ။ ဆက်မေးနေလည်း အပိုပါပဲ။ သူကတိတ်ဆိတ် နေလိုက်၏။ ကားမောင်းပို့သော ဘကြီးမှူကိုမေးလျှင် တိတိကျကျသိရမှာ ပါ။

သူတစ်ချက်ပြုံးလိုက်၏။

မေမေ့ထက်လျှင်မှ ဖြစ်မည်။ မေမေနှင့်သူက ဘာကိုမဆို ယှဉ်ပြိုင်နေကျပါ။ မသိသောကိစ္စတစ်ခုကို ဖော်ထုတ်ဖို့ နည်းလမ်း ရှာတတ်ရမည်။

*

Scanned by CamScanner

ဘေးနားလာရပ်သောသူ့ကို ဘကြီးမှုံက တစ်ချက်ပဲကြည့်ပြီး ရေပိုက်ကလေး သွားဆွဲယူ လာပြီး ကားဆေးနေသည် ။

နေနိုင်က ကားဆေးနေသော ဘကြီးမှုံကို ရပ်ကြည့်နေ ဖြစ်၏။

အားပါး. . . ပါး. . ကားဘီးမှာ ရွှံ့တွေမနည်းပါလား။ လှမ်းကြည့်ကာ မျက်လုံးပြူးမိသည် ။ သည် နားဟိုနားသွားတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါ။

ဘကြီးမှုံက ကားဘီးတွေဆေးနေရင်းက သူ့ဆီတစ်ချက် ဝေ့ကြည့်သည် ။

'အပြင်သွားမလို့ လားလူလေး' ဟု ကွမ်းဝါးရင်းမေးလာသည် ။

'ရွှံ့တွေတော်တော်ပေလာပါလား' ဟု သူက စကားစသည် ။ ဘကြီးမှုံက ဘာမှ မတုံ့ပြန်။ စိတ်တိုစရာကောင်းပါသည် ။

'ဘကြီးမှုံ ဘယ်အထိမောင်းထားတာလဲ'

'ရပါတယ်၊ လူလေးဘယ်သွားချင်သလဲ၊ သန်လျင်လား' ဟု မေးခွန်းကို ကွေ့ရှောင်ကာ ပြန်မေးလေသည် ။ တစ်ခါတလေသူက သန်လျင်အိမ်သွားလျှင် ဘကြီးမှုံကိုခေါ်သွားတတ်သည် မဟုတ်လား။

'မသွားပါဘူး. . . ကားကို ဆီဖြည့်ရမလားလို့ ပါ'

သူကလည်း ကွေ့ဝိုက်ကာ ဆက်မေးသည် ။

Scanned by CamScanner

'ဆိုရှိပါတယ်။ မလိုပါဘူး'

'မေမေတော့ မိုးမိပြီးနှာချေနေပြီ။ ဘကြီးမှုံရော..'

'ဘကြီးမှုံက ခံနိုင်ရည်ရှိပါတယ်'

နေနိုင်က ဘကြီးမှုံဘေးနားအထိ သွားကပ်ရပ်သည်။

'မေမေ ဘယ်သွားတာလဲဗျ'

တဲ့ တိုးပဲ မေးလိုက်၏။ ဘကြီးမှုံက မဖြေပါ။

'အလုပ်ကိစ္စတွေဆိုတော့ သွားတဲ့ နေရာက စုံနေတာပဲ'

နေနိုင် နှုတ်ခမ်းစေ့ကာ ပြုံးလိုက်၏။

မေမေက ဘကြီးမှုံကို သေသေချာချာ ပိတ်ထားပုံရလေသည်။

'သားရေ...ကားဆေးနေတာရေစိုဦးမယ်..လာခဲ့'

ဧည့်ခန်းဝမှာ ရပ်ပြီး မေမေကလှမ်းခေါ်သည်။ မေမေ့မျက်နှာက သူ့ကို ရယ်ချင်ပုံရလေသည်။

နေနိုင်ချို့ ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

လုံးဝမသိစေချင်လေ သူကပိုသိချင်လေပါ။ စိတ်ထဲမှာ တကြွကြွနှင့် တအုံအုံနွေးနွေး ဖြစ်လာသည်။

သိအောင်တော့ လုပ်ရပါမည်။

'လာ..သားအတွက် ကော်ဖီဖျော်ထားတယ်'

မေမေက သူ မှုန်ကစ်နေတာကိုသိပေမယ့် ကျေနပ်အောင် ဘာမှ မပြောပေ။

ကိုယ့်အမေကို မသင်္ကာလို့ နောက်ကလိုက်ကြည့်ရတော့မလို ဖြစ်နေ

Scanned by CamScanner

ပါရောလား။

မေမေ့ကို သူငေးကြည့်နေမိသည် ။ မေမေ့အမူအရာက ခါတိုင်းလိုပင်။ ဘာမှ မထူးခြား။ ပျော်ရွှင်နေပုံလည်း မရ။

တစ်သက်လုံး လေးစားခဲ့ရသော မေမေပါ။ သူ မေမေ့ကို အမြဲရိုသေပါသည် ။

'သောက်လေ သားရဲ့ '

ကော်ဖီကို စိတ်မပါတပါသောက်ပြီး အပေါ်ထပ်ပြန်တက်လာခဲ့သည် ။ စာအုပ်ဖတ်နေပေမယ့် စိတ်တွေက မတည်ငြိမ်။ အတွေးပေါင်းစုံနှင့်မို့ စာအုပ်ပြန်ချပြီး အောက်ထပ်ကို ပြန်ဆင်းလာခဲ့သည် ။

မေမေ့ကို ရှာမိသည် ။ ဧည့်ခန်းမှာ ရော. . . ထမင်းစားခန်းမှာ ပါ. . . မေမေမရှိ။ မေမေ ခြံထဲဆင်းသွားပုံရလေသည် ။ သူတိတ်တဆိတ် လိုက်လာခဲ့၏။ မေမေက သစ်ခွပင်ကလေးဘေးမှာ ခုံကလေးချပြီး မြက်ခင်းပြင်ကို တငေးတမောကြည့်နေသည် ။ သူအနားရောက်လာတာကိုမသိ။

သူက မေမေ့ကိုအသံမပေးဘဲ အကဲခတ်နေမိသည် ။

မေမေ့နှုတ်ခမ်းတွေက တဖြည်းဖြည်းချင်း ပြုံးလာ၏။ ချိုသာနူးညံ့သောအပြုံးများ မို့ သူတအံ့တဩ ရပ်ကြည့်နေမိပါသည် ။

နောက်တော့ မေမေက တဟင်းဟင်းနှင့် ညွတ်နူးစွာရယ်သည် ။

'ဟင်'

နေနိုင် ထိတ်ခနဲ ဖြစ်၏။ အကြောင်းမဲ့သက်သက် မေမေရယ်နေပါရောလား။

Book Sharing

Scanned by CamScanner

ပြီးတော့ မေမေက တဖြည်းဖြည်းမဲ့ လာပြီး မျက်ရည်ကျလေသည် ။

'ဗုဒ္ဓေါ'

သူ တိုးတိတ်စွာ ရေရွတ် ဘုရားတ၏။

မေမေ ဘာဖြစ်ပါလိမ့်။ ခုရယ်လိုက် ခုငိုလိုက်နှင့်။

နေနိုင့်ရင်ထဲ မွန်းကြပ်သွားရသည် ။ ဘာကိုမှန်းမသိပေမယ့် မေမေ့အတွက် စိတ်ပူမိသည် ။ ထိတ်လန့်မိသည် ။

ပြင်းပြင်းထန်ထန် ခံစားနေရတာ နားလည်သည် ။ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေမှန်း သိသောအခါ မေမေ့ကို သူမနှောင့်ယှက်ချင်ပေ။ မေမေအသိပေးတိုင်ပင်လာမည့်အချိန်ထိ စောင့်ကြည့်ချင်သည် ။

ရင်ထဲလေးပင် နုံးခွေစွာနှင့် သူအိမ်ထဲပြန်ဝင်လာခဲ့သည် ။

တည်ငြိမ်ရင့်ကျက်သော မေမေ့ကိုဘယ်အရာက လှုပ်ခါဖြောင်းဆန်စေသလဲ။ အေးငြိမ်းညင်သာသော မေမေ့ကို ဘယ်အရာက ဆောက်တည်ရာမရ သွေးပျက်စေသလဲ။

မိသားစုဆိုလို့ နှစ်ဦးတည်းရှိသော သူ့အတွက် မေမေဟာ တစ်ဦးတည်းသောအဖော်ပါ။

မေမေ့ကို အားပေးနှစ်သိမ့်ချင်ပါသည် ။ မေမေ့ဆန္ဒဆို ဖြည့်စွမ်းပေးလိုက်ချင်ပါသည် ။

မေမေဘာကို ကြည်နူးနေတာလဲ။

မေမေ ဘာကိုကြေကွဲနေတာလဲ။ သူတွေးမရပါ။

သူတို့ မှာ မေမေငိုလောက်စရာ ကြီးမားသည့်ပြဿ နာမရှိ။

'ဟူး'

Scanned by CamScanner

သက်ပြင်းမောကို အသံထွက်ရှိုက်သည် ။

ဘကြီးမှုံကလည်း မေမေ့စကား နားထောင်သည် ။

မေမေမပြောစေချင်သော အကြောင်းအရာကို နှုတ်လုံစွာထိန်းထား သည် ။

သူကလည်း ဇွတ်မမေးချင်ပါ။

မေမေပိုပြီး စိတ်ရှုပ်သွားမှာ စိုးလို့ ပါ။

'ကြီးစိန်'

'သား. . . ဘာတုံး'

'မေမေ နေကောင်းရဲ့ လားမသိဘူး'

ကြီးကြီးစိန်ကို သူ ဖွင့်ဟမေးမိသည် ။

'အင်း. . . သူ ညညဆိုတော်တော်နဲ့ မအိပ်ဘူး. . ဝရန်တာမှာ ပဲ ထွက် ရပ်နေတတ်တယ်။ တစ်ခါတလေလည်း ငိုနေတတ်တယ်သားရယ်'

'ခင်ဗျာ'

နေနိုင် တုန်လှုပ်အံ့ဩသွားရ၏။ သူ့လစ်ဟင်းမှုပါပဲ။

သူ မေမေ့ကို ဂရုမစိုက်သလိုဖြစ်သွားရပါပြီ။

ကြီးစိန်ပြောပြမှ သူကသိသည် ။

'သားကို ဘာလို့ မပြောတာလဲ ကြီးစိန်ရဲ့ '

'သား သိတယ်ထင်လို့ ပါ'

'မေမေ နေမကောင်းဘူးထင်ပါရဲ့ '

Scanned by CamScanner

နေနိုင်ချို ဘာလုပ်ရမှန်းမသိတော့ပေ။ စိတ်တွေ နောက်ကျိရှုပ်ထွေး ပူလောင်သွားရ၏။

အေးဆေးငြိမ်သက်နေသော အနေအထားက ရုတ်တရက် ပြောင်းလဲသွားလေသည် ။

မေမေ အစက သည် လိုမဟုတ်ပါ။

ဘယ်လိုဝေဒနာတွေ မေမေ့ရင်ထဲ ရောက်နေပါလိမ့်။

သူ အရေးတကြီး သိချင်လာတော့သည် ။

*

Scanned by CamScanner

'ဟီ. . . ဟီ. . . ဟီ'

ဆန်ခါအနီရဲလေးထဲကို မြင်းခွာရွက်တွေခြွေထည့်ရင်း တစ်ယောက်တည်း ရယ်နေမိသည် ။

စိတ်ကူးထဲမှာ ကြည်ဖြူနွေးက တကယ့်အပျံစား။ မင်းသမီးလေးတစ်ဦးလို တောက်ပရှင်းကျော့နေသည် ။

'ခစ်. . . ခစ်. . . ခစ်'

ကားအသစ်ကြီးဘေးနားမှာ ရပ်ပြီး လောကကြီးကိုပြုံးကြည့်နေရတာ အရသာရှိလှပါဘိ။

'ဟိတ်. . . ကြည်ဖြူ'

'အမေ့'

ကိုလေးက ဘယ်အချိန်အနားရောက်လာမှန်းမသိဘဲ ခပ်ကျယ်ကျယ် အော်လိုက်သောအခါ လန့်ဖျပ်သွားရပါသည် ။

စိတ်ကူးလှလှလေးတွေ ကမောက်ကမဖြစ်ကုန်၏။

'ဘာလုပ်နေတာလဲ. . . တစ်ယောက်တည်း ရူးနေလားဟ'

ကိုလေးမေးပုံကို အောင့်သွားရပါသည် ။

'အရူးမ. . . မြန်မြန်ခူး. . . ငါ့ အင်္ကျီမီးပူတိုက်ပေးစမ်း. . . ငါသွားစရာရှိတယ်ဟ'

Scanned by CamScanner

ကိုလေးက ရွတ်ချလိုက်တာ နင့်နေသည်။

'မရူးပါဘူး'

'မရူးရင် ရယ်မလား။ အကြောင်းမရှိဘဲရယ်ရင် အရူးပဲ'

'အကြောင်းရှိလို့ ပေါ့'

'ဘာအကြောင်းလဲ'

'ကြည်ဖြူက သူဌေးမကြီးအဖြစ် စိတ်ကူးယဉ်နေတာ'

'ဘာ'

ကိုလေးက ပိုပြီး နားရှုပ်သွားပုံရလေသည်။

'အဲဒါ... ကိုလေးနားမလည်ပါဘူး'

'အေး... ထားတော့။ အခုအရေးကြီးတာ အကျိုမ်းပူတိုက်ဖို့ '

'ခဏလေးပါ။ ဒေါ်လေးက မြင်းခွာရွက်သုပ်ဖို့ ဆင်းနူးခိုင်းတာ'

'မစောင့်နိုင်ဘူး... ထားခဲ့လိုက်။ ပြီးမှ ပြန်လာနူး'

'ခဏလေးပါဆို'

'ဟာ'

ပြောသလိုမလုပ်သော ကြည်ဖြူကို ကိုလေးက ခေါင်းခေါက်ဖို့ ရွယ်သည်။

'ခုတိုက်ပေးမယ်... ဘာမှန်းမသိဘူး'

ဆန်ခါလေး လက်ထဲပိုက်ပြီး ကြည်ဖြူ အိမ်ပေါ်ပြေးတက်လာရသည်။

Book Sharing

Scanned by CamScanner

'ကြည်ဖြူ. . . ဘာဖြစ်လာတာလဲ'

ကိုကြီးကို အိမ်အဝင်မှာ တိုက်မိမတတ်မို့ အဆူခံရတော့သည် ။

'သရဲတွေ့လာလား။ ခွေးလိုက်လာလား'

'မဟုတ်ပါဘူး ကိုကြီးရဲ့ '

'လာဦး. . . ငါ့ကိုထမင်းခူးပေးစမ်း. . ငါသွားစရာရှိတယ်'

'ဟင်'

ကိုကြီးကလည်း အလောတကြီး။ နှစ်ယောက်စလုံး အလျင်လိုနေကြသည် ။ ကြည်ဖြူက ဘာကို အရင်လုပ်ပေးရမှာ လဲ။

'ကိုလေးက အကျီမီးပူတိုက်ခိုင်းလို့ ' ဟု ပြောမိသောအခါ. . .

'ဟာ. . . မဖြစ်ဘူး။ ထမင်းအရင်ခူး ဘာမှ မကြာပါဘူး။ ပြီးမှ တိုက်ပေးလိုက်ပေါ့' ဟု ဆိုသည် ။

အဲဒီအချိန်မှာ ပဲ ကိုလေးရောက်လာကာ. . .

'သွားတိုက်တော့လေ။ ဘာလုပ်နေတာလဲ' ဟု ဟောက်၏။ ကြည်ဖြူစိတ်ရှုပ်သွားမိပါသည် ။

ဘယ်သူ့အမိန့်ကို နာခံရမှာ လဲ။

'ဘာအရင်လုပ်ရမှာ လဲ. . . မသိတော့ဘူး'

'မီးပူအရင်သွားတိုက်'

'ထမင်းအရင်ခူး'

နှစ်ယောက်စလုံး ပြိုင်တူတောင်းဆိုသည် ။

'ဟ. . . သွားစရာရှိတယ်ကွ'

Scanned by CamScanner

'ကျွန်တော်လည်း ချိန်းထားပြီးသား'

'ထမင်းခူးတာ ဘာကြောလို့ လဲ'

'မီးပူတိုက်တာ တစ်ထည်တည်းများ မကြာပါဘူး'

'မင်းကပ်လှချည်လား'

'ကိုကြီးကလည်း ကျွန်တော်အရင်ခိုင်းထားတာ'

'မင်းက အစ်ကိုလား. . . ငါကအစ်ကိုလား'

'ဘာမှ မဆိုင်ဘူး'

တစ်ယောက်တစ်ခွန်း စကားတွေ များကုန်တော့သည် ။ အသံတွေ ကျယ်လာ၏။ ဒေါသတွေပါလာ၏။

မလွယ်ပါလား ဒီအစ်ကိုနှစ်ယောက်။

ကြည်ဖြူ ကမန်းကတန်းပြေးပြီး ထမင်းခူးပေးကာ မီးပူတိုက်သည် ။

သူတို့ ခုထက်ထိပြဿနာဖြစ်နေကြတုန်း။ ရှင်းမရဘဲရှိနေတုန်း။

'ရပြီ. . . ရပြီ။ ထမင်းလည်း ခူးပြီးပြီ။ မီးပူလည်း တိုက်ပြီးပြီ' ဟု ဆိုတော့မှ သားနှစ်ယောက်ရန်ဖြစ်မှာ စိုးရိမ်စိတ်နှင့် ဖျန်ဖြေတတ်သော ဒေါ်လေးက စိတ်အေးသွားပုံရလေသည် ။

'နောက်တစ်ခေါက် ကိုယ့်အလုပ်ကိုယ်လုပ်။ ကြည်ဖြူ ဘာမှ မလုပ်ပေးနဲ့ ကြားလား။ အလကား. . . အပျင်းတွေ။ ခိုင်းတာတောင် သူအရင်. . . ငါအရင်လုပ်နေတယ်။ ကိုယ့်တာဝန်ကိုယ်ယူ။ သမီးကို မခိုင်းကြနဲ့ '

ဒေါ်လေးက ဒေါသတွေဖြစ်သွားသလောက် ဟိုနှစ်ယောက်က ငြိမ်ကုပ်ပြီးထွက်သွားကြသည် ။

Scanned by CamScanner

'သမီး ကြည်ဖြူ'

'ရှင်'

'ဘာလို့ သူတို့ အလုပ်တွေ လုပ်ပေးရမှာ လဲ. . . အစကတည်းက မအားဘူးလို့ ပြောလိုက်။ အကျင့်ပါသွားမယ်။ ဘာမဟုတ်တာလေးကအစ. . . အိမ်မှာ အဆင်သင့်လိုချင်တယ်။ နည်းနည်းလေးမှ မညာဘူး'

ကြည်ဖြူနွေးက ဒေါ်လေးကိုပြုံးပြမိသည်။

'ဒေါ်လေး. . . လုပ်လည်း လုပ်ပေးရသေးတယ်။ သမီးကိုထပ်ဆူဦးမလို့ လား' ဟု သတိပေးမှ ဒေါ်လေးတိတ်သွား၏။

ဒါတောင် မြင်းခွာရွက်သုပ်ရင်းက ဗျစ်တောက်ဗျစ်တောက် လုပ်နေသေးသည်။

ကြည်ဖြူက ခြံထဲပြန်ဆင်း လာပြီး မြင်းခွာရွက် ထပ်ခူး၏။ အိမ်ပေါ်ပြန်တက်လာတော့. . . .

'မေမေ. . . လျှော့မတွက်နဲ့ ၊ အဲဒီကောင်မလေး မလွယ်ဘူး။ သူဌေးမကြီးအဖြစ် စိတ်ကူးယဉ်ပြီးရယ်နေတာ. . . မေမေဘာသိလဲ'

ကြည့်စမ်း. . . အရေးတကြီးချိန်းထားသည် ဆို၍ မီးပူကမန်းကတန်းတိုက်ပေးလိုက်ရတာ။ ခုတော့ ကြည့်စမ်း ကြည်ဖြူကို ဒေါ်လေးနှင့် အတိုင်အတောထူနေပါရောလား။ စေတနာရှိချင်စရာ။

ကြည်ဖြူတက်လာတာ မြင်သောအခါ. .

ကိုလေးက. . .

'သူဌေးမကြီးအဖြစ် စိတ်ကူးမယဉ်နဲ့ ဟေ့. . သူဆင်းရဲမကြီးအဖြစ် တစ်ခေါက်လောက်တွေးကြည့်ဦး. . . ဘဝင်လေဟပ်မရဲ့ '

Scanned by CamScanner

'တောက်'

ကြည်ဖြူ. . ကိုလေးကိုမကျေမနပ် ဖြစ်သွားရသည် ။ သူများ တကာကိုများ ချိုးချိုးဖွဲ့ဖွဲ့ သူဆင်းရဲမကြီးတဲ့ ။ မုန်းစရာကောင်းလိုက်ပါဘိ။

စောစောတုန်းက စကားများ ထားပြီး မျက်နှာကြီးပုပ်နေသော ကိုကြီးပင် ကြည်ဖြူကိုလှမ်းကြည့်ကာ မနေနိုင်ဘဲပြုံးသွား၏။

*

Scanned by CamScanner

တဖွဲဖွဲရွာလာသောမိုးကြောင့် လက်ထဲကိုင်ထားသော ထီးကလေးကို ဖွင့်သည် ။

အေးစိမ့်သောလေပြည်လေးက တိုးဝှေ့တိုက်ခတ်လို့ နေသည် ။

နေရောင်လုံးဝမရှိသော ကောင်းကင်က စူးရှမှုမရှိဘဲ အေးမြသန့်စင်နေသည် ။

မိုးဖွဲလေးတွေသာ ရွာချနေတာ. . . ကောင်းကင်ပြင်က အုံ့ဆိုင်းမနေ။ အင်မတန်သာယာသော ညနေခင်းဟု ဆိုရမည်။

တစိမ့်စိမ့်မိုးလေးက စိတ်ကို နူးညံ့သွားစေပါသည် ။

မနေ့တုန်းက စိတ်ညစ်ခဲ့သောအကြောင်းအရာက ရာသီဥတုအပြောင်းအလဲကြောင့် စိတ်ညစ်စရာမဟုတ်တော့ဘဲ ကြည်နူးစရာလိုလို ဖြစ်ခဲ့ပါသည် ။

မဖတ်ချင်ပါဘူးဟု ဘယ်လိုပဲငြင်းငြင်း ဒေါ်လေးရှေ့မှာ ကြည်ဖြူလက်ထဲရအောင်ထည့်သွားသော အင်္ဂလိပ်စာအုပ်အထူကြီးနှစ်အုပ်ကို မတတ်သာဘဲ ယူသာထားလိုက်ရတာ. . . ဖတ်မှာ မဟုတ်ဘူး ဆိုတာ. . . ပိုင်သူလည်း သိလောက်သည် ။

သူ့ခံစားမှုတွေကို ရင်ထဲရှိသမျှ ဖွင့်ချရေးထားသောစာကို စာအုပ်ကြားထဲညှပ်ပေးထားတာ ကြည်ဖြူသဘောပေါက်ပြီးသား။

ကြည်ဖြူက သူ့ကို ငါးကြိမ်တိတိငြင်းခဲ့ပြီးသားပါ။

Scanned by CamScanner

'ဟင့်အင်း ဆိုသော စကား၏ အဓိပ္ပာယ်ကို ပိုင်သူ တကယ်ပဲနားမလည်ဘူးလား။ ဘာလို့ များ ဇွတ်ဖွဲကောင်းနေရပါလိမ့်။

သူဇွဲကောင်းမှုက ကြည်ဖြူကို စိတ်အနှောင့်အယှက် ဖြစ်စေပါသည်။ လက်မခံနိုင်သော လူတစ်ယောက်ကို အချိန်ဆွဲထားဖို့ လည်း စိတ်မကူးပါ။

ကြိုးရှည်ရှည်နှင့် လှန်ထားသည် ဆိုတာ ကြည်ဖြူ့ဘဝမှာ မရှိ။

ပိုင်သူ့ကိုမှ မဟုတ်။ ဘယ်သူ့ကိုမှ ကြည်ဖြူလက်မခံချင်။

ဟော...

ရေ့တည်တည်မှာ မိုးကာအင်္ကျီ အပြာရင့်ရင့်နှင့်လျှောက်လာနေသော ပိုင်သူကို ဘွားခနဲတွေ့သည်။

သူမ ပြုံးမိသည်။ အိမ်အထိသွားပေးစရာမလိုတော့ပေ။ ပိုင်သူညိမ တွေနှင့် ကြည်ဖြူကတည့်တာမဟုတ်ပါ။

တစ်ဦးမေတ္တာတစ်ဦးမှာ . . . ကြည်ဖြူကကြည့်မရသလို၊ သူတို့ ကလည်း အမြင်ကတ်သည်။

ဒါတောင် ပိုင်သူက ဇွဲမလျှော့ချင်သေး။

'ကြည်ဖြူ'

ရေ့တည်တည်မှ ခြေစုံရပ်ပြီး ထီးအမိုးအောက်ထဲဝင်လာသောအခါ. . . အလွန်ကပ်သွားတာကြောင့် နောက်တစ်လှမ်း ဆုတ်မိသော်လည်း . . . ထီးအရိပ်လွတ်သွားတော့ သူ့ကို အားတုံ့အားနာ ဖြစ်ရလေသည်။

စိတ်ဆိုတာ ယိမ်းယိုင်လွယ်ပါသည်။ အခုနှင့် တော်ကြာမတူ။.

Scanned by CamScanner

တော်ကြာနှင့် နောက်တစ်အောင့်မတူ။ အချိန်တိုင်းမှာ လျင်မြန်စွာပြော င်းလဲနေတာ. . စိတ်။

ငါးကြိမ်တိတိ'ဟင့်အင်း' ဟု ငြင်းဆန်နိုင်ပေမယ့်. . . ခြောက်ကြိမ်မြောက်မှာ ခေါင်းညိတ်မိလျက်သား ဖြစ်သွားနိုင်သည် ။

'ကြည်ဖြူရယ်. . . ပိုင့်ကိုဆို အမြရက်စက်သွေးအေးနိုင်တယ်'

သူ့ရေရွတ်သံက နာကျင်မှုပါသည် ။ ကြည်ဖြူ မပီပြင်စွာပြုံးမိသည် ။

'စာအုပ်တွေ ပြန်လာပေးတာ'

သူက ဆတ်ခနဲခေါင်းညိတ်သည် ။ လက်ထဲကစာအုပ်တွေကို မြင်ပြီး သားပဲမဟုတ်လား။ ကြည်ဖြူပြောစရာပင်မလိုပါ။

'ကြည်ဖြူ. . . ပိုင်က အဲဒီလာမလို့ '

'ဒီလိုမှန်းသိ အိမ်ကပဲစောင့်ပါတယ်'

'လမ်းမှာ တွေ့ရတာ ပိုင်က ပိုကျေနပ်တယ်'

ခေါင်းစွပ်ပါသော မိုးကာအင်္ကျီမို့ ဆံပင်တွေကို မမြင်ရဘဲ၊ သူ့မျက်နှာတစ်ခုတည်းသာတွေ့ရလေသည် ။ အသက်ပါလွန်းသောမျက် လုံးများကို ကြည်ဖြူကြာကြာ ဆုံမကြည့်ရဲပါ။ အငိုက်မိပြီး ကျရှုံးသွားမှာ စိုးလှသည် ။

'ရော့လေ. . .'

သူက လှမ်းမယူသေးဘဲ ငေးစိုက်ကြည့်နေတော့ ကြည်ဖြူက မိုးတစ် ပေါက်ပေါက်ကျနေသော မြေကြီးဆီအကြည့်စိုက်ထား၏။

သူ့ရှေ့မှာ နေရခက်သည် ။

ရင်ထဲမှာ မွန်းကြပ်လာသည် ။

Scanned by CamScanner

'ကြည်ဖြူ'

ခဏခဏခေါ်နေတာကို နှုတ်ခမ်းလေးဖိကိုက်ကာ၊ အလိုမကျချင်။

'ပိုင့်ကို မချစ်ဘူးလား'

မေးပြန်ပြီ။ ထပ်တလဲလဲ၊ ငြင်းရတာအားနာလှပါပြီ။

'အဲဒါတွေ မစဉ်းစားချင်သေးဘူး'

'ညက ပိုင်တစ်ညလုံး အိပ်မရဘူး။ ကြည်ဖြူကို သတိရနေတယ်'

စာထဲမှာ လည်း ပါပြီးသားအကြောင်းအရာ။ သိထားပြီးသားပါ။

'ကြည်ဖြူ . . . ပိုင့်ကိုမယုံဘူးလား'

'ပြောမိလို့ လား'

'ဒါဆို ဘာလို့ ငြင်းတာလဲ'

သူက ကြည်ဖြူမျက်နှာလေးကို မိမိရရစိုက်ကြည့်နေသည် ။ စောင့်နေသည် ။

'ဘယ်သူ့ကိုမှ အခုချိန်မှာ မချစ်ချင်သေးဘူး'

ကြည်ဖြူအသံလေးက အဖျားခတ်တုန်ယင်သွားရသည် ။

'ကြည်ဖြူ . . . ပိုင်က ကြည်ဖြူကိုတကယ်ချစ်တာပါ'

ဟုတ်များ ဟုတ်မလားဟု ပိုင့်မျက်လုံးတွေကို မရဲတရဲကြည့်မိပါသည် ။

'ကြည်ဖြူလည်း ပိုင်ကိုချစ်ပါတယ်'

'အို မဟုတ်ဘူး '

Scanned by CamScanner

ထိးကိုင်ထားသော လက်ကို ရုတ်တရက်ဖမ်းဆုပ်ပြီး ထိးအောက်ကို ငုပ်လျှိုးဝင်လာသော အပြုအမူမှာ မြန်ဆန်လွန်းတာကြောင့် ရှောင်ချိန်ပင်မရပါ။

'ကြည်ဖြူ. . . ဘာလို့ ပိုင့်ကို ရက်စက်ချင်တာလဲ ဟင်'

လက်တစ်ဖက်က သူမပခုံးကိုဖိအုပ်လျက်. . ကျန်လက်တစ်ဘက်က ထိးကိုင်ထားသော လက်ကလေးကို ဆုပ်ထွေးထားသည်။

'ဟင့်အင်း. . . ဖယ်ပါ'

ရှက်ရွံ့ထူပူစွာ ကြည်ဖြူငြင်းမိသည်။

အတင့်ရဲသော အပြုအမူက လမ်းမှာ လူရှင်တိတ်ဆိတ်နေတာကြောင့်လား။ တစွတ်စွတ်ရွာနေသော မိုးကြောင့်လား။

'ကြည်ဖြူ. . . ပိုင်အရမ်းချစ်တယ်'

'ပိုင်'

တိုးတိုးဖွဖွခေါ်သံမှာ ဒေါသမပါ။ အမျက်မပါ။ ရှက်သံလေးသာ ကပ်ပါလာခဲ့၏။

'ကြည်ဖြူရယ်. . . ချစ်တယ်'

မိုးတွေကပိုပြီးသည်းလာသလိုရှိလေသည်။

'ချစ်တယ်ကွာ'

ပိုင့်အသံက လှုပ်ရှားတုန်ယင်နေသည်။

'ဟင့်အင်း. . . ဖယ်တော့ကွာ'

ကိုယ်လေးကို သူ့ရင်ခွင်မှ ရုန်းထွက်မိသည်။ မျက်နှာလေးထူပူစွာ

Scanned by CamScanner

ဘယ်နေရာ ပြေးပုန်းရမှန်းမသိအောင် ရှက်စိတ်မွှန်သည် ။

'ကြည်ဖြူ'

'ဟင့်အင်း ဆို'

သူ့စာအုပ်နှစ်အုပ်ကို သူ့လက်ထဲထည့်ပေးလိုက်သည် ။ ဝဲခနဲဝဲခနဲ မြောက်တက်လာသော သူ့လက်တွေကို ကြည်ဖြူလန့်ဖျပ်မိ၏။

'အင့်. . .'

ကြည်ဖြူ့လက်ထဲရှိနေသော ထီးပါ သူ့ပေးလိုက်သည် ။ ပိုင်က ခပ်တိုးတိုးရယ်သည် ။ ကြည်ဖြူ အရှက်သည်းပုံလေးက ရယ်ချင်စရာ။

'ပိုင်တို့ လမ်းလျှောက်ကြရအောင်'

'အင်း. . .'

ထီးဆောင်းပေးထားသော သူ့မိုးကာအင်္ကျီလက်ကြားထဲ ကြည်ဖြူ့လက်ကလေး လျှိုသွင်းကာ. . . စိတ်ပါလက်ပါ မှီလျှောက်မိသည် အထိ ဖြစ်သွားရသည် ။ စိတ်တွေထိန်းချုပ်ထားခဲ့ရတာကြာလှပါပြီ။

ပျော်စရာတော့ ကောင်းသား။

'ချစ်လား'

'ဟင့်အင်း. . .'

သူ့ကိုမော့ကြည့် ခေါင်းခါပြသော ကြည်ဖြူ့ကို ပိုင်နမ်းဖူးချင်းလာတိုက် သည် ။

'ပြော. . . ချစ်တယ်လို့ '

ကြည်ဖြူက နှုတ်ခမ်းလေးစူပြီးကာ အနိုင်ပိုင်းထားလိုက်ပါသည်

Book Sharing

Scanned by CamScanner

။

'ပြော'

'ပြောဘူး'

'ပြောဆို'

'ပြောချင်သေးဘူးကွာ'

'မရဘူး . . . ခုပြော'

'ဟင့်အင်းဆို'

ဝိုင်က ကြည်ဖြူကို မျက်လုံးပြူးနှင့်ကြည့်၏။

'သွား . . . ဒါဆို လာမမှိန်နဲ့ '

'ဟင် . . . '

ကြည်ဖြူက မတ်ခနဲဖြစ်သွားပြီး သူ့လက်မောင်းကိုထုပစ်သည် ။

'မချစ်ရင် ဘာလို့ လာကပ်နေလဲ'

'မသိဘူး'

'ရှိုး . . ချည်းပဲ'

'အမယ် . . . '

ကြည်ဖြူက မျက်စောင်းရှယ်သည် ။ ရှိုးများ တယ်ပြောတော့လည်း မကြိုက်ချင်။

'ရှင်သာ ငါးပိချည်းပဲ။ ငါးပိများ နေတာ'

'ကြဲကြဲဖန်ဖန်'

Scanned by CamScanner

'ဟုတ်တယ်. . . ရှင့်မေမေက ပိုက်ဆံချမ်းသာပေမယ့် ကပ်စေးနဲ့ပြီး ငါးပိပဲအမြဲစားနေတာ။ အဲဒါကြောင့် ရှင်ကငါးပိများ နေတာပေါ့'

ကတ်သီးကတ်သတ် ပြောပုံလေးကို ပိုင်က သဘောကျစွာရယ်သည်။

'ဟော့. . . ဘာလို့ အာပြဲကြီးနဲ့ ရယ်နေရတာလဲ'

'ငါးပိများ တယ် ဆိုလို့ ပါ'

'ပဲတောင် ဈေးကြီးလို့ မစားဘူး မဟုတ်လား'

ကြည်ဖြူက မခံချင်အောင် မေးနေသည် ။ တကယ်လည်း ပိုင်တို့ အိမ်နှင့် ကြည်ဖြူတည့်မှ မတည့်ပဲ။ အဆင်ကိုမပြေ။

'ချစ်လားကွာ. . . ပြော'

စကားလွှဲမခံဘဲ မရအရမေးနေသည် ။

'ချစ်ဘူး'

နှုတ်ခမ်းလေးချွန်ကာ တိုးတိုးရေရွတ်ခေါင်းခါဟန်ကို အံတင်းတင်းကြိတ်ကာ မနည်းကြီးစိတ်ထိန်းရသူက ပိုင်သူ။

မချင့်မရဲစိတ်က အင်နှင့်အားနှင့်ဖြစ်လာ၏။ အတွေးထဲမှာ သူတော်တော်ကြမ်းသွားမိပါသည် ။ ကြည်ဖြူကတော့ သူ့အတွေးရိုင်းတွေကို သိမှာ မဟုတ်။ ကြည်ဖြူ့အပြုံးလေးက ပကတိဖြူစင်လွန်းသည် ။ သူတစ်ဖက်လှဲကာ သက်ပြင်းမောရှိုက်ဖြစ်သည် ။

မေမေတို့ ဘာပဲပြောပြော သူက ကြည်ဖြူ့ကို နှစ်နှစ်ကာကာချစ်ရပါသည် ။ ချမ်းသာတာ၊ ဆင်းရဲတာ သူထည့်မတွေးပါ။

စိတ်ရှုပ်မိတာက အဆင်မပြေခြင်းကိုပါပဲ။ မေမေနှင့် ညီမလေးတို့ နှ

Scanned by CamScanner

င့် ကြည်ဖြူဘယ်တော့မှ မသင့်မြတ်ပေ။

သူတို့ ကြားမှာ ပြဿနာက အမြဲရှိနေတတ်သည် ။

မေမေတို့ နှင့် တည့်အောင်ပေါင်းဖို့ တဖြည်းဖြည်းတော့ စည်းရုံးရပါမည်။

ကြည်ဖြူကလည်း သူ့လက်မောင်းကိုချိတ်ဆွဲထားရင်းက တွေးနေမိသည် ။

သူ ကြည်ဖြူကို တကယ်ချစ်ရင် ဘာမဆိုရင်ဆိုင်ရဲရမည်။ ကြည်ဖြူ့ဘက်က ရပ်တည်နိုင်ရမည်။ သူ့မိသားစုကိုခွဲသင့်လျှင် ခွဲနိုင်ရမည်။

ကြည်ဖြူ့အချစ်တွေက သူ့အတွက်အင်အား ဖြစ်ရပါမည်။ သူ့ကို တဖြည်းဖြည်းနှင့် ကြည်ဖြူလိုချင်သောအနေအထားရောက်အောင် ပြောပြစည်းရုံးရပါမည်။

သူ့အစ်မတွေ၊ ညီမတွေနှင့် ဘယ်တော့မှ အဆင်ပြေမှာ မဟုတ်တာ ကျိန်းသေ။

ကိုယ့်ဘက်က အောက်ကျနောက်ကျ အလျှော့ပေးသည်းခံဖို့ လည်း တစ်စက်မှ စိတ်ကူးမရှိ။ ပိုင်သာ ကြည်ဖြူ့ဘက်မပါလျှင် ပိုင့်ကိုချက်ချင်း ကျောခိုင်းပစ်လိုက်မည်။

အဲဒီအတွက် ကြိုတင်ပြင်ဆင်ထားမိ၏။

မာကျောသော အဆင့်အတန်းခွဲခြားသော မိသားစုထဲကို ခေါင်းလေးငုံ့ကာ ဝင်ရောက်သွားဖို့ ဆန္ဒမရှိ။ ကြည်ဖြူက စိတ်ဓာတ်မဆင်းရဲပါ။ ခပ်ညံ့ညံ့မဟုတ်ပါ။ သူတို့ ကိုလည်း အထင်မကြီးပေ။

'ပိုင်'

Scanned by CamScanner

'ဟင်'

'အရေးကြီးဆုံးပြောစရာတစ်ခု ရှိတယ်'

'ပြော'

ကြည်ဖြူက နက်ရှုန်းသော မျက်လုံးများ နှင့် သူ့ကိုမော့ကြည့်လာသည်။

'ကြည်ဖြူမှာ ဘာမှ မရှိပါဘူး။ ဒါပေမဲ့ မာနတော့ရှိတယ်။ အဲဒါ ပိုင်သေချာနားလည်ထားရမယ်နော်။ မာနကိုထိလာရင် ကြည်ဖြူက ခံမှာ မဟုတ်ဘူး '

ပိုင် မျက်နှာပျက်သည်။ သက်ပြင်းရှိုက်သည်။

'ပိုင့်ကိုချစ်ရင် မာနကိုတတ်နိုင်သလောက် ချိုးနှိမ်ထားပါကွာ'

ကြည်ဖြူနွေးက ချစ်သူကျေနပ်အောင် ခေါင်းညိတ်သည်။

ဒါပေမဲ့ ပိုင်ရယ်. . .

မာနဆိုတာ ချိုးနှိမ်ရင်း ချိုးနှိမ်ရင်းနဲ့ တကယ်ပဲကျိုးကျသွားနိုင်တဲ့ အရာပါ။

ပြီးတော့ ကိုယ်က ချိုးနှိမ်ထားလွန်းရင်လည်း သူများ တကာက တကယ်ပဲ လာပြီး ချိုးချ၊ ခြေဖျက်နင်းလျှောက်သွားလိမ့်မည်။

ကြည်ဖြူမှာ ပိုင်ဆိုင်တာဆိုလို့ မာနပဲရှိပါတယ်။ အဲဒီမာနကို ထိန်းသိမ်းထားပါရစေ။ တန်ဖိုးထားပါရစေ။

ဒါမှ ကြည်ဖြူ့အနာဂတ်ကလေး လင်းလက်တောက်ပလာနိုင်မှာ ပါ။ ဒါတွေ ပိုင်သေချာမသိဘူး။

*

Scanned by CamScanner

ဒေါ်လေးက ညှေ့သည် ဆိုလို့ ကြည်ဖြူက ဘယ်သူများ ပါလိမ့်ဟု တွက်ကြည့်တာ။

ပိုင့်ညီမနှစ်ယောက် ဖြစ်နေသည် ။

'ဘာကိစ္စရှိလို့ လဲ'

ကြည်ဖြူက အေးစက်စက်မေးလိုက်သည် ။

'ကိုပိုင်နဲ့ ကိစ္စပေါ့'

'ပိုင့်ကိစ္စ. . . တို့ ပြောစရာမလိုပါဘူး။ သူ့ကိုပဲပြောသင့်တယ်'

တစ်ယောက်က ကြည်ဖြူ့ကို မြင်ပြင်းကပ်လှသလို မျက်စောင်းရှယ်သည် ။

'နင်နဲ့ ငါနဲ့ က အတန်းတူသူငယ်ချင်းပါ'

အကြီးမစကားက ဘာအဓိပ္ပာယ်ပါလိမ့်။

'ကိုပိုင်နဲ့ ပေါ်တင်ကြီးတွဲနေတော့. . . သူများ မြင်ရင်'

ကြည်ဖြူ့မွေးက မျက်နှာလေးမဲ့သွားသည် ။

ဟုတ်သည် ပဲ။

ကိုပိုင်က ယောကျ်ားလေးမို့ ထိခိုက်သွားနိုင်သည် ။

'ဘာပဲဖြစ်ဖြစ် နှစ်ယောက်စလုံး သိက္ခာထိခိုက်တယ်'

Book Sharing

Scanned by CamScanner

'ဘာပြောချင်လဲ၊ ရှင်းရှင်းပြော၊ လာတားနေတာလား..'

စိတ်မရှည်စွာ မာဆတ်ဆတ်မေးမိသည် ။

ခုလိုတွေ ရင်ဆိုင်ဖြေရှင်းရမည်ဆိုတာ သိထားပြီးသား။ သိ၍ လည်း ရှောင်ခဲ့တာ။

တတ်နိုင်သမျှ ရှောင်ခဲ့တာ။

သူတို့ အစ်ကိုက မရအရ ဇွတ်ကြိုးစား၊ ဖွဲကောင်းနေတာကိုး။

'တားခွင့်မရှိဘူး'

'ဒါဆိုဘာလဲ'

'မမေက တွေ့ချင်တယ်တဲ့ ခေါ်ခိုင်းလိုက်တယ်'

'ဟင့်အင်း... မတွေ့ချင်ပါဘူး'

ကြည်ဖြူနွေး ချက်ချင်းငြင်းသည် ။ အချိန်ယူစဉ်းစားစရာမလို။

'မကျေနပ်တာရှိရင် ပိုင့်ကိုပဲပြောပါ။ တားချင်ရင်လည်း ပိုင့်ကိုရအောင်တားကြည့်ပါ။ မဆိုင်ပဲနဲ့ လာပြောနေရင် သည်းခံမှာ မဟုတ်ဘူး '

ကြည်ဖြူနွေးအသံက အေးစက်ပြတ်သားနေပါသည် ။

'တစ်ခါတည်းပြောလိုက်မယ်။ ဆင်းရဲတဲ့ ကောင်မလေးတစ်ယောက်ကို ချမ်းသာတဲ့ ကောင်လေးရဲ့ အိမ်က မိဘဆွေမျိုးတွေ အထက်စီးကသွားပြောပြီး တားမြစ်တဲ့ ခေတ်ကုန်သွားပြီ။ အဲဒီခေတ်မဟုတ်တော့ဘူးဆိုတာ သိထားလိုက်ပါ။ နောက်လည်း ဘယ်တော့မှ ဘာစကားမှ လာမပြောနဲ့ ။ ရှင်းရှင်းလေးပဲ တားချင်ရင် ကိုယ့်သားကိုတားပေါ့'

Scanned by CamScanner

နှစ်ယောက်စလုံး ဒေါသကြီးစွာ ဆတ်ဆတ်တုန်သွားသည်။

'တို့ ကိုလာတားရင်. . . တစ်စုံတစ်ရာ နစ်နာအောင်ပြောရင်၊ နှောင့်ယှက်ရင် လုံးဝသည်းခံမှာ မဟုတ်ဘူး။ အဲဒါမှတ်ထား'

ကြည်ဖြူနွေးက စကားကုန်ဆိုသည်။

'ဟဲ့. . . သမီး'

ဒေါ်လေးက ကြားထဲက အားနာစွာဝင်ဟန့်သည်။

ပိုင့် ညီမလေးနှစ်ယောက် မီးဝင်းဝင်းတောက်ကြည့်ကာ ချာခနဲ လှည့်ပြန်သည်။

'ပြေပြေလည်လည်ဆက်ဆံပေါ့'

'အဟင်း. . . ဒေါ်လေးမသိပါဘူး။ နင်းပြားဖြစ်သွားမယ်'

ကြည်ဖြူနွေးမျက်နှာမှာ စိတ်ရှုပ်ဟန်ပေါ်လာသည်။ စွာသလိုဖြစ်သွားတာ သေချာလှ၏။

ပိုင် ကျေနပ်ပါ့မလား။

'သမီးရယ်. . . မောင်ပိုင်သူနဲ့ ယူဖြစ်ရင် သူတို့ ကယောက်မ. . .'

'မသိဘူးဒေါ်လေးရာ. . . ကြည်ဖြူကို ခပ်တင်းတင်းလာပြောတာ မခံနိုင်ဘူး။ အဲဒီ ပိုင်သူကိုပြတ်နိုင်တယ်။ မာနကိုမချနိုင်ဘူး။ အစကတည်းက တင်းတင်းနေခဲ့တာ။ ပိုင်က အတင်းပူဆာလို့ . . . ဇွတ်ကြိုးစားလို့ . . . ရှောင်မရလို့ . . . ကြည်ဖြူရှောင်ခဲ့ပါတယ်. . . ဒေါ်လေးသိပါတယ်'

ဒေါ်လေးက ရင်လေးစွာ တိတ်ဆိတ်သွားသည်။

သူမက နှောင်တမရပါ။

Scanned by CamScanner

ဘယ်တော့မှ နောင်တရမည် မဟုတ်ပေ။

ကိုပိုင်နှင့်တွေ့လျှင် ဘယ်လိုဖြေရှင်းရမလဲဆိုတာပဲပူမိသည် ။

ပိုင် စိတ်ဆိုးသွားမှာ လား။

စိုးရိမ်စိတ်ကလေး ခုမှ ရင်ထဲရောက်လာသည် ။

*

Scanned by CamScanner

'ကြည်ဖြူ ရိုင်းတယ်ကွာ'

ပိုင့်စွဲချက်က ကြည်ဖြူ့ကို ကျောက်ရုပ်လို ငြိမ်ကျသွားစေသည် ။

'သူတို့ က ဘာများ ပြောသေးလို့ လဲ'

'ကောင်းကောင်း မွန်မွန်ဆက်ဆံရင် ပြောလာတော့မှာ ပေါ့ ပိုင်ရဲ့ '

'ဘာပဲဖြစ်ဖြစ် ခုကိစ္စ ကြည်ဖြူသိပ်လွန်တယ်'

'ဘယ်လို'

တွေးထင်ထားတာထက် အဆပေါင်းများ စွာ ပိုင်က သူ့မိသားစုကို ခ
င်တွယ်သိတတ်သူ ဖြစ်နေခဲ့သည် ။

ကြည်ဖြူ တအံ့တသြ ငေးကြည့်နေခဲ့ရသည် ။

'ရန်လိုတဲ့ ပုံစံနဲ့ ဆက်ဆံတော့ သွားရောပေါ့'

ခေါင်းငုံ့ကာ သက်ပြင်းရှိုက်သည် ။

ရင်မှာ သိလိုက်သည် ။ ပိုင်နှင့်ခွဲရတော့မည်။

ကျိန်းသေသလောက်ပါပဲ။ သူ့မလိုချင်သောစိတ်ဓာတ် သူ့မှာ မရှိ။

'တစ်သက်လုံး အမျိုးတော်သွားရမှာ . . . ဆင်ခြင်သင့်တယ်'

'တော်ပါပြီ. . .မပြောနဲ့ တော့'

Scanned by CamScanner

'ပိုင် တောင်းပန်ထားတယ်။ မာနကို ခဏဖယ်ထားပါ။ အသုံးမကျတဲ့ မာနပဲ ရှိတယ်။ ဦးနှောက်မရှိဘူး။ ဟန်ဆောင်မနေတတ်ဘူး'

ပိုင် ဒေါသနှင့်ပြောနေသမျှ ငြိမ်သက်နားထောင်နေမိသည် ။

ဆုံးဖြတ်ချက်တွေက ကြည်ဖြူ့ရင်မှာ ခိုင်မာလွန်းလှ၏။

ပြောချင်ရာ ပြောပါစေတော့...

ရင်ထဲမထည့်တော့ပါ။

'မေမေခေါ်ခိုင်းတာ သွားတွေ့သင့်တယ်'

'ဒူးထောက်အသနားခံဖို့ လား ပိုင်'

မထိန်းနိုင်ဘဲ မေးမိသည် ။

'ပိုင့်ကိုချစ်ရင် အတတ်နိုင်ဆုံး လိုက်လျောသင့်တယ်။ မေမေဘာပဲပြောပြော သွားနားထောင်သင့်တယ်။ အခု ကြည်ဖြူ့ဘက်က လွန်သွားပြီ။ တစ်အိမ်သားလုံး ပိုင့်ကို ဝိုင်းပြောကြမှာ ပိုင်ဘာလုပ်ရမလဲ။ ကဲ...စဉ်းစားကြည့်။ ကြည်ဖြူက မတရားလွန်တာကိုး'

'လွန်ရင်လည်း ကြိုက်သလိုဆုံးဖြတ်ပါ ပိုင်'

ကြည်ဖြူ့နှုတ်က သွေးအေးစွာဆိုလိုက်သည် ။

ပိုင်က ခပ်ကြာကြာစူးစိုက်ကြည့်၏။ နောက်တော့ နာကျင်စွာပြုံးသည် ။

'ကြည်ဖြူက မာနကို ပိုင့်ထက်ပိုမြတ်နိုးကိုးကွယ်နေတာကိုး'

သူလည်း ချစ်သူ၏ စိတ်ဓာတ်ကို သေချာသိသွားပုံရလေသည် ။

'ပြောခဲ့ဖူးသားပဲ'

Book Sharing

Scanned by CamScanner

ပိုင်က လက်လျှော့စွာပြုံးသည် ။ ညိုမရတော့ဘူးဆိုတာ နှစ်ယောက် စလုံး နားလည်ပါသည် ။

ကြေကွဲမှုက ပိုင် သူ့မျက်နှာမှာ ထင်ဟပ်လာသည် ။

'မဟုတ်သေးပါဘူး ကြည်ဖြူရယ်'

ကြည်ဖြူက ဘယ်လိုမှ မနေသော မျက်လုံးများ နှင့် စိုက်ငေးကာကြည့်နေသည် ။

'မင်းတစ်ကိုယ်လုံးမှာ မာနချည်းပဲ။ ပိုင် ဘယ်လိုလုပ်ရမလဲ'

မာနလွှမ်းခြုံထားသော ကြည်ဖြူနွေးအတွက် ပိုင့်အချစ်တွေက မထွင်းဖောက်နိုင်ပါ။

သူမ မာနက အလွန်တရာ ထူထပ်နိုင်မြဲလေသည် ။

ပိုင်က ခေါင်းငိုက်စိုက်ကျသွားသည် ။

သူ့ချစ်သူကလေးမှာ ပြင်းထန်သောမာနတွေ မရှိစေချင်ပါ။

ကြည်ဖြူက မျက်နှာလွှဲကာ မျက်လုံးလေးကို တစ်ဖက်ရွှေ့ပြီး ဟိုဒီငေးကြည့်နေမိသည် ။

ပိုင်. . . ကြည်ဖြူမျှော်လင့်တာက ဒီလို မဟုတ်ဘူး ။

*

Scanned by CamScanner

'ဘကြီးတို့ ဆီမှာ သွားမနေချင်ပါဘူး ဒေါ်လေးရယ်'

ကြည်ဖြူနွေးက ခေါင်းခါငြင်းဆန်သည်။

သိတတ်စအရွယ်ကတည်းက နွေးထွေးသောမိသားစုဆိုတာ မရှိခဲ့။ ဖြစ်သလို ကြီးပြင်းလာခဲ့ရသည်။

ဒေါ်လေးကတော့ချစ်ပါသည်။ သို့သော် မိဘရင်းလိုတော့မဟုတ်ပါ။

ရုပ်အားဖြင့် ဘာမှ ပျက်စီးယိုယွင်းမသွားသော်လည်း၊ ကြည်ဖြူစိတ်ဓာတ်တွေက အများကြီး ဆုတ်ယုတ်ညှိုးမှိန်နေရလေသည်။

စိတ်ဓာတ်မှာ အားမပြည့်။

အားငယ်တတ်သည်။

ဝမ်းနည်းတတ်သည်။

တစ်ခါတလေတော့ အေးစက်နေတတ်သည်။

ဒေါသဖြစ်နေတတ်သည်။

ဂရုစိုက်ကြင်နာမယ့်သူ မရှိ။

ပေးမစောင့်ရှောက်မယ့်သူ မရှိ။

ရှေ့ကရပ်တည်ရင်ဆိုင်ပေးမယ့်သူ မရှိ။

လမ်းညွှန်သင်ကြားဆုံးမမယ့်သူ မရှိသောအခါ ဘဝသည် ပရမ်းပ

Scanned by CamScanner

တာ၊ အကာအရံမရှိ။

ဒေါ်လေးက ကြည်ဖြူကို အလိုလိုက်ပါသည် ။

သို့သော် ကြည်ဖြူ့ဘဝတစ်ခုလုံးကို ပွဲကိုင်ပြီး ပျိုးထောင်ပေးနိုင်သူမဟုတ်။

'ဘကြီးတို့ အိမ်မှာ လူတွေများ တယ်၊ မျက်စိရှုပ်၊ နားရှုပ် ကြည်ဖြူမနေတတ်ပါဘူး ဒေါ်လေးရယ်'

'ဒါတော့ဒါပေါ့. . . ဒါပေမဲ့ ဘကြီးကဆေးရုံကဆင်းပြီး ပြုစုမယ့်သူကမရှိ. . . အန်တီထားက ရေချိုးခန်းထဲချော်လဲပြီး. . . ဘာမှ မလုပ်နိုင်မကိုင်နိုင်။ သမီးမမက စာမေးပွဲသိပ်ကပ်နေပြီ။ သူတို့ အခက်အခဲတွေ့နေတာ ကူညီကောင်းပါတယ်ကြည်ဖြူရယ်'

ခိုင်းဖို့ လိုမှ သတိရသော ဆွေမျိုးတွေပါ။

မုန်းစရာကောင်းလွန်းသည် ။ သွားကိုမသွားချင်ပါ။

ဒေါ်လေးကတိုက်တွန်းနေတော့ ခက်လှ၏။

'ဒေါ်လေး သွားနေပေးလိုက်ပေါ့'

'မဖြစ်ပါဘူး။ ဒီမှာ က ဒေါ်လေးရှိမှ '

'လုပ်ပြန်ပြီ'

ကြည်ဖြူနွေး စိတ်ညစ်မိပါသည် ။

ခုတလော ပိုင်နှင့်လည်း အဆင်မပြေပါ။

အဆက်အသွယ် ပြတ်နေသည် ။

ပိုင်ကလည်း ရောက်မလာ။ ကြည်ဖြူကို နာကြည်းသွားပြီလားမသိ။

Scanned by CamScanner

လက်လျှော့ နောက်ဆုတ်လိုက်ပုံရလေသည် ။

ကြည်ဖြူက ဘာတတ်နိုင်မှာ လဲ။

သတိရလည်း ဖွတ်မေ့မျောက်ပစ်ရုံပါ။

မာနနှင့်နှလုံးသားကို ဆုံးမထားရသည် ။

ဝေးသွားရင်လည်း ဝေးသွားပါစေ။

ပြတ်သွားရင်လည်း ပြတ်ပါစေတော့။

ပိုင့်ကို တွေ့ဖို့ ကြည်ဖြူ မကြိုးစားတော့ပါ။

'အင်းလေ. . . သွားနေပေးလိုက်မယ်'

ပိုင်နှင့် နီးနီးကပ်ကပ်လည်း ရှိမနေချင်တာကြောင့် ကြည်ဖြူဆုံးဖြတ်လိုက်တော့သည် ။

မတွေ့ရင်လည်း မေ့သွားနိုင်သည် ပဲ။

ချည်ထားသောကြိုးက မခိုင့်တခိုင့်ပါ။

အလွယ်တကူ ပြီးသွားနိုင်သည် ။ ခိုင်ခိုင်ချည်ဖို့ ကြောက်လှပါသည် ။

ပိုင့်ကိုချစ်တာ ကြည်ဖြူမှားပါသည် ။

ကြည်ဖြူစိတ်ပျော့ခဲ့လို့ သာ ခုလိုစိတ်ဆင်းရဲရတာ။

'ကောင်းပါတယ်.. ကြည်ဖြူရယ်. . . ကုသိုလ်ရပါတယ်'

'မလိုချင်ပါဘူး. . . အဲဒီကုသိုလ်'

'ဟဲ့. . . ညြော်'

ကြည်ဖြူနွေးက ဘုကျကျပြောပြီး ထထွက်သွားသည် ။

Scanned by CamScanner

ခက်လည်း ခက်တဲ့ ကလေးမလေး။

*

Book Sharing

Scanned by CamScanner

သတင်းအတိအကျရပြီး ချက်ချင်းရောက်လာသောအချိန်မှာ ကြည်ဖြူက ဘကြီးတို့ ဆီသွားနေဖို့ အားလုံးပြင်ဆင်ပြီးပါပြီ။

'ကြည်ဖြူ'

အမောတကြီးရောက်လာသော ပိုင့်ကို ကြည်ဖြူက အေးစက်စက်ကြည့်လိုက်၏။

ဒေါ်လေးက ကြည်ဖြူစိတ်ပြောင်းပြီး မသွားတော့မှာ စိုးရိမ်နေသည်။

ဘယ်သူမဆို ချစ်သူချော့လျှင် စိတ်ပြေသွားတတ်ကြပါသည် ။

'ဘာလို့ သွားနေမှာ လဲ'

လုံးဝမနှစ်သက်သည့် အရိပ်အယောင်က မျက်နှာတစ်ခုလုံး ပေါ်လွင်သည် ။

ဒေါ်လေးက မသိမသာ ထထွက်သွားလေသည် ။

'ဘကြီးကိုပြုစုမယ့်သူမရှိဘူး။ အန်တီထားကလည်း မီးဖိုချောင်မဝင်နိုင်ဘူး။ အဲဒါကြောင့်ပေါ့. . . လာခေါ်တော့မသွားရင်ကောင်းမလား'

'ပိုင်နဲ့ ဝေးသွားချင်လို့ လား'

ကြည်ဖြူက ပြန်မဖြေပါ။

မဖြေဘဲနေလိုက်သည် ။

Scanned by CamScanner

'ပိုင် သဘောမတူဘူး. . . မသွားရဘူး'

ခပ်မဲ့မဲ့ပြုံးလိုက်ပုံက စိတ်နာမပျောက်သေး။

'လုံးဝမသွားရဘူး. . . အစိပ္ပာယ်မရှိဘူး'

ပိုင့်လေသံက အနည်းငယ်မာဆတ်သည် ။ ပိုင်စိုးပိုင်နင်းနိုင်သည် ။

'ခုမှ သွေးပျက်မနေနဲ့ . . . ရှင်ပဲ ရှင့်မိသားစုရှင်ချစ်. . သူတို့ နဲ့ နေ။ ကြည်ဖြူကအရေးမကြီးပါဘူး. . . အချစ်မရှိတဲ့ မိန်းမ၊ မာနပဲရှိတဲ့ မိန်းမ လေ. . . ရှင်မုန်းပေါ့. . နာပေါ့. . . လာမတွေ့ပါနဲ့ . . . ကိစ္စမရှိဘူး. . . သိ လား'

နာကျင်မျက်ရှစွာဆိုမိသည် ။

ရင်ထဲမှာ ခံပြင်းသည် ။

'ကြည်ဖြူ'

သူ့ခေါ်သံက အေးစက်သည် ။

ကြည်ဖြူက မကြားသလိုလုပ်နေသည် ။

'မင်းတော်တော်ဆိုးပါလား'

'သိတာနောက်ကျတယ်'

'ပိုင် ရန်မဖြစ်ချင်ဘူး'

'အဲဒါဆို ပြန်တော့'

ကြည်ဖြူနှေးက သူ့ကိုနှင်သည် ။

သတိရခဲ့နေ့တွေ ကုန်ဆုံးသွားပါပြီ။

ရင်ထဲမှာ အချစ်တွေက သေဆုံးသွားခဲ့ပြီလားမသိ။

Scanned by CamScanner

'ပြန်စေချင်ရင်. . . ပြန်ပါ့မယ်။ ဒါပေမဲ့ ကြည်ဖြူဆုံးဖြတ်ချက်ကို ပြန်စဉ်းစားပါ။ ပြင်ဆင်ပေးပါ'

'ဘာလို့ လဲ'

'ပိုင်သဘောမတူဘူး။ ပိုင့်အတွက်ပြန်စဉ်းစားပေးပါ'

ကြည်ဖြူ့မျက်လုံးတွေကို ငုံ့စိုက်ကြည့်ကာ နူးညွတ်စွာတောင်းသောအခါ ပိုင်ပျော့သွားချင်မိသည် ။

သို့ပေမဲ့ ပိုင့်ကိုကျောခိုင်းထားလိုက်၏။

ဝန်ခံပါရစေ။

ခုအချိန်မှာ ပိုင်ကသာ ကြည်ဖြူရယ်ဟု ဖွဖွဖက်ပြီး နောက်တစ်ခွန်းတောင်းလျှင် ကြည်ဖြူ့နှလုံးသားက ခံနိုင်ရည်ရှိမှာ မဟုတ်တော့ပါ။

သို့ပေမဲ့ သူက မလှုပ်မယှက်ရပ်နေသည် ။

ဘာကိုမှ ဇွတ်မကြိုးစားပေ။

သူတားနေပုံက အားပျော့လှသည် ။

ပြဿနာတစ်ရပ်ကို မလွှဲမသွေရင်ဆိုင်ရတော့မှာ သိနေသောအခါ သူစိတ်ပျက်နေပြီထင်။

ဟုတ်ပါတယ်ပိုင်ရယ်။

ပိုင်ကတွေဝေတယ်။

ကြည်ဖြူက မာနကြီးတယ်။

ဝေးသွားဖို့ ပဲ ပြင်ဆင်ရင်ဆိုင်ကြပါစို့။

စိတ်တင်းပစ်သော်လည်း မျက်ရည်က မျက်လုံးအိမ်ထဲ ဝေ့တက်

Scanned by CamScanner

လာလေ၏။

အချစ်ဆိုတာ ရင်ကိုပူစေသည် ။

ကျွမ်းစေသည် ။

★

Scanned by CamScanner

ဘကြီး၏ မိန်းမ အန်တီထား သစ်ပင်စိုက်ဝါသနာပါတာက ကြည်ဖြူ့အတွက် အလုပ်တစ်ခုပိုပါသည် ။

သစ်ခွတွေ၊ ပိန်းပန်းတွေ ၊ ရှက်လှတွေ ၊ သဇင်တိုင်တွေသာမက ထင်းရှူးပဒေသာပင်၊ ရောက်ပင်၊ မာလကာပင် ဘာတွေမှန်းမသိသော သစ်ပင်ပန်းပင်တွေကို ရေလောင်းရ၏။

စိတ်ပျက်စရာကောင်းသည် ။

တစ်နေ့တစ်နေ့ တစ်နာရီကျော် နှစ်နာရီနီးပါး ခြံထဲဆင်းကာ လုပ်ပေးရပါသည် ။

'သမီးရယ်. . . ပန်းပင်တွေရေဆာနေတော့မယ်' ဟု အန်တီထားက ကြည်ဖြူမေ့ချင်ယောင်ဆောင်နေလည်း သတိပေးတတ်ပါသည် ။

'ဆာပါစေ အန်တီရယ်' ဟု မကျေမနပ်ပြောမိလျှင်. . .

အန်တီထားက ကိုယ်တိုင်ခြံထဲဆင်းပြီး ရေလောင်းနေသောအခါ မနေသာပဲ. . .

'ကဲပါ. . . ပေးပါအန်တီထားရယ်' ဟု မလွှဲမရှောင်သာ လောင်းပေးရလေသည် ။

စိတ်ကတော့ သိပ်မကြည်သာချင်။

ဘကြီးတို့ အိမ်မှ နေရတာ ပျင်းလှသည် ။ အလုပ်တွေလည်း ရှုပ်လှ

Book Sharing

Scanned by CamScanner

သည်။

ပိုဆိုးတာက ပိုင့်ကိုလွမ်းခြင်းဝေဒနာ။

ဝေးနေမှ ပဲ ပိုပြီးလွမ်းတတ်လာသည်။ သတိရလာသည်။

ဘာလေးပဲတွေးတွေး ပိုင်နှင့်မလွတ်ကင်းနိုင်။

ပိုင့်အပြုံးလေးကို ပြန်တမ်းတလာသည်။ ပိုင့်မျက်ဝန်းတွေကို ပြန်လိုချင်လာသည်။

ပိုင်ရယ်. . .

ရင်ထဲတသသ တနင့်နင့် နေမရ ပြေမရ။

ရည်းစားဦးမို့လည်း သည် လောက် ဆိုးဆိုးရွားရွားဖြစ်မိတာထင်ပါရဲ့။

'ဟိတ်. . .ရှတ်ရှတ်'

ရုတ်တရက် ခေါ်သံကြားလိုက်တာမို့ ကြည်ဖြူက ဆတ်ခနဲလှည့်ကြည့်သည်။

လူတစ်ယောက်. . . မြင့်မားသောအရပ်နှင့် မျက်မှန်တစ်လက်က မျက်လုံးတွေကိုဖုံးကွယ်ထားသည်။

သူ့မျက်မှန်မည်းက မျက်နှာမှာ ကပ်နေကာ၊ နဖူးပြင်နှင့် တစ်ညီတည်းလောက်ရှိလိမ့်မည်။

ကြည်ဖြူက ပြုံးနေသောနှုတ်ခမ်းအစုံကို ကျောပေးလိုက်ကာ ဝတ္တုရားမပျက် ပန်းပင်တွေဆက်ပြီး ရေလောင်းနေလိုက်သည်။

'ဟော့. . . ခေါ်နေတယ်လေ'

Scanned by CamScanner

နောက်တစ်ခွန်း အသံထွက်လာသည် ။

ကြည်ဖြူ လှည့်မကြည့်တော့ပါ။

'ဟာ. . . ဘယ်လိုလဲ'

စိတ်မရှည်စွာ ရေရွတ်ပြီးနောက်မှာ တော့ ဘေးနားရောက်လာသည် ။

'မင်းကိုခေါ်နေတာ'

လက်မနှင့်ညွှန်ပြီး ပြောသည် ။ ဘာစတိုင်မှန်းမသိ။ လောင်းပန်လည်း မဟုတ်။ ရှော့ပင်လည်း မဟုတ်သော ဒူးဆစ်ဖုံးရုံလောက်ရှိသည့် ဟတ်ပင်ကိုဝတ်ထားပြီး အပေါ်က စွပ်ကျယ်တစ်ထည်နှင့် အရုပ်ကရှည်တော့ ဘယ်လိုကြီးမှန်းမသိ။ ကြည့်ရတာဆန်းနေသည် ။

'မင်းသိပ်လှပါလား'

စူးရှသောအကြည့်တွေကို ကြည်ဖြူက မမြင်ရတာမို့ ရှက်ရွံ့အနေခက်ခြင်းမဖြစ်ခဲ့ပါ။

သူ့ဆီက ကောက်ချက်ချသံထွက်လာမှ ပဲ. . . ပါးလေးတွေနွေးတက်လာအောင် ရှက်မိသည် ။

ဘယ်လောက်တောင် ကြည်ဖြူ့ကိုငမ်းနေသလဲမသိ။

'မင်းက အန်တီထားတို့ နဲ့ ဘာတော်လဲ'

ကြည်ဖြူက မကြားချင်ယောင်ဆောင်နေလိုက်သည် ။

စကားလေးပင် ပြောချင်စိတ်မရှိတာ သိဖို့ ကောင်းသည် ။ လှည့်ထွက်သွားဖို့ ကောင်းသည် ။

'ဟ. . . စကားမတတ်ဘူးလား'

Scanned by CamScanner

ကြည်ဖြူက လက်ထဲကိုင်ထားသော ရေပိုက်ကလေးကိုသာ မျက်စေ့ စိုက်ကာကြည့်နေလိုက်၏။

ပြီး. . . မပြီးနိုင်။

လောင်းစရာပန်းပင်တွေ အများကြီးကျန်သေးသည် ။

ခြေထောက်က ညောင်းလှပြီ။

ရေလည်း ဝပ်နေပြီ။ သည် ကြားထဲ စကားကြောရှည်လွန်းသည် ။

'ဘကြီးခက်နဲ့ တော်တာလား. . . အန်တီထားနဲ့ တော်တာလား'

သူ့အလုပ်မဟုတ်တာ လာမေးနေသည် ။

ဘယ်သူနဲ့ ဘာတော်တော်. . . ဘာမတော်တော် သူနဲ့ လားလားမှ မဆိုင်။

'မင်းနာမည်ဘယ်သူလဲ'

မေးခွန်းနောက်တစ်မျိုး ပြောင်းသွားသည် ။

'ဟိတ်. . . နာမည်မရှိဘူးလား'

ကြည်ဖြူက သက်ပြင်းမောရှိုက်သည် ။

ရေပိုက်ကို မြက်ခင်းထဲလွှတ်ချပြီး ဘုံဘိုင်ကလေးသွားပိတ်သည် ။

ပြီးတော့မှ မြက်ခင်းပြင်အလယ်ထိလျှောက်သွားပြီး မြက်ခင်းအလယ်မှာ တပ်ဆင်ထားသော ရေဖြန်းပိုက်ကလေးကို ဘုံဘိုင်ဖွင့်သည် ။

မြက်ခင်းတစ်ခုလုံး
ရေရောက်အောင်သူ့ဘာသာလှည့်ကာလှည့်ကာဖြန်းသွားမှာ မို့ လူသက်သာသည် ။

Scanned by CamScanner

ကြည်ဖြူက ဆတ်တောက်ဆတ်တောက်လျှောက်ကာ အိမ်ပေါ်တက်လာခဲ့၏။

လက်ပိုက်ပြီး ရပ်ကြည့်နေသော ပုဂ္ဂိုလ်ကို တစ်ချက်မှ လှမ်းမကြည့်တော့။

'ဟိတ်. . . နေဦးလေ'

သူကပြေးလိုက် လာပြီး မျက်မှန်နက်ကိုဆွဲဖြုတ်လျက် ကြည်ဖြူကို ချိုချိုသာသာပြုံးပြလေသည် ။

'ရောဦးလာတယ်လို့ အန်တီထားကိုပြောပေးပါ'

'ဟွန့်. . . မပြောပေးနိုင်ပါဘူး။ ဟိုမှာ လူခေါ်ဘဲလ်ရှိသားပဲ။ ခေါ်ပေါ့။ ရှုပ်ရှုပ်ယှက်ယှက်'

ကြည်ဖြူက မျက်နှာလေးရှုံ့မဲ့ကာ ငြင်းသည် ။

လောလောဆယ် အပေါ်ထပ်တက်ပြီး မပြောပေးနိုင်သေးပါ။

ရေသောက်ချင်သည် ။ ဗိုက်လည်း ဆာပြီ။

အခန်းထဲဝင်ကာ ရေစိုနေသော ထဘီလည်း လဲပစ်ရဦးမည်။

သူများ အလုပ်တွေ မလုပ်ပေးနိုင်ပါ။ တာဝန်ယူခေါ်င်းမညိတ်နိုင်ပါ။

ပြီးတော့ မျက်နှာကြောက မချိုမချဉ်။ မုန်းချင်စရာ။

'ဒါလေးပြောပေးတာများ '

'ပြောမပေးနိုင်ဘူး။ မအားဘူး'

'ဘဝင်မြင့်လိုက်တာဗျာ။ ဘာလဲ။ မယ်စကြာဝဠာဘွဲ့ရထားလို့ လား၊ ဒါမှ မဟုတ် တစ်ရာခြောက်ဆယ့်ငါးသိန်းထီပေါက်ထားလို့ လား'

Scanned by CamScanner

'ဘာမှ မဆိုင်ဘူး'

'မသိဘူးလေ။ မာနတွေစွတ်ကြီး မျက်နှာထားက စွတ်တင်းနေတာ. . . တော်ကြာယောက်ျားမရဘဲနေမယ်'

'ဟွန့်. . . ဝမ်းမနည်းဘူး'

'ကျိတ်ငိုမှာ မဟုတ်လား'

'သွားစမ်းပါ'

တော်တော်မခံချင်အောင် ပြောတတ်သည်။

လူကြည့်တော့ ခပ်တည်တည်ရုပ်။ ရုပ်ကတည်သလောက် မျက်နှာကပြောင်စပ်စပ်။

စကားပြောပုံက နောက်ရွှတ်ရွှတ်။ ဘယ်လိုပါလိမ့်။

အန်တီထားတို့ မိတ်ဆွေဆိုတာ သေချာလှ၏။

'ရှင်က အန်တီထားမိတ်ဆွေလား'

'နို း'

တစ်ခွန်းစပ်စုမိတာကို သူကခေါင်းခါသည်။

'သက်ဆီလာတာ'

'ဟင်. . . ဘယ်သူလဲ'

'သက်လေ. . . သက်သက်'

'ဪ'

သက်က အန်တီထား၏ တစ်ဦးတည်းသောသမီး။

Book Sharing

Scanned by CamScanner

အသည်း အသည်း အနှစ်အဖူးလေးပါ။ စာမေးပွဲရှိနေလို့ သာငြိမ်နေတာ။

နို့မို့ရင် တစ်အိမ်လုံး သူ့အသံနှင့် လွှမ်းနေတတ်ပါသည် ။

'သက်က စာကျက်နေတယ်'

'သိပါတယ်'

'သိရဲ့ သားနဲ့ လာနေသေးလား'

'အင်း. . . လာရတာပေါ့။ သက်အဖျင်းပြေအောင်'

ကြည်ဖြူနွေးက သူ့ကိုတစ်ချက်ကြည့်ကာ အပေါ်ထပ်လှေခါးဘဲလ်ကို မရှောင်သာဘဲ နှိပ်ကာခေါ်ပေးလိုက်ရလေသည် ။

'ခဏစောင့်. . . ဆင်းလာလိမ့်မယ်'

'ကျေးဇူးပဲဗျာ'

'ရပါတယ်'

'နာမည်လေးတော့ သိပါရစေ'

ကြည်ဖြူက နှုတ်ခမ်းလေးမဲ့သည် ။ ပြောမပြနိုင်ပါ။

မသက်ဆီလာသောဧည့်သည် ဆိုတော့ ပိုပြီးတန့်သွားရတာလည်း အမှန်။

ယောက်ျားတွေက တစ်ခါတလေ မထင်မှတ်သော ပြဿနာတွေကို ယူဆောင်လာတတ်ပါသည် ။

အစကတည်းက ရှောင်တာအကောင်းဆုံး။

ရောဦးက နာမည်လေးပြောပြဖို့ ပင် နှမြောတွန့်တိုဝန်လေးသော အ

Scanned by CamScanner

ကဲပါလှသော ကောင်မလေးကို လိုက်ငေးကြည့်နေမိသည် ။

တော်တော်ချစ်စရာကောင်းသော ကောင်မလေး။

ဘယ်ကရောက်လာပါလိမ့်။

ပုံစံလေးက နူးညံ့ညင်သာသည် ။

ရင်ကိုမွှန်းကြပ် လှိုက်ခါစေသည် ။

စကားသံလေးက မာဆတ်ဆတ်ပေမယ့် စွဲအားရှိသည် ။

ဘာပဲဖြစ်ဖြစ် ဧရာဦးကို ဖမ်းစားနိုင်သောကောင်မလေးပါ။

တစ်ကြိမ်တည်းနှင့် စွဲနေအောင် မှတ်မိသွားသည် ။

'ချစ်ဖို့ ကောင်းတယ်ကွာ'

လက်ထဲကိုင်ထားသော မျက်မှန်ကိုင်းကို ဖွဖွကိုက်ကာ သူရေရွတ်မိသည် ။

ဘယ်ကတည်းက ရောက်နေပါလိမ့်။ တွေ့ကြတာ သိပ်နောက်ကျသည် ။ ရောက်ရောက်ချင်းကတည်းက တွေ့သင့်တာ။

ညမှ ပဲဖုန်းဆက်ပြီး စကားပြောကြည့်ရမည်။

ဧရာဦး သူမကိုခေါင်းထဲထည့်ထားလိုက်၏။

*

Scanned by CamScanner

ပထမတစ်ခါ ဖုန်းခေါ်တော့ လာကိုင်တာ အန်တီထား။ သူ့အသာက လေး ဖုန်းပြန်ချထားလိုက်၏။

ဒုတိယတစ်ခါ ဆယ့်ငါးမိနစ်ခြားပြီး ပြန်ခေါ်တော့လည်း အန်တီ ထားပဲလာကိုင်သည် ။

ကဲ. . . အချိန်အကြာကြီးစောင့်ပစ်ပြီးမှ ပြန်ခေါ်သည် ။

လူပြောင်းသွားသည် ။

လာကိုင်တာ ဘကြီးခက် ကမန်းကတန်း ချပစ်တော့ ဖုန်းခေါ်ပြီး အ သံမပေးရကောင်းလားဟု ဒေါသထွက်သံကြားရ၏။

ဟူး. . . အိပ်မျှား အိပ်ပြီလား. . .

စိတ်ရှည်ရှည်နှင့် ညရှစ်နာရီကျော်မှာ ပြန်ခေါ်သည် ။

မိန်းကလေးတစ်ယောက်၏ ထူးသံ။ သက်လား. . . သက်မျှား လား။ သေချာတွေးကြည့်သည် ။

'ဟယ်လို.. . ဟယ်လို. . . ဘာလို့ နှောင့်ယှက်နေကြတာလဲ။ စာကျက် ပျက်ပါပြီ။ စိတ်ညစ်လိုက်တာ'

ညည်းညူသံကြောင့် သက်မှန်းသေချာသွားကာ ပါးစပ်ကိုလက်ဝါးနှ င့်အုပ်ထားမိ၏။ အသံထွက်သွားမှာ စိုး၍ ပါ။

စာကျက်နေတာတောင် ဖုန်းလာကိုင်သေးသည် ။. တခြားလူကိုင်ပါ

Scanned by CamScanner

စေပေါ့။

ရောဦး စိတ်ရှုပ်ထွေးသွားသည် ။

ခန့်မှန်းရသလောက် ဟိုကောင်မလေးက ဖုန်းလာကိုင်မယ့်ပုံမရှိ။ စိတ်ဓာတ်ကျသည် ။ စိတ်လျှော့ကာအိပ်ပစ်လိုက်၏။

မနက်မိုးလင်းလင်းချင်း စောစီးစွာပြန်ခေါ်သည် ။

သူကံကောင်းသည် ။ အသံသာသာလေးကို ခုမှ ကြားရသည် ။

'ဟယ်လို. . . အမိန့်ရှိပါရှင်'တဲ့ ။

အသံလေးကို ချက်ချင်းမှတ်မိသည် ။

'ဟိတ်.. . တို့ ဘယ်သူလဲ သိလား'

ခပ်တိုးတိုးမေးလိုက်သောအခါ တစ်ဖက်ကအသံတိတ်သွား၏။

'ပိုင်လား'

မရဲတရဲ အသံလေးထွက်လာသည် ။

'မပိုင်သေးဘူး။ ခုမှ ကြိုးစားမလို့ '

'ဟင်'

ကြည်ဖြူနွေး အံ့အားသင့်သွားရသည် ။ မေးမိတာကိုလည်း ရှက်ပါသည် ။

မနေ့က ဟိုတစ်ယောက်ပဲဟု ချက်ချင်းသိလိုက်၏။

'ဘယ်ကိုဆက်တာလဲ'

'မင်းဆီကိုပေါ့'

Scanned by CamScanner

'ဖုန်းမှားနေပြီ'

ကြည်ဖြူနွေးက ဖုန်းချပစ်လိုက်ပါသည် ။ မိုးလင်းစမှာ ပဲ စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံရသည် ။ ပိုင့်ဆီက ဖုန်းကိုမျှော်လင့်နေမိသလား။ လှိုက်ခနဲ ဝမ်းသာသွားမိတာတော့ တကယ်ပါ။

သူများကိုသာ ညာ၍ ရမည်။ ကိုယ့်ကိုယ်ကိုယ် ညာမရနိုင်ပေ။

ပိုင်လားဟု မေးလိုက်သောအသံက အချစ်တွေကိန်းဝပ်နေလေသည် ။

ဖုံးဖိဟန်ဆောင်မရနိုင်ပါ။

သက်ပြင်းလေးရှိုက်ပြီး ငိုင်တွေနေတုန်းမှာ ပဲ ဖုန်းခေါ်သံတစ်ကြိမ် ထပ်ကြားရ၏။

ကြည်ဖြူနွေးလှည့်ထွက်လာခဲ့သည် ။ ကိုင်ချင်တဲ့ သူလာကိုင်ပါစေ တော့။ မကြားသလို လုပ်နေလိုက်တာအကောင်းဆုံးပါ။

★

Book Sharing

Scanned by CamScanner

ကြည်ဖြူနွေးက ပန်းပင်တွေရေလောင်းနေတုန်းမှာ ဈေးဦးကရောက် လာပြီး ဘေးနားမှာ စကားပြောသည် ။

နောက်တော့ ရန်အောင်နှင့် ခိုင်သင်းကြည်တို့ ကြော်ငြာသော ရေပိုက်ကြော်ငြာကို ဆိုပြသည် ။ လုပ်ပြသည် ။ မပွင့်တပွင့်ပြန်ပြောကာ ရှောင်ဖယ်ဖယ်ဖြစ်နေသော ကြည်ဖြူရယ်မိ၏။ စိတ်တွေပေ့ါပါးသွားသည် ။ ခြေထောက်ကိုရွှေ့ကာ ရွှေ့ကာ ကပြတော့ မထိန်းနိုင်ဘဲ ရယ်မိသွားသည် ။

ထင်သလောက်လည်း မဆိုးပါ။ ဈေးဦးက ခင်စရာကောင်းပါသည် ။

'လာပါ။ အတူတူကရအောင်'

ကြည်ဖြူနွေးက ခေါင်းခါသည် ။

'ဒီအရွယ်ကြီးရောက်မှ ပေါ်ရဲတယ်'

တရင်းတနှီးပြောမိသွားသည် ။

'မပေါပါဘူး။ ခင်ဗျားပျော်အောင်၊ ခင်ဗျားရယ်အောင်လို့ ပါ'

'လည်သားပဲ'

'လည်တယ်ပြောလိုက်၊ ပေါတယ်ပြောလိုက်နဲ့ နောက်ဘာပြောဦးမလဲမသိဘူး'

ကြည်ဖြူက သူ့ကို အသာကလေးငဲ့ကြည့်မိလေသည် ။

Scanned by CamScanner

'တို့ ကိုခင်ပါလား'

'ခင်စရာမှ မကောင်းဘဲ'

'ဘာလို့ '

'မသိဘူး ခင်မှ မခင်ချင်ဘဲ'

'ဇရာဦးက မျက်နှာကြီးရှုံ့မဲ့နေတော့သည် ။

သူ့အဖြစ်က ရယ်ချင်စရာကြီးပါ။

ကြည်ဖြူ ရှောင်ရှောင်တိမ်းတိမ်းကြီး ဖြစ်မနေတော့ဘဲ ဖော်ရွေစွာစ ကားဆိုမိသည် ။

ရင်ထဲမှာ တော့ ဖြူစင်ရိုးသားလှ၏။

*

Scanned by CamScanner

'ကြည်ဖြူ'

'ရှင်'

မသက်က မီးပူတိုက်နေသော ကြည်ဖြူ့ဘေးနားမှာ နံရံကိုမှီလျက် လာရပ်သည် ။ ကြည်ဖြူက မီးပူတိုက်လျှင် ထိုင်မတိုက်တတ်ပါ။ စားပွဲ အမြင့်မှာ မတ်တတ်ရပ်ပြီးပဲတိုက်တတ်ပါသည် ။

'မေးစရာရှိလို့ '

'ဘာလဲမသက်. . . မေးလေ'

'ကြည်ဖြူက ဟိုမှာ ရည်းစားရှိတယ်ဆို'

ဒေါ်လေးကတစ်ဆင့် အန်တီထား။ အန်တီထားကတစ်ဆင့် မသက် သိနေတာပဲဟု နားလည်စွာခေါင်းညိတ်မိပါသည် ။

'အဲဒီလူနဲ့ အဆင်ပြေရဲ့ လား'

'ဒီလိုပါပဲ'

မသက်က မျက်လုံးလေးတွေထောင့်ကပ်ပြီး စဉ်းစားနေ၏။ ပြီးမှ . . .

'အင်းလေ. . . ဖြစ်တတ်ပါတယ်။ လစ်ဟာနေချိန်ဆိုတာ သာယာလွ ယ်တာပေါ့. . . မဆန်းပါဘူး'

မသက်က ဘာကိုဆိုလိုပါလိမ့်။ ကြည်ဖြူနားမလည်စွာ ကြည့်နေမိ သည် ။ တစ်ခုခုပြောချင်ပုံရလျက် မပြောဘဲ ထိန်းထားသောအခါ ဘာ

Scanned by CamScanner

ကိုနားလည်ရမှန်းမသိ။

ပွင့်ပွင့်လင်းလင်းပြောချပစ်လိုက်တာက ပိုရှင်းသည် ။

ကြည်ဖြူက တည့်တည့်ဘွင်းဘွင်းပဲ ကြိုက်သူပါ။

'မသက်. . . ဘာပြောချင်တာလဲဟင်'

မသက်က သက်ပြင်းမောရှိုက်သည် ။ ခေါင်းရမ်းသည် ။ ပြီးတော့ လှည့်ထွက်သွားသည် ။

ကြည်ဖြူ့ရင်ထဲမှာ အောင့်သက်ကျန်ရစ်ရလေသည် ။

မိန်းကလေးချင်းမို့ သိတော့သိလိုက်သည် ။

သို့သော် ဖြေရှင်းခွင့်မရနိုင်။

မသက်က ကွေ့ကာဝိုက်ကာသိစေခဲ့သော်လည်း တဲ့ တိုးမဆိုခဲ့ပါ။

ဘာကိုမှန်းမသိ ဒေါသဖြစ်ရလေသည် ။

*

Scanned by CamScanner

နောက်တစ်နေ့. . . .

ကြည်ဖြူက လိုအပ်သောပစ္စည်းလေးတွေ စတိုးဆိုင်ကိုသွားအဝယ် မှာ ရောဦးနှင့် လမ်းမှာ ဆုံသည် ။

သူကအဖော်လိုက်ခဲ့ပေးသည် ။ ဝယ်သောပစ္စည်းတွေကို ကိုင်ထား ပေးသည် ။ ကြည်ဖြူက ပထမငြင်းသည် ။

နောက်တော့လည်း ဘာမှ မပြောဘဲနေလိုက်၏။

အပြန်လမ်းမှာ အအေးသောက်ဖို့ ခေါ်သည် ။

'လာပါ ကြည်ဖြူရယ်'

'မသောက်ချင်ဘူး'

'တစ်ခုခု ကြုံတုန်းကျွေးချင်တယ်'

'ကျေးဇူးတင်ပါတယ်'

ရောဦးက မရဘဲ လမ်းထိပ်မှာ ဖွင့်အတင်းရေခဲချောင်း ဝယ်ကျွေး သည် ။

'မစားတတ်ပါဘူး'

'စားပါကွာ'

တောင်းပန်တိုက်တွန်းသောအခါ အားနာစိတ်နှင့် လှမ်းယူလိုက်ရသ

Book Sharing

Scanned by CamScanner

ည်။

ကျောင်းကပြန်လာသော မသက်က ကားထဲကနေလှမ်းမြင်သွားသည်။

ကားကိုလည်း မရပ်။ နှုတ်လည်း မဆက်။ ရယ်လည်း မပြ။

'အလိုက်မသိဘူး။ ကားရပ်ပြီးခေါ်ဖို့ ကောင်းပါတယ်။ ပစ္စည်းတွေက လေးလိုက်တာ။ လမ်းကြုံနေသားနဲ့။'

'ပေးပါ. . . ကြည်ဖြူဆွဲထားပေးပါ့မယ်'

ဟောလစ်ပုလင်းရယ်၊ အအေးပုလင်းရယ်၊ နို့ဆီရယ်၊ သကြားရယ်၊ လက်ဖက်ခြောက်ရယ်၊ ကော်ဖီမှုန့်ရယ်၊ ဘီစကစ်မုန့်ရယ် အများကြီးမို့ ဖေဦးက ရေရွတ်ညည်းညူ မကျေမချမ်းဖြစ်သွားတာပါ။

'တော်တော်ရိုင်းတယ်'

မသက်ကို သူကစိတ်ဆိုးနေ၏။ ကြည်ဖြူက ရယ်မိပါသည်။ စိတ်ထဲမှာ လည်း လေးသွား၏။ ဟန်ဆောင်ကောင်းသော မသက်က ဟန်ဆောင်ပန်ဆောင်ပင် ကားရပ်ခေါ်မတင်နိုင်လောက်အောင် ဖြစ်သွားခဲ့တာ အရပ်ဆိုးလွန်းလှ၏။ ဖေဦးကိုလည်း နှုတ်မဆက်။ ဘယ်တုန်းကမှ မသိခဲ့သလို လုပ်သွားလေသည်။

'ရက်စက်တယ်ကွာ. . . သက် ရက်စက်တယ်'

ဖေဦးက ကောင်းကင်ပေါ်မော့ကြည့်ကာ အော်ညည်းနေသည်။

'ရှင်က ကိုယ့်နေရာကိုယ်မနေဘဲ နေရာတကာရှည်ချင်တာကိုး။ ခုတော့ အိစိမ့်သွားပြီမဟုတ်လား။ ရှင့်ကို သက် ခေါ်မှာ မဟုတ်တော့ဘူး။ တင်းသွားပြီ'

Scanned by CamScanner

'တင်းပါစေ။ ပြတ်အောင်တင်းလည်း အေးရော'

'ဟောတော့. . . ရှင်ဒီလိုပြောသလား'

'ကြည်ဖြူရှိရင် ကျေနပ်တယ်'

'ဘုရားရေ. . ရှင်ဦးနှောက်ကောင်းရဲ့ လား ကိုရောဦး'

'အင်း. . . ကောင်းပါတယ်'

'ရှင်ရူးနေပြီ'

'မရူးပါဘူး။ မသက်ကိုချစ်ရတာ ပျင်းတယ်'

'တော်ပါပြီ။ တိတ်ပါတော့'

ကြည်ဖြူနွေးက ပြတ်သားစွာ တားမြစ်လိုက်ပါသည် ။ ရှေ့ဆက်ပြီး မကြားချင်တော့ပါ။ ခေါင်းရှုပ်ရလိမ့်မည်။

ကြိုတင်တားဆီးထားတာတောင်မှ . . . .

*

Scanned by CamScanner

ညစာအတွက် နွေးဟယ်. . .ရူးဟယ်. . ပြင်ဟယ်. . ဆင်ဟယ်ရှိနေသော ကြည်ဖြူနွေးအနားကို အန်တီထားက လျှောက်လာခဲ့ပါသည် ။

'သမီး. . . ကြည်ဖြူ'

'ရှင်. . . အန်တီထား'

အန်တီထားက ထမင်းစားပွဲခုံမှာ ခုံတစ်လုံးဆွဲယူထိုင်သည် ။

'မနက်ဖန်. . . သမီးပြန်ချင်ပြန်တော့'

'ရှင်'

ကြည်ဖြူ မခံနိုင်အောင်ဖြစ်သွား၏။

ကြားလိုက်ရတာအမှန်ပဲလား. . .

'မနက်ဖန်ဒေါ်လေးဆီ သမီးပြန်ချင်ပြန်တော့လို့ . . . အန်တီထား လုပ်နိုင်ပါပြီ။ ကျေးဇူးတင်ပါတယ်သမီးရယ်. . သမီးလည်း ညည်းငွေ့လှရောပေါ့'

ကြည်ဖြူက လက်သုတ်ပဝါလေးကိုခေါက်ပြီး စားပွဲပေါ်တင်ချရင်းက နာကျင်စွာပြုံးမိလေသည် ။

ဒီလောက်တောင်ပဲလားကွယ်။

ရောဦးနဲ့ လမ်းအတူတူလျှောက်ပြီး ပြန်လာမိတာကို သူတို့ ဘက်မှာ

အဲဒီလောက် ရဲဝံ့တဲ့ ဆုံးဖြတ်ချက်မျိုး ချနိုင်သလား။

'ဒီမှာ ဆို သမီးပျင်းနေတာမဟုတ်လား'

ကြည်ဖြူက ဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်သည် ။

'မနက်ဖန်ညနေ ပြန်ပေါ့'

ခေါ်တုန်းကလည်း သူတို့ ပါ။ ချက်ချင်းနှင်ပြန်တော့လည်း သူတို့ ။

'ဒေါ်လေးကိုလာခေါ်ဖို့ အန်တီထားပြောလိုက်ပါ့မယ်'

ကောင်းတာပေါ့ရှင်။ ပြန်ဆိုတော့လည်း ပြန်ရုံပေါ့။ ကြည်ဖြူဘက်က ဝမ်းနည်းစရာ တစ်စုံတစ်ရာမရှိ။

ဘယ်လိုပဲဖြစ်ဖြစ် ကျေနပ်ရမှာ က ကြည်ဖြူပါ။

ကြည်ဖြူဟာ အားလုံးရဲ့ ဆန္ဒအတိုင်းပါပဲ။

မသက်သဘောထားက အန်တီ့သဘောထားပဲ မဟုတ်လား။

မသက်ဆန္ဒကို အန်တီထားက ဖြည့်စွမ်းပေးရပါမည်။

'မျက်စိကိုနှောက်နေတာပဲ' ဟု စာအုပ်တွေကိုဘုန်းခနဲ ပစ်ချရေရွတ်သံကို ကြားရကတည်းက တစ်ခုခုဖြစ်လာတော့မှာ အကင်းပါးစွာသိပါသည် ။

အန်တီထားပြောလာမည့်အချိန်ကို စောင့်နေမိတာပါ။

*

Scanned by CamScanner

ထူးဆန်းလှစွာ. . . အဲဒီနေ့ညမှာ ပဲ ဒေါ်လေးရောက်လာခဲ့ပါသည် ။ အန်တီထားလည်း အံ့ဩနေခဲ့လေသည် ။

'ကြည်ဖြူကိုပြန်လာခေါ်တာပါ' ဟု ဒေါ်လေးကဆိုသောအခါ ဝမ်းနည်းအားငယ်စွာ မျက်ရည်တောင် လည်ခဲ့ပါသည် ။

'ဒေါ်လေးရယ်'

'ဩော်. . . ငိုစရာလား'

ဒေါ်လေးက ကြည်ဖြူကို ရယ်နေလေသည် ။ မရှက်နိုင်ဘဲ ငိုမိသည်အထိ ပျော်ပါ၏။

ဒေါ်လေးအရိပ်၏ အေးမြလုံခြုံခြင်းကို ပိုပြီးနားလည်လာသည် ။

ကြည်ဖြူကို ဘယ်တော့မှ စိတ်ရှုပ်အောင်မလုပ်တတ်တာ ဒေါ်လေးပါ။

အန်တီထားကလည်း နဂိုကတည်းက ပြန်စေချင်တာမို့ ဝမ်းသာသွားလေသည် ။

'ဒေါ်လေး. . . ကြည်ဖြူကိုသတိရတယ်ပေါ့. . ဟုတ်လား'

ကလေးဆန်စွာ အပြန်လမ်းမှာ မေးမိသည် ။

'ဆိုပါတော့အေ'

'ဆိုမယ်. . . ဆိုပြမယ်. . . ဒေါ်လေးနားထောင်'

Book Sharing

Scanned by CamScanner

ဒေါ်လေးလက်ကိုတစ်ဖက်ကဆွဲ. . . အဝတ်အစားထည့်ထားသော သားရေအိတ်ကို တစ်ဖက်ကဆွဲပြီး ကြည်ဖြူက အားပါးတရ သီချင်း အော်ဆိုသည်။

'ဟဲ့. . . လမ်းမကြီးမှာ။ အရှုးမရယ်. . . တိုးတိုးဆို'

'အကျယ်ကြီးဆိုချင်တယ်'

ဒေါ်လေးလက်မောင်းကို လှုပ်ခါလှုပ်ခါဆိုမိသည်။

'ကြည်ဖြူ'

'ဟင်'

ဒေါ်လေးက ကြည်ဖြူကိုသေသေချာချာကြည့်လေသည်။

'ဘာလဲဒေါ်လေးရဲ့'

ဒေါ်လေးမျက်လုံးတွေက ထူးခြားလေးနက်သည်။

ဘာကိုမှန်းမသိ။

'ဘာလို့လဲ ဒေါ်လေးရဲ့'

'သမီးသိပ်ကံကောင်းတယ်'

'ရှင်'

ကံကောင်းတယ်ဆိုတော့ ဘာကိုဘယ်လိုနားလည်ရမှာ လဲ။

'ဘာကံကောင်းတာလဲ ဒေါ်လေးရဲ့'

'ဒေါ်လေးတောင်မယုံဘူး'

'ဘာကိုလဲ'

Scanned by CamScanner

ကြည်ဖြူ သိချင်စိတ်ပြင်းထန်သွားရလေသည်။

'သမီးသိရမှာ ပါ'

'ခုပြောပေါ့ ဒေါ်လေးရဲ့'

'လူတစ်ယောက်က သမီးကိုလာတောင်းရမ်းတယ်'

ကြည်ဖြူမျက်လုံးလေးတွေ တဖျပ်ဖျပ်လက်သွားရသည်။

'ပိုင်လား'

ပိုင်နိုင်စွာ မေးမိသည်။ ရင်ထဲလည်း နွေးသွား၏။

'မောင်ပိုင်သူမဟုတ်ပါဘူး'

'ဟင်. . .'

ဒေါ်လေးမျက်နှာကို ခါးကိုင်းကာငဲ့စောင်းကြည့်မိပါသည်။

'ပိုင် မဟုတ်ဘူး . . . ဟုတ်လား'

'ဟုတ်တယ်သမီးရဲ့'

'ဒါဖြင့် ဘယ်သူလဲ'

'နေနိုင်ချို. . . ဒေါက်တာနေနိုင်ချိုတဲ့'

ကိုယ်လေးမတ် အံ့ဩစွာ နှုတ်ခမ်းလေးဖွင့်ဟ မယုံနိုင်အောင်ဖြစ်ရသူက ကြည်ဖြူ။ တစ်ခါမှ မကြားဖူးသော အမည်ပါ။ အစိမ်းသက်သက်။

'ဒေါ်လေးနဲ့ သိလို့ လား'

'မသိဘူး. . . ဒါပေမဲ့ အိမ်ပေါ်တက် လာပြီး လာတောင်းရမ်းတာတော့ တကယ်ပါသမီးရယ်. . . ဒေါ်လေးဖြင့် အိပ်မက်မက်နေသလားထင်မိတယ်'

Scanned by CamScanner

ကြည်ဖြူက ရယ်လည်း မရယ်နိုင်။ ငြင်းလည်း မငြင်းနိုင်။ ယုံလည်း မယုံနိုင်။ အံ့ဩမှုပိုကာ ဘာမှ ပြောဖို့ သတိမရ။

'အဲဒါကြောင့် သမီးကိုလာခေါ်တာ'

ဘာတွေဖြစ်ကုန်တာလဲ။ ကြည်ဖြူကိုယ်တိုင်ပင် နားမလည်တော့ပါ ။

နေနိုင်ချို. . .

စိတ်ထဲမှာ ရေရွတ်ကြည့်သည် ။

နေနိုင်ချို. . . သူကဘယ်သူလဲ။ ဘာလို့ ကြည်ဖြူကို ဒေါ်လေးဆီ လာတောင်းရတာတဲ့ လဲ။ စဉ်းစားလို့ ကိုမရ။

သူ့ကို ကြည်ဖြူမသိတာ ဘယ်လိုတွေးတွေး သေချာလှတော့သည် ။

*

Scanned by CamScanner

ဒေါ်လေးက ဖြစ်ခဲ့သမျှအကြောင်းစုံကို သေချာရှင်းပြပေမယ့်လည်း ကြည်ဖြူမရှင်းလင်းနိုင်ပါ။ ဘယ်လိုမှ မယုံနိုင်လောက်သောကိစ္စကြီးပါ။

'ကြည်ဖြူ့ကိုသိလို့ လား'

'အဲဒါ ဒေါ်လေးမမေးမိဘူးကွယ်'

ဒေါ်လေးကလည်း ဝမ်းသာလုံးဆို့ပြီး ဘာမှ ကိုမေးမထား။

'ကြည်ဖြူ့ကို ဒေါ်လေးက ယောကျ်ားယူစေချင်ပြီပေါ့ ဟုတ်လား'

ခုမှ ပဲ ရန်တွေ့ဖို့ သတိရသည် ။

'သမီးရယ်. . . ဒီလောက်ကုသိုလ်ကောင်းတာကွယ်။ ငြင်းစရာဘာအကြောင်းမှ မရှိဘူးကွဲ့'

'ချမ်းသာတာကိုပဲ ဒေါ်လေးက အထင်ကြီးနေရသလားလို့ '

'ဒီလိုမဟုတ်ပါဘူး'

'ဒါဖြင့် ဘယ်လိုလဲ'

'လူကောင်းသူကောင်းတွေပါပဲ။ ဒေါ်လေး လူကဲခတ်တတ်ပါတယ်။ မောင်ပိုင်သူ့ထက်သာတယ်။ သမီးလိမ္မာစမ်းပါ'

'မဟုတ်သေးပါဘူးဒေါ်လေးရယ်'

ကြည်ဖြူနွေးက ချက်ချင်းမဆုံးဖြတ်နိုင်ပါ။

Scanned by CamScanner

ထူးဆန်းအံ့ဩနေတာတစ်ခုပဲ ရှိသည် ။ ကျန်တာ ဘာခံစားမှုမှ မရှိ။

'ကြည်ဖြူ ဒေါ်လေးစကားကိုနားထောင်ပါနော်'

'နားမထောင်ဘူးလို့ လည်း . . . ကြည်ဖြူကမဆိုလိုပါဘူး။ ဒါပေမဲ့. . . ကြည်ဖြူ့ဘက်ကို နည်းနည်းတွေးပေးပါဦး။ ဒေါ်လေး ကတိတွေတောင်းနေတာ သိပ်စောတယ်။ ကြည်ဖြူဘာပြောနိုင်ဦးမှာ လဲ'

'ဘုရားပေးတဲ့ ဆုထူးဆုမြတ်ပါသမီးရယ်'

ဒေါ်လေးက ယုံကြည်နေသည် ။ ကိုပိုင်သူရောက်လာတာမို့ ဒေါ်လေးနှင့်စကားပြတ်သွားရလေသည် ။

'ဘယ်လိုလဲ'

တွေ့တွေ့ချင်းမှာ ပဲ ပိုင်က ရိုတိုတိုလုပ်၏။ ကြည်ဖြူက ပင့်သက်မောရှိုက်သည် ။ ပုံစံကြည့်ရတာ ကြည်ဖြူ့ကို လွမ်းစိတ်နှင့်ကြေကွဲနေပုံမရ။

'ဆရာဝန်ကြီးမလာဘူးလား'

'ဟင်'

ဘယ်ကဘယ်လိုကြားပြီး သိနေခဲ့ပါလိမ့်။ ပိုင်သိနေတာက သေချာသည် ။

'ပိုင် သိလို့ လား'

'တစ်ရပ်ကွက်လုံးသိတယ်'

'အဲဒါတော့ ပိုတာပါ'

'မပိုဘူး. . . လူတိုင်းသိနေပြီ'

Book Sharing

Scanned by CamScanner

ပိုင့်မျက်လုံးတွေမှာ လှောင်ပြောင်ရိပ်ကိုတွေ့ရ၏။

တကယ်ဆို...

'ကြည်ဖြူရယ် . . . ပိုင်သတိရလိုက်တာ' လို့ ပထမဆုံးပြောသင့်တာပါ။ ငှပ်လျှိုးတိမ်မြုပ်စပြုသောရင်ခုန်သံက ဟိုး အနက်ရှိုင်းဆုံးအထိ ကျရှုံးကာ လုံးဝပေါ်မလာတော့ပေ။

ကြည်ဖြူ့နှလုံးသားက အနည်ထိုင် အေးခဲသွားသည် ။

အန်တီထားတို့ အိမ်မှာ နေတုန်းက လွမ်းမိသလိုလိုရှိခဲ့ဖူးတာကို နှမြောလှပါသည် ။

ကြည်ဖြူ့နှလုံးသားနှင့်မတန်သော ပိုင်ပါ။

အစကတည်းက မေ့ထားသင့်ပါသည် ။

*

Scanned by CamScanner

တံခါးလက်ကိုင်ဘုချောင်နေတာကို ပြုပြင်ပြီးစီးသွားတော့ နေနိုင်အိပ်ရာပေါ် ပစ်လှဲချလိုက်သည် ။

ပြီးတော့. . . ဟူးခနဲ သက်ပြင်းချ၏။

ခုတလော အိပ်ရာပေါ်လှဲလျောင်းလိုက်လျှင် ပြန်မထချင်။ ဒီအတိုင်းပဲ တိတ်တိတ်ဆိတ်ဆိတ် ခွေနေချင်သည် ။

'အစ်ကိုကြီး. . . တယ်လီဖုန်း'

'ဟာကွာ. . . ကျွတ်'

အိမ်ကကောင်မလေးလာပြောတော့ ကျွတ်ခနဲရေရွတ်မိသည် ။

မထချင်ပါဘူးဆိုမှ ကွာ။

ဒီဖုန်းက အရေးထဲ။

လူပျင်းတော့ ဘယ်ဟုတ်မလဲ။ ဒါပေမဲ့ ဖုန်းထပြောဖို့ တောင် စိတ်မပါနိုင်အောင်ဖြစ်နေတာတော့ အမှန်ပါ။

နေမကောင်းလို့ လားလို့ မေးစရာရှိသည် ။

ဒါပေမဲ့ နေမကောင်းတာလည်း မဟုတ်။

ရှင်းရှင်းပြောရရင်တော့ စိတ်ဓာတ်ကျနေတာ။

ဘာကိုမှ စိတ်ထဲအလိုမကျ။ အဆင်မပြေ။

Scanned by CamScanner

ဒီနေ့ ဆေးရုံသွားစရာရှိတာတောင် မသွားဘဲခွင့်တင်လိုက်သည် ။

ညနေဘက် ကလင်းနစ်လည်း မသွားတော့ဖို့ ပဲ စိတ်ကူးမိသည် ။

မေမေရယ်. . .

ကျွန်တော်ခံစားရတယ်. . .

နားမလည်နိုင်တော့ဘူး။

သားအပေါ် ဆုံးဖြတ်ချက် ပြင်းထန်လွန်းတယ်ဗျာ။

ဘာမှ ကို တွေးမရတော့ဘူး။

နေနိုင်က ခေါင်းတစ်ချက်ခါယမ်းရင်း ပင့်သက်ရှိုက်ပြန်သည် ။

မစဉ်းစားတာပဲကောင်းမည်။

စိတ်ထဲတစစ်စစ် တနုံ့နုံ့တွေးလက်စနှင့်ပဲ ဖုန်းနားထောင်လိုက်၏။

'ဟယ်လို. . .'

'နေနိုင်လား. . '

'ဩော်. . . မင်းသိန်း. . . ပြော'

'ငါ ကင်န်တင်းကဆက်နေတာ. . . '

'ဟုတ်လား'

'မင်းဘာလို့ မလာတာလဲ'

'ပြောရဦးမှာ လားကွာ. . . မင်းသိနေတာပဲ'

နေနိုင့်စကားသံလေးက စိတ်ပျက်လက်ပျက် အားလျော့နေသည် ။

ဘာတွေထပ်ပြီး ရှင်းပြရဦးမလဲကွာ။

Scanned by CamScanner

ဒီအကြောင်းအရာနဲ့ ခေါင်းတွေသိပ်ပူနေပြီ။

အခင်ဆုံးသူငယ်ချင်းဆိုတော့ မင်းသိန်းထံ ရင်ဖွင့်ခဲ့ပြီးပြီလေ။ အဖြစ်အပျက်တွေအားလုံး ဒီကောင်သိနေပြီးသားပါ။

'နေနိုင်'

'ဟင်'

'ဖုန်းပြောရင်းနဲ့ ငြိမ်နေပြန်ပြီ'

'မဟုတ်ပါဘူးကွာ'

'ငါ ဒီကအပြန် မင်းဆီလှည့်ဝင်ခဲ့မယ်. . . မင်းစောင့်နေလိုက်. . .'

'အိုကေ. . . စောင့်မှာ ပေါ့. . . လာ လိုက်လေ'

'အေး. . . ကောင်းပြီ. . ဒါဖြင့်. . ဩော်. . နေဦး ဒီညနေ. . ဆေးခန်း. .
'

'မေးမနေနဲ့ မင်းသိန်းရာ. . မင်းပဲထိုင်ပေးဦး'

'ဟာ. . . ပေးရှင့်တွေက မင်းကိုတမေးထဲမေးတာ. . မမိုက်ပါဘူးကွာ'

'လုပ်စမ်းပါ. . ဒီလောက်မညည်းပါနဲ့ . . တစ်ရက်နှစ်ရက်တော့သည်းခံကွာ. . . ငါတစ်ခုခုကြည့်စီစဉ်ပေါ့မယ်'

'ဘာစီစဉ်မှာ လဲ'

မင်းသိန်းက သိချင်၏။

နေနိုင်က တခဏာမျှတ်ဆိတ်နေလိုက်ပြီး. . .

'ငါ တစ်နေရာရာကွာ. . . ဝေးရင်ပြီးရော. . ရှောင်နေလိုက်ချင်တယ်. . .'

Scanned by CamScanner

'ဟာ. . အစိပ္ပာယ်မရှိ'

'တကယ်ပြောတာကွ. . . ငါအရမ်းညစ်နေတယ်. . . မကျေနပ်တာတွေများ နေတယ်'

'မားသားကြီးကိစ္စလား'

'မေမေက နေသိပ်မကောင်းချင်ဘူး'

'မင်းက စိတ်ဆင်းရဲအောင်လုပ်တာကိုး'

'ဒါတော့ကွာ. . .'

စကားကိုတစ်ပိုင်းတစ်စနှင့် ရပ်ထားရင်း နေနိုင်မျက်နှာလေးက မှုန်မှိုင်းလာရ၏။

'ဒီပြဿနာတွေ ငါမမျှော်လင့်ထားဘူး'

'ပြဿနာတော့ ဘယ်ဟုတ်မလဲကွ. . မင်းကခေါင်းမာနေတာကိုး. . . တကယ်ဆို မင်းအမေသဘောအတိုင်းလိုက်သွား ပြီးပြီပဲ. . . စိတ်နည်းနည်းလျှော့'

မင်းသိန်းက သူ့ကိုဖျောင်းဖျချင်ဟန်။

နေနိုင် နှုတ်ဆိတ်နေလိုက်သည် ။

'ကဲပါကွာ. . . ဒီလောက်လည်း ဖြစ်မနေစမ်းပါနဲ့ . . ငါလာခဲ့ပါမယ်. . . လာမှ ဆက်ဆွေးနွေးတာပေါ့'

ဒီကောင်က ဆွေးနွေးဦးမယ်တဲ့ ။

ဘာများ ထူးလာနိုင်လို့ လဲကွာ။

'နေနိုင်. . . မင်းကိုမေသူမေးတယ်ကွ. . သိလား'

Book Sharing

Scanned by CamScanner

'ဘာကိုလဲ'

'အင်ဂေ့ချ်လုပ်တော့မှာ ဟုတ်လား . . ဘာညာပေါ့'

'ဘယ်လိုသိတာလဲ'

'လူသတင်း လူချင်းဆောင်တာပဲလေ'

'မင်းက ဘာပြောလိုက်လဲ'

'လူကြီးတွေညှိနေကြတယ်လို့ '

'အဲဒီတော့. . . '

'သူကစိတ်ဝင်တစားပဲ. . . မင်းလက်ခံလိုက်ပြီလားတဲ့ . . ငါ့ကိုသေချာမေးနေတယ်'

'သူက ဘာကြောင့်သိချင်ရတာလဲ'

နေနိုင့်စကားသံတွေ ခုတလောတယ်လည်း စိတ်မရှည်။

မြင်မြင်ရာ. . . ဘုတောပြီး ရမ်းပစ်ချင်သည် ။

ခုလည်း စိတ်တိုတိုနှင့် မင်းသိန်းကို ခပ်မာမာပဲ မေးခွန်းပြန်ထုတ်ပစ်လိုက်မိ၏။

မင်းသိန်းကလည်း သူ့လေသံကိုအမြင်ကတ်သလို. . .

'ဒါတော့ ငါဘယ်သိမလဲကွ. . . မင်းအကြောင်း မင်းပဲသိမှာ '

'ဟုတ်တယ်. . . သိတယ်လေ. . . ဘာဖြစ်လဲ. . ဒီကောင်မလေးကိုခိုးပြေးလိုက်ရင် အေးမယ်ထင်တယ်. . . ဒီတစ်ခါတွေ့ရင်ပြောလိုက်ဦး. . . '

'သေချာမှ ပြောနော်. . . ဟိုက အိတ်တွေဘာတွေပြင်ထားဦးမယ်. .

Scanned by CamScanner

ဟဲ. . . ဟဲ'

မင်းသိန်းက သူ့ကိုပြန်နှောက်သည် ။

'တော်စမ်းပါကွာ. . . '

နေနိုင်တစ်ချက်အော်ကာ ဖုန်းချလိုက်သည် ။

'အစ်ကိုကြီး. . .'

သူ့ကိုဘယ်အချိန်က ချောင်းနေမှန်းမသိသောကောင်မလေးက သူ လှည့်မထွက်ခင် မြန်မြန်ခေါ်ထား၏။

'ဘာလဲ. . . ဘာဖြစ်ပြန်ပြီလဲ'

'ဟိုလေ. . . ဟိုလေ. . မီးပူတိုက်နေရင်း ဘာဖြစ်သွားမှန်းမသိဘူး. . . မီးပူကမပူတော့လို့ . . . '

'ဖြစ်ရမယ်. . . နင်ကလည်း တစ်မျိုး. . . မတိုက်နဲ့ တော့ဟာ'

'အဝတ်တွေက တိုက်စရာတစ်ပုံကြီး'

'ဒါဖြင့်လည်း မီးပူအသစ်ထုတ်. . .'

'မီးပူအသစ်က ထုတ်ပေးထားတာမကြာသေးဘူး. . ပြီးတော့ မေမေကြီးအခန်းက ပိတ်ထားတော့ သွားမပြောရဲဘူး'

'ရှုပ်လိုက်တာဟာ . . . ကဲ . . . ငါပဲကြည့်ပေးရမယ့်သဘောပေါ့ ဟုတ်လား'

'အဲလိုလည်း . . . မဟုတ်ပါဘူး'

'ဘာ မဟုတ်ဘူး လဲ. . . သွား. . . နင့်မီးပူငါ့ဆီယူလာပြ'

'ဟုတ်ကဲ့. . .'

Scanned by CamScanner

ကောင်မလေးက ဇက်ကလေးပုပြီး ဟုတ်ကဲ့ပြီးမှ လှစ်ခနဲပြေးသွား၏။

နေနိုင်က ဆံပင်တွေထဲ လက်ထိုးသွင်း ဖွပစ်လိုက်သည် ။ ဘာမှ မလုပ်ချင်လို့ စိတ်ပျက်ပျက်နှင့် အခန်းအောင်းနေကာမှ ကိစ္စတွေက တစ်ခုမဟုတ်တစ်ခု။

စောစောက တံခါးလက်ကိုင်ဘုချောင်နေလို့ ကျပ်ပေးရပြီးပြီ။

အိပ်မယ်ကြံတော့ ဖုန်းကထမြည်။

ဟော. . . အခုဖုန်းပြောပြီးပြန်တော့ မီးပူကပြင်ပေးရဦးမည်။

စိတ်ကုန်ဖွယ်ပဲကွာ။

ဘယ်နားသွားနေရမလဲ။

မေမေကတော့ ဘာတွေလုပ်နေသလဲ မသိ။

သူကရှောင်နေတာလား. . . မေမေကပုန်းအောင်းနေတာလား. . . မတွေ့ကြတာတော့ တကယ်ပါ။

သူကလည်း စကားသိပ်မပြောချင်နေတာနှင့်တော့ အဆင်ပြေပါသည် ။

မတွေ့တော့ ပြောစရာမလိုဘူးလေ။

ခုအချိန်မှာ သူတို့ သားအမိ စကားပြောဖြစ်ကြပြီဟော့ဆိုရင်လည်း ပြေလည်အေးဆေးဖို့ မဖြစ်နိုင်။

တစ်ယောက်တစ်ခွန်း အားပြိုင်ငြင်းခုံရလိမ့်မည်။

သေချာပါသည် ။

Scanned by CamScanner

သူလည်း ပဲ ဒေါသထွက်ရင်ထွက်. . . ဒေါသမဟုတ်ရင် ဝမ်းနည်းခံပြင်းမိလိမ့်မည်။

အရင်တုန်းကတော့ သူတစ်ခါမှ မေမေ့ကိုပြန်မပြောဘူးပါ။

မေမေ့စကားဆိုမငြင်းခဲ့။ အတတ်နိုင်ဆုံး လိုက်လျောခဲ့တာပဲလေ။

သူ့ကြောင့် မေမေစိတ်ငြိုငြင်ရတယ်ဆိုတာ ဘယ်တော့မှ မရှိခဲ့ပါဘူး ။

ခုတစ်ခါမှ သာ။

ဒီကိစ္စကတော့ လက်သင့်ခံဖို့ မလွယ်ကူပါ။

သူ့သဘောနှင့်သူ စိစဉ်ရက်သော မေမေ့ကို နေနိုင်စိတ်ခုသည် ။

သူ့ရင်ထဲကခံစားမှုကို မေမေနားမလည်။

သားအမိချင်းမှာ လည်း တစ်ယောက်ကိုတစ်ယောက် နားလည်မှုလို အပ်တာပဲမဟုတ်လား။

ဒီလိုပဋိပက္ခမျိုး သူမဖြစ်ချင်။

ရင်ထဲမှာ နာကျင်ကြေကွဲရသည် ။

ဒီမပြေလည်မှုတွေကို မေမေဘာကြောင့် ဖန်တီးခဲ့ရသလဲမသိပါ။

'မိန်းမယူစေချင်ရင်. . သားဘာသာအဆင်ပြေတာ ရှာယူပါ့မယ်မေ မေရာ. . .'

သူတောင်းတောင်းပန်ပန် အယူခံဝင်ကြည့်သေးသည် ။

မေမေက ခေါင်းခါသည် ။

ဒါဆို ဒါပဲတဲ့ ။

Scanned by CamScanner

သူယူရမယ့်မိန်းမက ကြည်ဖြူကလွဲလို့ တခြားဘယ်သူမှ မဖြစ်နိုင်။ မဖြစ်စေရတဲ့ ။

ကဲ. . . ဒီအမိန့်က မလွန်လွန်းဘူးလားကွာ။

ဒီလောကထဲမှာ ကြည်ဖြူတစ်ယောက်ပဲ မိန်းမရှိသလား။ သူ့ခံစားမှုကိုကျ ထည့်မတွက်တော့ဘူးလား။

တွေးလေ. . . မချင့်မရဲခံစားရလေ. . .။

တစ်သက်လုံးက ချိုသာပျော့ပျောင်းကြင်နာတတ်တဲ့ မေမေက ဒီအကြောင်းအရာနှင့်ပတ်သက်လျှင် အရင်တုန်းက မေမေမှ ဟုတ်ရဲ့လား။ နှစ်ကိုယ်ခွဲထဲက နောက်တစ်ယောက်လား ထင်မှတ်မှားချင်စရာကောင်းအောင် မေမေပြောင်းလဲခဲ့ပါသည် ။

သူ့အပေါ် တင်းမာခဲ့သည် ။

တစ်ဖက်သတ်ဆန်ခဲ့သည် ။

ညင်သာပျော့ပျောင်းမှုမပါ. . . ဒါဆိုမှ ဒါမှ တစ်ယူသန်လှသည် ။

မေမေဒီလိုပြောင်းလဲသွားတာ. . . သိပ်တော့မကြာသေးပါ။

လွန်ခဲ့တဲ့ လေးငါးလကစတင်ခဲ့သည် ဆိုရမှာ ပဲ။

တစ်ခုခုကို အပြင်းအထန်စိတ်ရှုပ် သောကရောက်ခဲ့ပုံဖြင့် အိပ်ရာထဲတောင်လဲသည် ။

မေမေသူ့အပေါ် ဘာတွေကွယ်ဝှက်ထားသလဲ။

သူကတော့ ဘာပဲဖြစ်ဖြစ် ခွဲဝေခံစားမျှယူချင်တာအမှန်ပါ။

ဒီသားအမိလေးနှစ်ယောက်ရှိတာ။

Scanned by CamScanner

ဆိုးအတူ...ကောင်းအတူ...ညီတူညီမျှပဲဖြစ်ချင်သည် ။

မေမေသိပြီး သူမသိရသောကိစ္စမျိုးမရှိချင်ပါ။

မေမေ့မျက်နှာရိပ်ကို အမြဲမပြတ် အကဲခတ်နေတတ်သောနေနိုင်က မေမေမျက်နှာညှိုးကာ တစ်စုံတစ်ရာအတွက် စိတ်သောကရောက်နေမှန်း သတိထားမိခဲ့ပါသည် ။

ဒါကြောင့်လည်း သူဖွင့်မေးခဲ့သည် ။

'မေမေ တစ်ခုခုဖြစ်နေတယ်နော်...သားကြည့်နေတာကြာပြီ'

မေမေက သူ့ကိုစေ့စေ့ကြည့်ရင်း ညင်သာစွာပြုံးသည် ။

မေမေ့အပြုံးက သိပ်မပီ။

ထိုအပြုံးမှာ လျှို့ဝှက်ချက်တွေပါဝင်နေသည် ဟု နေနိုင်ထင်မိလေသည် ။

'မေမေ...ပြောလေဗျာ'

သူတောင်းဆိုမိသည် ။ သူနှင့်မေမေ့ကြားမှာ လျှို့ဝှက်ထားစရာ ဘာအကြောင်းရှိမှာ လဲ။

သူသိချင်လှသည် ။

'ဘာမှ မဟုတ်ပါဘူးကွယ်'

'မေမေမညာနဲ့ နော်'

'သားသိဖို့ မလိုသေးပါဘူးကွယ်'

မေမေက စကားထပ်အစမခံ။ ထိုနေရာမှာ ပဲ ပြတ်ပြတ်သားသားရပ်နေခဲ့သည် ။

Scanned by CamScanner

သူလည်း ဘာမှ မတတ်နိုင်။

ဒီအတိုင်းသာစောင့်ကြည့်နေခဲ့ရသည် ။

ထို့နောက် သိပ်မကြာ။

တစ်ရက်မှာ မေမေရှိုက်ငိုနေသံကို နေနိုင်ကြားရသည် ။

ရုတ်တရက် သူ့စိတ်တွေ ပူလောင်ဗျာယာခတ်သွားရသည် ။

အနားသို့ချက်ချင်းပြေးကာ. . .

'ဘာဖြစ်လို့ လဲမေမေ. . . သားကိုပြောပါ. . . ဖွင့်ပြောပြပါ. . . သားဟာ မေမေ့သားပါ. . သူစိမ်း မဟုတ်ဘူး '

သူအတင်းအကျပ် တတ,တ, မေးသည် ။

မေမေ့မျက်ရည်တွေကိုမြင်ရတာ သူစိတ်ကောင်းနိုင်ပါ့မလား။ နှလုံးသားတွေကို ဖျစ်ညှစ်ဆုပ်ခြေခံရသလို ထင်မှတ်မိသည် ။

လောကကြီးမှာ ဒီအမေတစ်ယောက်ကိုပဲ သူအချစ်ဆုံးအသည်းရဆုံးပါ။

ဒီအမေပြုံးပျော်ကျေနပ်နေတာပဲ မြင်ချင်သည် ။

ကိုယ်လုပ်ပေးနိုင်တာဆိုလည်း ဘာမဆို ကူညီလုပ်ပေးချင်ပါသည် ။

ဒါဟာ ရင်ထဲကဆန္ဒအမှန်ပါ။

သူမေမေ့ကို ဂရုမစိုက်သလိုတော့ ဖြစ်ကောင်းဖြစ်ခဲ့လိမ့်မည်။

ဆေးရုံသွားလိုက်. . . ညနေဆိုလည်း ရေလေးမိုးလေးချိုးကာ ဆေးခန်းပြေး. . . နားတဲ့ အချိန်လေးကျတော့လည်း လူငယ်ပီပီ သူငယ်ချင်းတွေနှင့်ဆိုင်လေးဘာလေးထိုင်နှင့် သူ့ဘာသာ တစ်နေ့ပြီးတစ်နေ့ ဖြတ်

Scanned by CamScanner

သန်းနေတာမို့ မေမေ့ကိုမေ့ထား ပစ်ထားသလိုတော့ရှိခဲ့ပါသည် ။

သူက ပါးစပ်က တဖွဖွထုတ်မပြောတတ်သော်လည်း ရင်ထဲမှာတော့ မေမေအစိကပါ။

နေနိုင်သည် မေမေ့ကို အတင်းပွေ့ထားရင်း စိတ်လှုပ်ရှားစွာမေးမိသည် ။

'ဘာဖြစ်တာလဲ. . . သားကိုပြောပါ'

မေမေက ချက်ချင်းမျက်ရည်သုတ်ပြီး တည်ငြိမ်ဖို့ ကြိုးစားသည် ။

မေမေ့မျက်လုံးတွေက အမြဲတမ်း ထက်မြက်စူးရှသည် မဟုတ်လား။

'သားနဲ့ ဆိုင်သလားဟင်. . . သားဘာလုပ်မိလို့ လဲ'

မရဲတရဲ ပြန်စိုက်ကြည့်ကာ အမောတကောမေးမိသည် ။

မေမေ့မျက်လုံးတွေက သူ့အပေါ်စူးစိုက်နေသည် မဟုတ်လား။

'သား'

'ဗျာ'

မေမေက ချက်ချင်းမပြောတာမို့. . .

'ဘာပြောချင်တာလဲမေမေ. . . ပြောပါဗျာ. . . သားနားထောင်ပါ့မယ်. . . မေမေဖြစ်စေချင်တာဘာလဲ. . . ပြော. . ဘာအခက်အခဲရှိလို့ လဲ. . . သားဖြေရှင်းလို့ ရရင် ဖြေရှင်းမယ်. . . သားကိုယုံစမ်းပါ'

မေမေ့မျက်လုံးတွေ အရောင်တဖျတ်ဖျတ်လက်လာသည် ။

'ကောင်းပြီ. . . မေမေသေချာပြောမယ်. . . နားထောင်'

'ဟုတ်ကဲ့'

Scanned by CamScanner

နေနိုင်အသက်မရှုရဲ. . .

မေမေ့မျက်လုံး. . . မေမေ့မျက်နှာထားလေးက ထူးခြားဆန်းကြယ်နေသည် မဟုတ်လား။

တကယ်လည်း ပဲ မေမေ့စကားက သူ့ကိုတခဏတော့ ဆွံ့အသွားစေခဲ့သည် ။

'မေမေ ပြောချင်တာက တစ်ခုတည်းပါ. . . သားအိမ်ထောင်ပြုဖို့ . . . '

နေနိုင် ငြိမ်ကျသွားပြီးမှ နောက်တော့ အသာပြုံးကာ. .

'ဒါများ မေမေရာ. . . မေမေကယူစေချင်ရင် ယူမှာ ပေါ့. . . ဟား. . . ဟား. . . မိန်းမယူတာ ဘာများ ဆန်းလို့ လဲ ချွေးမချောချောလေးဆိုဖြစ်တယ်မဟုတ်လား. . . ဟား. . ဟား. . '

သူ့စိတ်တွေပေါ့ပါးသွားရသည် ။

မေမေတို့ များ မိန်းမလည်း ယူစေချင်. . . သူ့သားလည်း သူ့နားမှာ ခုကတည်းကငိုသတဲ့ ဗျာ။

နေနိုင်က သူ့အမေခါးကိုဖက်ကာ တစ်ချက်တောင် မွှေ့ယမ်းလိုက်သေး၏။

မေမေ့စိတ်တွေ ပေါ့ပါးလန်းဆန်းလာရအောင်ပါ။

သူ့ကို မေမေက ခုထိ ကလေးထင်နေတုန်း။

ဆရာဝန်တစ်ယောက်ပဲဖြစ်နေပြီ။ ဘာလေးဖြစ်ဖြစ် အသေးစိတ် လိုက်ပြုစုတုန်းပါ။

ဒီတော့ သူ့ကို အိမ်ထောင်လည်း ပြုစေချင်။

Scanned by CamScanner

ခွဲကလည်း မခွဲနိုင်။ အဲဒါမျိုးတွေဖြစ်ပြီး ကျိတ်စိုးရိမ်နေတာဖြစ်မည်။

'ဘယ်တော့လောက်ယူရမှာ လဲမေမေ. . . သားကိုရွေးချိန်ဘယ်လောက်ပေးမလဲ. . . ဘာမှ မပူပါနဲ့ မေမေရယ်. . သားက မိန်းမယူပြီးလည်း မေမေနဲ့ ပဲနေမှာ ဗျ. . . သိလား'

ဒီကိစ္စများ ဘာအရေးကြီးလဲဟု နေနိုင်တွေးသည်။

မေမေကကြံဖန်သောကမွေးမြူတာပဲလေ။

'နေနိုင်'

မေမေက သူ့အမည်ကို တလေးတနက် ခေါ်သည်။

ခေါ်သံမှာ နက်ရှိုင်းသော စွမ်းအင်တစ်မျိုးပါသည်။

သူ မေမေ့ကို ဖျတ်ခနဲ မျက်လုံးချင်းဆုံကြည့်လိုက်၏။

'မေမေ'

'သားကိုရွေးဖို့ လည်း အချိန်မပေးနိုင်ဘူး. . ရွေးစရာလည်း မလိုတော့ဘူး. . .'

'ဗျာ. . . ဘယ်လိုမေမေ'

နေနိုင် မျက်ခုံးပင့်သွားရသည်။

'မြန်မြန်ပဲလက်ထပ်ရမယ်. . . ခုလာမယ့် လဆန်းမှာ စီစဉ်ထားတယ်. . .'

နေနိုင့်ရင်ထဲ ဒိန်းခနဲမြည်ကာ လန့်သွားရသည်။

သူ့ရဲ့ တစ်ဘဝစာအရေးကြီးဆုံးကိစ္စကို ဒီလိုဖြုန်းစားကြီး ဘာကြော

Book Sharing
Scanned by CamScanner

ငံ့စိစဉ်ရမှာ လဲ။

ဖုတ်ပူမီးတိုက်ဖြစ်နေရအောင် သူက ဘာများ ဖြစ်နေလို့ လဲ။

ပြန်စဉ်းစားကြည့်တော့လည်း သူဘာမှ မမှား. . .။

'ဘယ်သူနဲ့ လဲ'

သူ့မေးခွန်းက ခပ်လောလော ခုန်ထွက်လာရသည် ။

'ကြည်ဖြူ'

'ကြည်ဖြူနဲ့ . . . ဟုတ်လား'

မေမေက ပိုင်နိုင်သေချာလှစွာ ခေါင်းကိုဖြေးဖြေးညိတ်ပြသည် ။

'ကြည်ဖြူနွေးတဲ့ . . . မိန်းကလေးက သိပ်ချစ်စရာကောင်းတယ်. . . သားသူ့ကိုလက်ခံရမယ်နော်. . . မေမေအဖြစ်စေချင်ဆုံးဆန္ဒက အဲဒါပဲ သား. . . သားလိုက်လျောပါကွယ်. . .နော်. . .'

မေမေက သူ့ဆံပင်များကို ပွတ်သပ်ချော့မော့ကာ တစ်ဆက်တည်း နားချသည် ။

နေနိုင့်နှုတ်ခမ်းများက တင်းစေ့လျက် ဘာမှ ပြန်မဖြေနိုင်အောင်ရှိ သည် ။

*

Scanned by CamScanner

'အိမ်မပြန်ချင်ဘူးကွာ. . . တစ်နေရာရာမောင်း'

မင်းသိန်းက သူ့ဘက်လှည့်ကြည့်သည်။

'ဘယ်နေရာလဲ'

'ဘီယာဂါးဒင်းတစ်ခုခု. . . '

မင်းသိန်းက ဟုတ်မှ ဟုတ်ရဲ့ လားလို့ မျက်ခုံးကိုပင့်ပြီး ကြည့်သည်။

'ငါ မင်းကိုရင်ဖွင့်ချင်တာတွေရှိတယ်ကွာ. . . ပြီးတော့ ငါ မူးလည်း မူးချင်တယ်. . . '

'အဆန်းပါလား. . .'

'ကြားရရင် ပိုဆန်းသွားမယ်. . . '

'ပြီးရောလေ. . . '

မင်းသိန်းက သဘောပေါက်လွယ်သည်။ သူများ စိတ်ထဲ ဘာဖြစ်ချင်သလဲ မသိမသာ ဝိုင်းဖြည့်ဆည်းပေးတတ်သူမို့ ဘာမှ ထပ်မပြောဘဲ သန့်ရှင်းကျယ်ဝန်းသည့် ဆိုင်လေးတစ်ခုကို ရွေးချယ်လိုက်သည်။

ညနေခင်းပဲရှိသေးတာမို့ စားပွဲအပြည့်တော့ လူမရောက်သေး။

ခြံဝန်းကျယ်ထဲမှာ တစ်ဝိုင်းနှင့်တစ်ဝိုင်း သိပ်မကပ်စေဘဲ လွတ်လွတ်လပ်လပ် မှာ ယူစားသောက်နိုင်သည့်နေရာမို့ ကားရပ်တဲ့ နေရာမှာတော့ ကားတွေပြည့်သလောက်ရှိနေသည်။

Scanned by CamScanner

မန္တလေးဘီယာနှင့်အမြည်းစုံမှာ ကာ နေနိုင်က စိတ်ထဲတင်းမထားနိုင်တော့သည့် စကားများကို ဖွင့်အံလိုက်သည် ။

'မေမေက ငါ့ကိုမိန်းမပေးစားတော့မယ်'

'အဲဒါဘာဖြစ်လဲ. . . မင်းအရွယ်. . . ယူသင့်ပြီပဲ'

'သူ့သဘောနဲ့ သူ စိစဉ်ထားတယ်. . . ရှေ့လဆန်းတဲ့ '

'မြန်သားပဲကွ. . . မဆိုးပါဘူး'

'အဲဒီမိန်းမနာမည်က ကြည်ဖြူနွေး'

'နာမည်လှတယ်. . . '

'လူလည်း လှပါတယ်တဲ့ . . . '

'အဲဒါများ . . . မင်းလေသံက စိတ်မပါလက်မပါနဲ့ . . ဘာဖြစ်နေတာလဲ'

'ငါပြောတာ ဆက်နားထောင်ဦး. . . မင်းသိန်း. . မင်းအံ့ဩသွားမယ်. .'

နေနိုင်က ယမကာဖန်ခွက်လေးကို နှုတ်ခမ်းနှင့်တေ့ကာ မျှဉ်း၍ စုပ်ယူလိုက်သည် ။

လည်ချောင်းထဲမှာ ပူဆင်းသွား၏။

'မင်းသိန်း'

'ပြော'

'ငါ့အမေ ငါ့ကိုချစ်တယ်လို့ မင်းထင်လား. . . '

'ဒါ . . ထင်စရာလိုသေးလား. . . အသိသာကြီး'

Scanned by CamScanner

'သူရှာပေးတဲ့ အမျိုးသမီးရော ကောင်းမယ်ထင်လား'

'သူ့စိတ်ကြိုက်ရှာထားတဲ့ ချွေးမလောင်းပဲကွ။ ကောင်းမွန်တာထက် ပိုနေဦးမယ်. . .'

'အေးလေ. . . ငါလည်း အစကတော့ အဲဒီလိုပဲယုံတာ'

နေနိုင့်စကားသံက စိတ်ထိခိုက်ပုံရသည်။

'အခုဘာဖြစ်လို့ လဲ'

'မပြောချင်ဘူး. . . မင်းသိန်းရာ'

'ဟ. . . မင်းပဲပြောမယ်. . ဆိုပြီး'

'ဒါပေမဲ့. . . ပြောဖို့ ငါဝန်လေးနေတယ်. . '

နေနိုင့်ပုံစံကြောင့် မင်းသိန်းက ပိုစိတ်ဝင်စားလာသည်။

ဒီကောင်က လူရိုးလူဖြောင့်လေးပါ။

စိတ်ထားလေးလည်း ပြောစရာမရှိ။

'ဝန်လေးလောက်အောင် ဘာဖြစ်နေလို့ လဲ. . .အဲဒီကောင်မလေးမှာ ပြစ်ချက်တွေ့ထားလို့ လား. . .'

နေနိုင်က ခေါင်းခါယမ်း၏။

'ငါကွာ. . .မင်းသိပါတယ်. . . ငါလက်ထပ်မယ့်သူကို အများကြီး လောဘတကြီး ရည်မှန်းမထားပါဘူး. . . တော်ရုံတန်ရုံ ဣန္ဒြေရှင်လေးဖြစ်ပြီး ပညာနည်းနည်းတတ်ရင်တော်ပြီ'

'အခု. . . အဲဒီကြည်ဖြူက ဘာဖြစ်နေလို့ လဲ'

'မေမေ ပြောတာတော့ သူကနှမ်းပါးတယ်. . .'

Scanned by CamScanner

'ညြော်. . .'

'ပြီးတော့ မိဘအုပ်ထိန်းမှုမရှိဘူး. . . ဆွေမျိုးတွေအိမ် လျှောက်နေတယ်. . .'

မင်းသိန်းက မျက်မှောင်ကုတ်၍ သူ့စကားကိုရှုးစိုက်နားထောင်သည်။

'နေစရာ သတ်သတ်မှတ်မှတ်မရှိလို့ အဆင်ပြေတဲ့ နေရာ မှီခိုရတော့ သူ့အခြေအနေဘယ်လိုဖြစ်နေမလဲ. . . မင်းစဉ်းစားကြည့်. . . အိမ်ဖော် သာသာဖြစ်နေမှာ '

'ဟာ. . . မင်းကလည်း '

မင်းသိန်းက ဟန့်သည် ။

သူ့စကားက ကြားရဆိုးဟန်တူ၏။ ဒါပေမဲ့ ကိုယ်ကတော့ အမှန်ကိုပြောတာပါ။

'အဲဒါထက်ပိုဆိုးတာက ရည်းစားများ တယ်. . . တွဲခဲ့ဖူးတဲ့ လူတွေစုံတယ်'

'ဟာ. . . ဟုတ်ပ့ါမလား'

'မင်းကိုမို့လို့ ပြောပြတာ'

'အဲဒါကို. . . မင်းအမေက ဘာလို့ သဘောတူမှာ လဲ'

'မသိဘူးကွာ. . .'

မေမေက သူ့အပေါ်ရက်စက်တာပဲပေ့ါ။

တကယ်ဆို ဒီလိုမိန်းကလေးတစ်ယောက်ကို သူက ရွေးလာရင်တောင် အကြီးအကျယ် ကန့်ကွက်ဟန့်တားရမှာ ။

Scanned by CamScanner

အခုတော့....။

နေနိုင့်မျက်နှာလေးက အုံ့မှိုင်းနေသော မိုးကောင်းကင်လို ဖြစ်လာသည်။

သူ့ရင်ထဲမှာ အောင့်နေတာ မခံနိုင်တော့ပါ။

ဒါကြောင့်လည်း မင်းသိန်းကို ဖွင့်ပြောမိတာ။

တကယ်ဆို ဒီအကြောင်းကို ဘယ်သူ့မှ လည်း မပြောချင်။

'မင်းက ဘာပြောလဲနေနိုင်'

'ငါငြင်းလိုက်တယ်'

'ဒီတော့...'

'မေမေက ငါလက်ခံနိုင်မှာ မဟုတ်ဘူး လို့ ကြိုသိတယ်တဲ့ ၊ အဲဒါကြောင့် သူအရမ်းစိတ်ဆင်းရဲခဲ့ရတာတဲ့ . . . ငါ့ကိုမပြောခင်က အကြိမ်ကြိမ်စဉ်းစားပေမယ့် ကြည်ဖြူကိုပဲ ငါ့ဇနီးဖြစ်စေချင်တယ်တဲ့ . . . ကဲ...ငါဘယ်လိုနားလည်ရမလဲ...မင်းပဲစဉ်းစားကြည့်...မေမေ ငါ့ကိုချစ်တာမှ ဟုတ်ရဲ့ လားလို့ သံသယဖြစ်လာတယ်...'

'အေးကွာ...တစ်မျိုးတော့ တစ်မျိုးပဲ'

'ငါမေမေ့ကို နာကျင်စိတ်မဖြစ်ချင်ဘူး...'

ဒါပေမဲ့ သူ့ရင်ထဲမှာ နာကျင်ခဲ့ပြီဆိုတာ သူပဲအသိဆုံးပါ။

'မင်းကငြင်းတယ်ဆို...ငြင်းလိုက်ရင်လည်း ပြီးပြီပေါ့...'

'မပြီးလို့ ပေါ့ကွ'

နေနိုင့်အသံက စိတ်တိုစွာ ထွက်လာသည်။

Scanned by CamScanner

'ဟော့. . . မင်းမြင်ဖူးလို့ လား'

အရေးထဲ ဟိုကောင်က စိတ်ဝင်တစားလုပ်နေပြန်သည် ။ ဒီဘက်က ဘယ်လောက်ညစ်နေသလဲဆိုတာ မစဉ်းစား။

'နိုး. . . မမြင်ဖူးပါဘူး'

'သွားတွေ့ရအောင်'

'မင်း. . . ကို ငါဆွဲထိုးပစ်မိမယ်'

'ဘာဖြစ်လဲကွာ. . . မြင်ဖူးတာပေါ့'

'မနောက်နဲ့ . . . ငါ တကယ်ညစ်နေတာ'

နေနိုင့်အသံကြီးက အမှန်တကယ် ကြောက်စရာကောင်းနေတာမို့ စကားသံတိတ်သွား၏။

'မင်းကို စကားမဟာရဲတော့ဘူး'

ပခုံးနှစ်ဖက်တွန့်ကာ ဆို၏။ ဘာပဲဖြစ်ဖြစ် စားကြသောက်ကြပြောကြနှင့် အသံနည်းနည်း ကျယ်ချင်လာသည် ။

မင်းသိန်းက ရယ်စရာမပါပဲ ထထရယ်သည် ။

နှစ်ယောက်စလုံး ပိုပြီးသွက်လာ၏။

'မင်းနည်းနည်းတော့ စိတ်ဝင်စားသင့်ပါတယ်နေနိုင်ရာ'

'စိတ်ဝင်စားတယ်၊ အများကြီးစိတ်ဝင်စားတယ်၊ မင်းမပူနဲ့ '

တမင်ရွဲ့ပြောမှန်း နားလည်ပါသည် ။

'မင်း တကယ်ညစ်နေတာ ဟုတ်လား'

'သေချင်စိတ်ပေါက်နေတယ်ကွ. . . သိပြီလား'

Scanned by CamScanner

မင်းသိန်းက ဘယ်လိုနှစ်သိမ့်ရမှန်းမသိ။

'မေမေမတရားဘူးကွာ. . . ချက်ချင်းကြီး ငါ့ကိုမိန်းမပေးစားချင်တယ်။ ငါ့ကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့် မပေးဘူး'

'အန်တီ့ကို မင်းအထင်မလွဲသင့်ပါဘူး'

မင်းသိန်းက သူတို့ သားအမိအကြောင်းကို အသိဆုံးမို့ ဝင်ပြော ဖြစ်၏။

'ဟိုလူကရော. . မင်းတို့ လက်ထပ်မှာ ကျေနပ်ရဲ့ လား'

'ဘာကွ'

စားပွဲကို လက်နှင့်တစ်ချက်ထုမိကာ ဒေါသတွေအုံကြွလာသည် ။ သူ့ကိုထိခိုက်စေသောစကား။ သူမစဉ်းစားမိသော အကြောင်းအရာ။

'နေနိုင်. . . နေနိုင်. . . မင်းစဉ်းစားသင့်တယ်ကွာ'

'တော်ကွာ. . . မင်းတော်တော်. . . ငါက ယူချင်လွန်းလို့ လား. . . ငါ့စိတ်နဲ့ ငါမှ မဟုတ်ဘဲ. . . မေမေ့သဘောလေ။ အဲဒီမိန်းမကို ငါမုန်းချင်တယ်ကွာ။ မင်းသိရဲ့ လား'

လျှာလေးလေးကြီးကို မနည်းလှုပ်ပြီး ပြောရသည် ။ ခေါင်းထဲမှာ မူးနောက်ရှုပ်ထွေးလာ၏။

ဘာမှ မစဉ်းစားချင်တော့ပေ။

ဘာမှ ကိုမသိချင်တော့။

'ပြန်မယ်ကွာ. . . ငါဘာမှ မပြောချင်တော့ဘူး. . . မင်းလည်း ပါးစပ်ပိတ်'

နေနိုင်က ရီဝေစွာနှင့် မင်းသိန်းကိုပါ အမိန့်ပေးနေသည် ။

Scanned by CamScanner

'ဟ. . . ငါပြောချင်တာရှိရင်ပြောမှာ ပေါ့'

'ငါ. . မကြားချင်ဘူး'

'လဲသေ. . . '

'မင်းသေပါလားကွ. . . မင်းပဲသေ'

ရန်ဖြစ်ချင်စိတ်ပင် ဝင်လာ၏။

'မင်း မယူချင် ငါ့ပေး'

'ယူ. . . ဆယ်ခါပြန်ယူ'

'နောက်မှ မင်းနောင်တရနေမယ်'

'သွားစမ်းပါကွာ. . . ဒီမှာ နေနိုင်ချို. . . ခပ်ပျော့ပျော့မှတ်လို့ လား'

နေနိုင်က ဝုန်းခနဲ မတ်တတ်ရပ်တော့ လူက ယိုင်ကျချင်သည် ။ မင်းသိန်းက ချက်ချင်းထပြီး ဝင်ထိန်းပေး၏။ တစ်ယောက်ကိုတစ်ယောက် တွဲကာ ထွက်လာခဲ့ကြသည် ။

'မင်း. . . အန်တို့ကိုတော့ စိတ်ညစ်အောင်မလုပ်ပါနဲ့ '

'လူကလေး. . . ငါသိပါတယ်။ စိတ်ချ'

နေနိုင်က တစ်ချက်အော်ရယ်သည် ။ လောလောဆယ် ရင်ထဲမှာ မေမေလည်း မရှိ။ ကြည်ဖြူလည်း မရှိ။ စိတ်ကျဉ်းကျပ်မှုတွေ ပျက်ပြယ်လွင့်ကုန်၏။

ခဏတစ်ဖြုတ် အရာရာကိုသူမေ့ထားချင်ပါသည် ။

*

Scanned by CamScanner

နောက်တစ်နေ့မှာ တော့ မေမေ့ဆန္ဒကို မလွန်ဆန်ချင်စွာ သူခေါင်းညိတ်နာခံရပါသည်။

သူတစ်ယောက်တည်းမသွားချင်တာမို့ မင်းသိန်းကို ဖုန်းဆက်ခေါ်သည်။ အစကတည်းက သွားချင်စိတ်နှင့် တပြင်ပြင်ဖြစ်နေသော မင်းသိန်းက တက်ကြွလွန်းစွာ ချက်ချင်းရောက်လာ၏။

သူဧည့်ခန်းမှာ ထိုင်စောင့်နေတာမြင်တော့ စချင်သလို၊ နောက်ချင်သလို...

သို့သော် သူ့မျက်နှာက တည်တည်ပုပ်ပုပ်ကြီးမို့ မင်းသိန်းမနောက်ရဲဘဲ ငြိမ်နေလိုက်ရသည်။

'မင်းကို သူ့ဘက်က လက်ခံပြီပေါ့ ဟုတ်လား'

ရှေ့တည့်တည့်စိုက်ကြည့်ကာ ကားမောင်းနေသောသူ့ကို မင်းသိန်းက သိချင်စွာမေးလာ၏။

သူ မင်းသိန်းဘက်ကို မျက်လုံးတစ်ချက် ရှေ့ကြည့်သည်။

'သူ့ဘက်က ငါ့ကိုငြင်းမှာ တဲ့ လား'

'အင်း... ဟုတ်တာပဲ'

မင်းသိန်းက ခပ်တိုးတိုးတစ်ချက် ရယ်သည်။

နေနိုင်က ရောပြီးလိုက်မရယ်ပါ။ သူ့နှုတ်ခမ်းတွေက ရယ်လို့ မရ

Book Sharing

Scanned by CamScanner

အောင် တည်တင်းနေသည် ။

နုံးညံ့ပျော့ပျောင်းခြင်းတွေ မျက်နှာမှာ တစ်စက်မှ မရှိဘဲ တင်းမာအေးစက်ရိပ်သာ ပေါ်လွင်နေ၏။

နေနိုင်က မင်းသိန်းနှင့်စကားမပြောဖြစ်။ တစ်လမ်းလုံး တိတ်ဆိတ်နေသည် ။

ခါတိုင်းဆို ကက်ဆက်လေးတိုးတိုးဖွင့်ကာ တစ်လမ်းလုံး ရယ်ရယ်မောမော စကားဆိုတတ်သော ပေါ့ပေါ့ပါးပါးနေနိုင်ပါ။

မင်းသိန်းက နေနိုင့်ကိုတစ်ချက်ကြည့်ကာ နားလည်စွာနှင့် ကားပြတင်းအပြင်ဘက်ကိုငေးကာ တိတ်ဆိတ်လိုက်ပါလာခဲ့သည် ။

ကားကို တံ့ခနဲရပ်ပစ်တော့ မင်းသိန်းက လှမ်းမြင်ရသော အိမ်ကလေးကိုသေချာကြည့်သည် ။

အဒေါ်ကြီးတစ်ယောက်က ခြံဝင်းတံခါးလေးကို ပြေး လာပြီးဖွင့်ပေး၏။

'လာကြ. . . လာကြ. . . အိမ်ပေါ်တက်ကြဦး'

ဖော်ရွေစွာ ဖိတ်ခေါ်ပါသည် ။

နေနိုင့်မျက်နှာက တစ်စက်ကလေးမှ ပြုံးမလာ။

မင်းသိန်းပဲ အားနာနာနှင့် မျှားမျှား ပြုံးသည် ။

'ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ရပါတယ်ကြီးကြီး'

ကျောက်ရပ်မေ့ဆေးပေးထားသောဟာကြီးက တောင့်တောင့်ငြိမ်ငြိမ်ကြီးနှင့် ညှော်ခန်းမှာ ငုတ်တုတ်ထိုင်နေ၏။

'သားတို့ ကို ဘာကျွေးရမလဲ။ ကြီးကြီးတစ်ခုခု လုပ်ခဲ့မယ်. . .

Scanned by CamScanner

ထိုင်ကြဦး'

'ဟာ. . . ရပါတယ်ကြီးကြီး. . . နေပါ။ သားတို့ လမ်းမှာ စားလာခဲ့ပြီး ပါပြီ။ ကိစ္စမရှိပါဘူး'

မင်းသိန်းကလည်း လက်တကာကာနှင့်တား၏။

'သမီးလေးကမရှိဘူး. . . ဈေးသွားနေတယ်။ လာပါလိမ့်မယ်။ ခဏ စောင့်ကြနော်. . . အားနာစရာမှ မလိုဘဲ'

ကြီးကြီးက ချက်ချင်းပဲအိမ်ထဲဝင်သွား၏။

မင်းသိန်းက သူ့ဘက် ဆတ်ခနဲလှည့်ကြည့်သည် ။

သူက မင်းသိန်းကိုပြန်မကြည့်ပါ။ မင်းသိန်းကြည့်နေတာကို မသိသ လိုနေမိ၏။

'ဟ. . . ဘာဖြစ်နေတာလဲ. . . အဘွားကြီးအားနာစရာ'

သူ့ကို ခပ်တိုးတိုးငေါက်ငမ်းကာ သတိပေးစကားဆိုသည် ။

'ငါနေချင်သလိုနေမယ်'

'မင်းကွာ. . . ဘာကြီးမှန်းမသိဘူး'

သူ့ကိုမင်းသိန်းက စိတ်ပျက်လက်ပျက်ဖြစ်နေ၏။

'ကျေးဇူးတင်ပါတယ်. . . ခုလိုလိုက်ပို့တာ'

နူးညံ့သော မပွင့်တပွင့်အသံလေးကို ကြားရတာမို့ သူတို့ နှစ်ယောက် စလုံး ငြိမ်သွားရလေသည် ။

'ကျေးဇူးတင်ရမယ့်လူလား'

'အင်း. . . ဟုတ်တာပေါ့'

Scanned by CamScanner

ရယ်သံလေးက တခစ်ခစ်နှင့် အလွန်ညင်သာသည် ။

မင်းသိန်းက ခါးကြီးရှေ့ကိုင်းကာ အိမ်ရှေ့ကို စိတ်ဝင်တစားလှမ်းကြည့်ပေမယ့် နေနိုင်ကတော့ ခပ်မတ်မတ်ထိုင်ကာ ဒေါသတွေ၊ မာနတွေ ရင်ထဲခိုအောင်းလာ၏။

သည် လိုရယ်သံကို မကြိုက်ပါဘူး။

'အိုး. . . ကိုပိုင်. . . သွား'

မူနွဲ့နွဲ့အသံလေးက သူ့ကိုကျိန်စက်နှင့်အတို့ ခံရသလို နာကျင်စေပါသည် ။

ဘာတွေလဲ။ ဘယ်လိုတွေလဲ။

မေမေဘာလို့ သူ့ကို သည် ကောင်မလေးနှင့် သဘောတူချင်ရတာလဲ ။

ဗွတ်ပေးစားချင်ရတာလဲ။

သူ့ရင်ထဲမှာ ခါးသီးခြင်းတွေ ပျံ့နှံ့လာ၏။ မင်းသိန်းက မြင်ရကြားရသမျှ တအံ့တဩကြီးနှင့် ကြက်သေသေနေသည် ။

မင်းသိန်းရှေ့မှာ သူအနေခက်လှသည် ။ မျက်နှာ ဘယ်ထားရမှန်းမသိ။

သွားပါပြီ။ သူ့သိက္ခာတွေ၊ မာနတွေ။

သွားပြီ။ မျောပြီ။ မေမေရယ်. . . သားကို။

ဒေါသလည်း ဖြစ်သည် ။ စိတ်မကောင်းလည်း ဖြစ်ရသည် ။

'ပြန်တော့ကွာ'

Scanned by CamScanner

ရယ်သံပါသော စကားလေးတစ်ခွန်းကို ထပ်ကြားရပြီး အိမ်ပေါ်တက်လာသော ခြေသံတဖျပ်ဖျပ်ကိုလည်း ကြားရ၏။

နေနိုင်က လက်သီးကျစ်ကျစ်ဆုပ်ကာ ရင်ထဲမွန်းကြပ်နေသမျှ အသက်ပြင်းပြင်း ရှူထုတ်ပစ်ရသည် ။

သည် လိုပေါ့ပျက်ပျက် ကောင်မလေးတစ်ယောက်ကို သူလက်မထပ်ချင်ပါ။

အထင်သေးခြင်းနှင့် မနှစ်သက်ခြင်းက ရင်တစ်ခုလုံးပြည့်နေသည် ။

'ဟင်'

ညှို့သည် ရှိနေတာကို ခေါင်းလေးငဲ့စောင်းမျက်လုံးလေးထောင့်ကပ်ကြည့်ကာ အံ့အားသင့်သွားပေမယ့် တစ်ခဏလေးပါ။

တော်တော်ချစ်စရာကောင်းသော နူးနူးညံ့ညံ့ပုံစံလေး။

နှစ်ယောက်စလုံး ပြိုင်တူသတိထားမိ၏။

မေမေက သည် ပုံစံလေးကိုများ ချစ်ခင်စိတ်ဝင်ပြီး သဘောတူလိုက်တာလား။

လုံးဝနှစ်သက်စရာ မကောင်းပါဘူး မေမေရယ်။

သူ့ရင်ထဲမှာ နာ၏။ ခါး၏။ မျက်၏။ ချက်ချင်းပဲ ထပြန်ချင်စိတ်ပေါက်သည် ။

ရတ်တရက်ထရပ်လိုက်သော သူ့ကို ကိုယ်အကြွမှာ မင်းသိန်းက ဖမ်းဆွဲပြန်ထိုင်စေသည် ။

ကြီးကြီးကို သူတို့ ထည့်တွက်ရပါဦးမည်။

ထိုကောင်မလေးကို အဖက်မလုပ်ချင်လောက်အောင် စိတ်ပျက်မိ

Scanned by CamScanner

သော်လည်း ထင်တိုင်းထပြန်လို့ မရနိုင်။

နေနိုင်က သက်ပြင်းမောတစ်ချက်နှင့် အောင့်အည်းထိန်းချုပ်ကာ ပြန်ထိုင်ချရ၏။

မေမေရယ်. . . သားကိုရက်စက်တယ်ဗျာ။

သည် စကားကို စိတ်ထဲက အကြိမ်ကြိမ်ဆိုမိသည် ။

တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးလေးဆို နည်းနည်းတော်လိမ့်ဦးမည်။

ခုတော့. . . .

သူစိတ်ဓာတ်ကျစွာ ကြမ်းပြင်ကို ခေါင်းငိုက်စိုက် ငေးကြည့်နေမိသည် ။

'ဟော. . . သမီးလေး ပြန် လာပြီလား'

'ဟုတ်. . . ကိုပိုင်ပြန်ပို့ပေးတယ်'

'ဪ. . . အင်း. . . အင်း. . . လာ. . . ညီ့သည် နဲ့ မိတ်ဆက်ပေးမယ်'

ကြီးကြီးက ကော်ဖီနှစ်ခွက်စားပွဲပေါ်ချပြီး အနားရောက်လာသောသူမကို လက်ဖျားလေးဆွဲခေါ်သည် ။

'ဒါက မောင်နေနိုင်တဲ့ ။ ဒါက မောင်နေနိုင့်သူငယ်ချင်း'

ကြီးကြီးက သေသေချာချာ မိတ်ဆက်ပြောပြ၏။

မျက်စိရှေ့ရောက်လာသော ကောင်မလေးကို သူ စူးရဲစွာစိုက်ကြည့်လိုက်သည် ။

Book Sharing

Scanned by CamScanner

မျက်လွှာစင်းစင်းချကာ မျက်လုံးချင်း အဆုံမခံဘဲ ခေါင်းလေးပါငုံ့နေသောအခါ ဒေါသက ပိုပြီးပြင်းထန်လာ၏။

ကြည့်စမ်း. . . . ခုမှ ရှက်တတ်နေလိုက်တာ. . ရိုးရိုးကလေးပုံဖမ်းပြီး ဟန်ဆောင်ကောင်းနေလိုက်တာ။

မင်းသိန်းကလည်း မသိမသာအကဲခတ်နေသည် ။

'ဟုတ်'

ခေါင်းလေးညိတ်ပြီး သူတို့ ရှေ့ဝင်ထိုင်ပေမယ့် စကားတစ်ခွန်းမှ မဆို။

ကြီးကြီး အိမ်ထဲပြန်ဝင်သွားသည် ။

'ဈေးသွားတာလား'

နေနိုင်ရော ကြည်ဖြူပါ စကားမဆိုဘဲ ငြိမ်နေသောအခါ ကြားက မင်းသိန်းမှာ မနေသာဘဲ တစ်ချက်ပြုံးကာဝင်မေး၏။

နေနိုင်ကတော့ ဟန်ဆောင်ပန်ဆောင်ပင် စကားဆိုချင်စိတ်မရှိပါ။

ကိုယ့်မျက်စိရှေ့တင် မြင်တွေ့ကြားသိလိုက်ရတာကို ဘယ်လိုမှ မမေ့နိုင်။

တော်တော်တရားလွန်ပါသည် ။

ကိုယ့်ကိုခေါင်းညိတ်လက်ခံထားပြီးမှ ဟိုလူနှင့်တွဲနေတုန်းဆိုတာကို ဘယ်လိုနှလုံးသားမျိုးနှင့် ခွင့်လွှတ်သည်းခံပေးရမလဲ။

နှလုံးသားကိစ္စက ထားပါတော့ . . . ချစ်တာမချစ်တာတွေက မလိုအပ်သေး။ ကိုယ်နှင့်လက်ထပ်မည့်ကောင်မလေးက တခြားတစ်ယောက်နှင့် ခုလိုသွားလာရင်းနှီးနေတာကို ခပ်အေးအေးရှိနေရလောက်အောင် သူ

Scanned by CamScanner

သဘောထားမကြီးပါ။

ဘယ်လိုမှ မကျေနပ်နိုင်ပါ။

အထင်ကြီးမြတ်နိုးခြင်းတွေ ဘယ်နေရာက သွားရှာရပါ့မလဲ။

ပြီးတော့ ကိုပိုင်ဆိုတာက ချစ်သူဟောင်း. . အဆက်ဟောင်း။ အဆက်ဟောင်းဆိုတော့ ပြန်ဆက်လျှင်အဆက်သစ်ပါပဲ။

သူတို့ ရိုးသားကင်းရှင်းကြမှာ တဲ့ လား။

'တောက်'

ရင်ထဲမှာ ဒေါသတွေဆူဝေစွာ တက်ခေါက်သံတစ်ချက် ပြင်းစွာ ထွက်သွားရလေသည် ။

မင်းဘယ်လိုဟာလေးလဲ။

သူမအနေအထိုင် အပြုအမူက သူ့ကိုစော်ကားသည် ။

မင်းသိန်းစကားကို ခေါင်းလေးညိတ်ရုံရှိသေး. . သူ့ဒေါသကိုသိသွားတော့ လန့်ဖျပ်ပြီး မျက်လုံးဝိုင်းကြီးများ နှင့် မော့ကြည့်လေသည် ။

နက်စိုရွှန်းလဲ့စွာ တဖျတ်ဖျတ်တောက်ပနေသော မျက်လုံးလေးတွေမှာ ထူးခြားလွန်းလှသည် ။

ဘယ်ဘဝကဆုတောင်းကြောင့် သည် လောက် ဆွဲအားကောင်းသော မျက်ဝန်းများကို ပိုင်ဆိုင်ထားပါလိမ့်။

မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် သူ့ကို ကြောက်လန့်သလိုကြည့်လာ၏။

'ပွင့်ပွင့်လင်းလင်းပဲမေးမယ်။ အဲဒါ မင်းရည်းစားဟောင်းလား'

Scanned by CamScanner

ဟောခနဲ၊ ဒိုင်းခနဲ မေးချလိုက်သော သူ့စကားကို ကြည်ဖြူနွေးက မျက်နှာလေးထူအမ်းသွားအောင်ပင် ရှက်ရလေသည် ။

'ဟုတ်တော့ ဟုတ်ပါတယ်'

'မင်းနဲ့ သူ. . . '

နေနိုင့်သဏ္ဍာန်က သတို့ သမီးရှိရာလာသော သတို့ သားနှင့်မတူဘဲ တရားခံရှေ့က တရားသူကြီးပုံစံပေါက်နေရလေသည် ။

မျက်နှာကြီးကလည်း အေးစက်စွာ။

အသံကြီးကလည်း မာကျောစွာ။

'ကြည်ဖြူနဲ့ သူ ဘာမှ မဆိုင်တော့ပါဘူး။ မိတ်ဆွေတွေပါ။ လမ်းကြုံတာနဲ့ လိုက်ပို့တာပါ'

တစ်ခုခုကိုစိုးရိမ်သလို ကြည်ဖြူနွေးက ရှင်းပြမိလေသည် ။

ဒေါ်လေးကို ကတိပေးထားသောကိစ္စ။

ပြီးတော့ ကြည်ဖြူ့အပေါ် အထင်သေးအမြင်သေးနှင့် ရှုံ့ချလိုက်မှာ စိုးလှ၏။

သူ့မျက်လုံးတွေက ကြည်ဖြူ့ကို အနေကျုံ့စေပါသည် ။ တင်းတင်းကြပ်ကြပ် အပြစ်ပေးတတ်မည့်ပုံစံကြီး။

အမှားတစ်ခုလုပ်ထားမိပြီမို့ သူ့ရှေ့မှာ ကြည်ဖြူ သိမ်ငယ်လွန်းလှပါသည် ။

အိမ်ထဲဝင်ဝင်လာချင်းမှာ ပဲ စူးရှအေးစက်လွန်းသော သူ့အကြည့်ကြောင့် ကြည်ဖြူလန့်ဖျပ်သွားရပါသည် ။

တစ်စက်ကလေးမှ နှစ်သက်ပုံမရသော အထင်တသေးအကြည့်က

Scanned by CamScanner

ကြည်ဖြူကို ကျုံ့ဝင်ငုပ်လျှိုးသွားစေသလိုပါ။

သည် လိုမှန်းသာသိလျှင် ကိုပိုင်နှင့်လမ်းကြုံမလိုက်ခဲ့ပါ။

ကြည်ဖြူကလည်း ကြည်ဖြူ။

ခပ်ပေါ့ပေါ့ပဲ သဘောထားမိသည် ။

သူ့ဘက်ကကြည့်လျှင် သည် ဟာကြီးက အကြီးမားဆုံးပြစ်ချက် ဖြစ်နေတော့မှာ မတွေးမိပေ။

ပြီးတော့ သူရောက်လာလိမ့်မည်ဟု ကြည်ဖြူထင်မထားခဲ့ပါ။

ကြည်ဖြူ့အမှားမို့ သူ့ရှေ့မှာ ကြည်ဖြူ အနေရခက်မိသည် ။ စိတ်ညစ်လာမိသည် ။

သူ့မျက်လုံးတွေက အပြစ်ရှာချင်ပုံရလေသည် ။

'အစကတည်းက ဒီကိစ္စကိုစိတ် မပါဘူး'

သူ့စကားက ကြည်ဖြူ့ကို စိတ်ထိခိုက်စေပါသည် ။ အောင့်သွားစေပါသည် ။ ကြည်ဖြူက ဖျတ်ခနဲ မျက်လွှာချကာ ငုံ့ခံနေဖို့ ပဲတွေးလိုက်၏။

'မေမေက ဇွတ်တိုက်တွန်းတယ်။ မင်းကို ကိုယ်မစဉ်းစားချင်တော့ဘူး' ဟု နေနိုင်က အတတ်နိုင်ဆုံးထိန်းပြီး ပြောချလိုက်၏။

ရှက်စိတ်နှင့် နီရောင်ပြေးသွားသော မျက်နှာလေးကို မင်းသိန်းက ဂရုဏာသက်စွာကြည့်မနေနိုင်ဘဲ . .

'ပြေပြေလည်လည်ပြောပါကွာ' ဟု ကြားထဲက ဝင်ရောက်ဖျန်ဖြေလာ၏။

နေနိုင်က တစ်ချက်ပြုံးသည် ။

Scanned by CamScanner

သူ့အပြုံးက မပီပြင်။

နာကျင်မှုစွက်နေသည် ။

'မင်း. . ကိုယ့်ကို ခေါင်းညိတ်လက်ခံထားတယ် မဟုတ်လား'

ချောင်ပိတ်ဖမ်းသောမေးခွန်းမျိုးနှင့် နှိပ်စက်တတ်သော လူတစ်ယောက်ကို ကြည်ဖြူရင်ဆိုင်နေရပါသည် ။

သူ့ရှေ့ထိုင်နေရတာ အသက်ရှူမဝချင်တော့ဘဲ မူးနောက်နောက်ဖြစ်လာ၏။

'ဒေါ်လေး စကားကို ကြည်ဖြူမငြင်းပါဘူး'

'ဒါဆို မင်းဘာလို့ . . . '

'အိုး. . . ကိုပိုင်က လမ်းကြုံလို့ လိုက်ပို့တာပါ'

နေနိုင်က ခေါင်းတယမ်းယမ်းနှင့် လက်မခံနိုင်အောင်ဖြစ်နေရသည် ။

ကြည်ဖြူ့ပုံလေးကလည်း ထပ်ပြီးသည်းမခံနိုင်တော့ဘဲ ဒေါသဖြစ်နေသည် ။

မြင်မြင်ချင်းမှာ ပဲ သူ့သဏ္ဍာန်က ရန်လိုလွန်းလှသည် ။ ဘယ်လိုလူပါလိမ့်။

'မင်းကြိုဆိုပုံက သိပ်ယဉ်ကျေးတယ်။ မေမေ့ကိုပြန်ပြောပြရမယ်'

သူ့စကားကို ကြည်ဖြူ အနည်းငယ် တုန်လှုပ်မိတာအမှန်ပါ။ လူကြီးတွေဆီ သည် စကားကိုသယ်ချသွားမှာ လား။

အစကတည်းက ကြည့်မရသည့်အတွက် ခုလိုပြစ်ချက် ကြီးကြီးမားမား လက်ဆုပ်လက်ကိုင် ရသွားသောအခါ သူ့အတွက် အလွန်အမင်း

Book Sharing

Scanned by CamScanner

ကျေနပ်စရာပါပဲ။

'မဖြစ်နိုင်ဘူးဆိုတာ ကြားကတည်းကကြိုသိပြီးသား'

ကိုယ့်ကိုရှေ့မှာ ထားပြီး သူ့သူငယ်ချင်းဘက်လှည့်ကာ တိုင်ပင်သလိုပြောလိုက်သောအခါ ကြည်ဖြူ တော်တော်နာမိသည် ။

နှစ်ယောက်သား ကြည်ဖြူ့ကွယ်ရာမှာ ကြည်ဖြူ့ကို တော်တော်က လေး ရှုံ့ချဝေဖန်အထင်သေးထားတာပေါ်လွင်၏။

ကွယ်ရာမှာ တင်မဟုတ်ဘဲ ရှေ့မှာ တင် ခပ်ပြောင်ပြောင်ပြောဝံ့တာ လွန်လှပါသည် ။

'ကျွန်မကလည်း ဒေါ်လေးစကားနားထောင်ချင်တာပါပဲ။ အဲဒါတစ်ခု တည်း'

သူတို့ က စော်ကားမော်ကားလုပ်လာတော့ ငုံ့မခံနိုင်။ လည်ချောင်း ထဲက မာနစကားတွေခုန်ထွက်လာ၏။

အိမ်ပေါ်တက်တက်ချင်း ဘွားခနဲတွေ့လိုက်ရသော သူ့အပေါ်နှစ်သ က်လိုလား မြတ်နိုးအားကိုးလိုက်မိသော လှစ်ခနဲပေါ်လာခဲ့သည့်စိတ်က လေး ဘယ်ရောက်သွားမှန်းပင် မသိတော့လောက်အောင် အေးစက်သွား ရသည် ။

'ပြန်မယ်ကွာ. . . လာ'

တွေ့တွေ့ချင်း ပထမအကြိမ်မှာ အဲဒီလိုဖြစ်ရတာ စိတ်ကသိကအော က်ဖြစ်စရာပါ။

ကြည်ဖြူကတော့ အေးမြသည့်အရိပ်တစ်ခုဆို ဒွတ်မှိတ်ခိုဝင်လုံခြုံ သွားစေဖို့ ရည်ရွယ်ပါသည် ။

Scanned by CamScanner

သူတို့ ပြန်သွားလျှင် မခြေင်သောဆက်ဆံရေးအတွက် သူ့မေမေက ဘယ်လိုဆုံးဖြတ်မှာ ပါလိမ့်။

ကြည်ဖြူကို ကိုပိုင်နှင့် ခုထက်ထိ မရှင်းမရှင်းဖြစ်နေသလို ပိုပိုသာသာပြောတော့မှာ ကို သိသည် ။ သူ့အတွက်ပဲ သူကတွေးမှာ ။ သူ့စကားတွေကြောင့် ကြည်ဖြူနစ်နာသွားမှာ တွေးမှာ ကိုမဟုတ်။

ငှဲညာသနားမှုက သူ့ရင်ထဲအရှင်းမရှိတာ မျက်လုံးတွေကပေါ်လွင်နေသည် ။

'နေနိုင်. . . ကြီးကြီးကော်ဖီကိုသောက်လိုက်ဦး'

မင်းသိန်းက အားတုံ့အားနာ။

နဂိုကတည်းက မနည်းကြီးစိတ်လျှော့ပြီး ရောက်လာသောနေနိုင်ပါ။

သည် လိုမြင်ကွင်းမျိုးကို မျက်ဝါးထင်ထင်မြင်ပြီးချိန်မှာ အစစအရာရာအတွက် သူခါးသီးစွာငြင်းဆန်တော့မှာ ပဲပေါ့။

တစ်ယောက်ကလည်း မျက်လုံးဝိုင်းလေးတွေမှာ ဒေါသရောင်တလက်လက်ဖြစ်နေသည် ။

နေနိုင့်မေမေစိတ်ဆင်းရဲရတော့မှာ မြင်ယောင်၏။

ခေါင်းမာသော နေနိုင်ကိုပြောလို့ ရမှာ မဟုတ်တော့ပေ။ သူကရောဘာများ ဝင်ရောက်ပြောပေးနိုင်မှာ လဲ။

ကြည်ဖြူ့နွေးဘက်က မှားတာတော့ အမှန်ပါပဲ။ လမ်းကြုံတာပဲဖြစ်ဖြစ်. . . တမင်ပဲဖြစ်ဖြစ် ဟိုတစ်ယောက်နှင့်အတူတူ ပြန်လာဖို့ မသင့်။

သူမဘက်ကပြတ်သားသည် ။

Scanned by CamScanner

ကင်းရှင်းသည် ပဲထား. . . တစ်ဖက်လူက သူမလိုစိတ်ထားမျိုး ဟုတ်ပါ့မလား။

ကြည်ဖြူနွေးက ဖျတ်ခနဲထပြီး အိမ်ထဲဝင်သွား၏။

မှားရင်သာမှားမှာ . . . မာနကတော့ ခပ်ကြီးကြီး။ သူမှားလို့ များ ခယတောင်းပန်တိုးလျှိုးငြိမ်သက်နေမည်မထင်။

ပုံစံလေးက ဝုန်းခနဲ ထပေါက်တော့မည့်မြွေမလေးလို။

'မင်းကလည်း ကွာ. . .ဘာကြီးမှန်းလည်း မသိဘူး'

တွေ့တွေ့ချင်းပြဿနာတက်သော သူတို့ ကို မင်းသိန်းက စိတ်ပျက်လက်ပျက်။

တစ်ယောက်ကလည်း ခေါင်းမာမာ။

ဟိုတစ်ယောက်ကလည်း ဆတ်ဆတ်ထိမခံ. . . အမာစားလေး။

'ဒီကိစ္စမကျေနပ်ဖူးထား. . . မင်းမပြောသင့်ဘူး. . မကျေနပ်ရင် အန်တီ့ကိုပြောပြ. . . ငြင်းပေါ့။ သူနဲ့ ခုမှ တွေ့တာ။ မင်းဟောက်ချင်တိုင်း ဟောက်ရအောင် မင်းနဲ့ ဆယ်နှစ်ဆယ်မိုးကြိုက်နေတဲ့ ရည်းစားမှ မဟုတ်ဘဲ. . . ခံမလားကွ။ သူ့မှာ လည်း မာနနဲ့ ပဲ'

မင်းသိန်းထောက်ပြတော့လည်း ဟုတ်နေပြန်ရော။

သူနည်းနည်း လွန်သွားသည် ။

သူနှင့်ကြည်ဖြူက ဘာမှ မဆိုင်သေး။ တရင်းတနှီးဆန်လွန်းရာပင်ရောက်သွား၏။

အမှန်တော့ နာကျင်မျက်ရှစိတ်တစ်ခုတည်းနှင့် ရှေ့နောက်မစဉ်းစားမဆင်ခြင်ဘဲ သူပြောလိုက်မိတာ။

Scanned by CamScanner

'ဒေါ်လေးစကားနားထောင်တာ' ဟု ယဉ်ကျေးစွာတုံ့ပြန်တာပဲ တော်လှပြီ။

သူ့ဘက်ကတော့ မေမေ့ဗွတ်စီစဉ်သောကိစ္စကို မလွှဲသာမရှောင်သာ လက်ခံလိုက်ရပြီး၊ တစ်ဖက်ကလည်း သူ့အပေါ်တလေးတနက်. . . တလေးတစားမရှိတာကို ခံရသောအခါ. . . ဘယ်လိုမှ သည်းခံခြင်း၊ ဟန်ဆောင်ခြင်း မထားနိုင်တော့ဘဲ ပေါက်ကွဲသွား၏။

'ဟုတ်တယ်. . . မေမေ့ကိုပြောမှာ '

နေနိုင် ချက်ချင်းပြန်စဉ်းစားပြီး ဆင်ခြင်သုံးသပ်မိသည် ။

ကြည်ဖြူနွေးက ချက်ချင်းပဲ ဧည့်ခန်းကိုပြန်ရောက် လာလေ၏။ စောစောကလိုပဲ သူတို့ ရှေ့မှာ ကျုံ့ကျုံ့ကလေး ဝင်ထိုင်ပြီးစကားမဆို။

ကြည့်ရတာ သူတို့ ပြန်ချိန်အထိ အောင့်အည်းသည်းခံ ဧည့်ခံပေးရမည့်ပုံစံလေး။

နေနိုင်က သူ့ရှေ့မှ ကောင်မလေးကို ခပ်ကြာကြာကြည့်မိပါသည် ။

တကယ်တမ်းကျတော့ သူကလေးက ချစ်စရာလည်းကောင်း၊ သနားစရာလည်းကောင်းသည် ။

သူတို့ ရောက်လာချိန်မှာ အိမ်ထဲကထွက် လာပြီး ခုလိုဧည့်ခံလျှင် သူတို့ ကြားမှာ ပြဿနာတစ်စုံတစ်ရာမရှိနိုင်ပါ။

သူက အသားလွတ် ရိုင်းပျမောက်မာမှာ တဲ့ လား။

မေမေ့စကားကို သူခေါင်းညိတ်ခဲ့ပြီမို့ ပြေလည်ရေးအတွက်သာ ရှေ့ဆုံးထားတွေးမှာ ပါ။

မျက်လွှာချပြီး စကားမဆိုသော ပုံစံလေးက နားလည်ရခက်သည် ။

Scanned by CamScanner

သူ့ကိုစိတ်ဆိုးသွားတာလည်း အမှန်ပါပဲ။

'ကော်ဖီသောက်ပါဦး'

မင်းသိန်းကိုလှမ်းကြည့်ပြီး ခပ်တိုးတိုးဆို၏။ သူ့ကိုတော့ မပြောရဲတာလား. . . မပြောချင်တော့လောက်အောင် စိတ်ပျက်သွားတာလားမသိ။ ဘာတစ်ခွန်းမှ မဆို။

မင်းသိန်းကိုသာ ဧည့်သည် ဟု မှတ်ယူပြီး. . . သူ့ကိုတော့ ပြောစရာမလိုသည့်သူလို့ ထင်မှတ်ရော့သလား။

မင်းသိန်းက ကော်ဖီတစ်ခွက်ကောက်ယူပြီး သူ့ဆီအရင်လှမ်းပေးသည် ။ လက်ထဲအရောက်ပေးသောအခါ ငြင်းရခက်သည် ။

စိတ်ထင်တိုင်းသာ ဆုံးဖြတ်ရလျှင် ဝုန်းခနဲ ထပြန်ချင်တာပါပဲ။

'ကြည်ဖြူတို့ ခြံဝိုင်းလေးက ကျယ်သားပဲ'

မင်းသိန်းက ပြောစရာစကား အတော်ကလေး ရှာကြံထုတ်ယူလာ၏ ။

'ဟုတ်တယ်. . . ဒေါ်လေးက သစ်ပင်စိုက်တာဝါသနာပါတယ်'

'ဟုတ်လား. . . ကောင်းတာပေ့ါ'

နေနိုင်က သူတို့ အပြန်အလှန်ပြောဆိုနေသမျှကို မဆိုင်သလိုလုပ်နေသည် ။

ကော်ဖီသောက်ပြီး ကော်ဖီခွက်ကို စားပွဲပေါ်ပြန်ချထားလိုက်ကာ. . . စီးကရက်သောက်ချင်တာမို့ စီးကရက်တစ်လိပ်မီးညှိ၏။

ကြည်ဖြူနွေးက သူ့ဆီ မျက်လုံးလေးတစ်ချက် ရွေ့ခနဲရောက်၏။

အသာအယာထွက်သွားပြီး စီးကရက်ပြာခွက်ကလေး ယူလာပေးသ

Book Sharing

Scanned by CamScanner

ည် ။ သူ့ရှေ့ရှိစားပွဲပေါ်မှာ ဒေါက်ခနဲ ချပေး၏။

အလိုက်သိပါးနပ်မှုကလေးကို အင်မတန်စိတ်ပျက်နေသည့်ကြားမှ သတိထားမိကာ သဘောကျမိသွားသေးသည် ။

သူမက်မောသော သူစိတ်ကူးယဉ်ဖူးသော တည်ငြိမ်မှုကလေး ဘာလို့ သူမဆီမှာ ရှိမနေရတာလဲ။

သူဘယ်လိုမှ မနှစ်သက်သော ပေါ့ပေါ့ရှုပ်ရှုပ်ပုံစံသာ တွေ့ရသည် ။ စိတ်ထဲမှာ ဘာကိုမှန်းမသိနှမျောသွားသည် ။

မေမေ့ကိုပြန်ပြောပြပြီး ယတိပြတ်ငြင်းဖို့ ဆုံးဖြတ်ချက်က တစ်ထိုင်တည်းကျပြီးသားမဟုတ်လား။

So sorry (ဆိုး. . . ဆောရီး) ကြည်ဖြူ။

နေနိုင်လက်ထပ်ချင်တာ အဲဒီလို မိန်းကလေး မဟုတ်ဘူး ။

မင်းနောက်တော့ သိလာမှာ ပါ။

*

Scanned by CamScanner

သူပြန်ရောက်လာမည့်အချိန်ကို မေမေက ဧည့်ခန်းမှာ အဆင်သင့်စောင့်နေသည် ။

မေမေ့ကိုမြင်လိုက်ရသောအခါ သူရင်မောသွားရသည် ။ သည် ကောင်မလေးနှင့်ပတ်သက်ပြီး မေမေက ပိုကိုပိုလွန်းပါသည် ။

မေမေ့ကိုငြင်းပစ်ဖို့ သူအဆင်သင့်ပြင်ထားမိသည် ။

'သား. . . '

ချက်ချင်းပဲ မေမေကအနားရောက်လာ၏။ သူ့မျက်နှာကို သေချာကြည့်သည် ။

မင်းသိန်းက ပြန်ဖို့ နှုတ်ဆက်၏။

သူတို့ သားအမိချင်း လွတ်လပ်စွာပြောကြပါစေလေ။ သူက အလိုက်သိရပါမည်။

'နေနိုင်. . . ငါပြန်မယ်'

မင်းသိန်းက သူ့ပခုံးကို ဖျတ်ခနဲပုတ်သည် ။

မေမေ့ကိုလည်း နှုတ်ဆက်သည် ။

'ကျွန်တော်ပြန်ဦးမယ် အန်တီ'

'အေးကွယ်. . . အေးအေး'

Scanned by CamScanner

သူက မင်းသိန်းကို မပိမပြင် လှမ်းပြုံးပြသည်။

'သား. . . ထိုင်ပါဦး'

'ဟုတ်'

မေမေ့ စကားကို ခေါင်းညိတ်ပြလိုက်ပြီး ရေခဲသေတ္တာထဲက ရေတစ်ပုလင်း ဆွဲထုတ်သောက်သည်။ ရေငတ်နေပြီ။

အမှန်တော့ ရင်ထဲ ခြောက်ကပ်နေတာ။

'သား. . . ကြည်ဖြူလေးနဲ့ အဆင်ပြေရဲ့လား'

သူခေါင်းရမ်းပြမိသည်။

ဘယ်ကစပြီး ဘယ်လိုပြောရမှန်းကိုမသိ။ မေမေ့ပုံစံလေးကိုကြည့်ပြီး တရှူးရှူးထွက်နေသော ဒေါသတွေက မီးကို ရေနှင့်ဖျန်းလိုက်သလို ငြိမ်ကျ၏။

'သိပ်ဖြစ်စေချင်တာပဲလား. . . မေမေ'

'ဒါပေါ့သားရယ်. . . မေမေ့ဘဝမှာ အဖြစ်ချင်ဆုံးဆန္ဒပါ'

ပွင့်လင်းစွာခေါင်းညိတ်လေ သူ့အတွက် အခက်ကြုံရလေ။

'အဲဒီကောင်မလေးက သားကို ဘယ်လိုများ ဆီးကြိုနှုတ်ဆက်သလဲ မေမေသိလား'

သူခံပြင်းစွာမေးမိ၏။

မေမေက သူ့စကားကိုနားထောင်နေသည်။

'သူ့ရည်းစားနဲ့ စုံတွဲခုတ်လာတာဗျ'

'ဟင်'

Scanned by CamScanner

မေမေက မျက်လုံးပြူးသွားသည်။ နေနိုင်က ခုံတစ်လုံးမှာ ကိုယ်ကြီးကို ဗုန်းခနဲပစ်ချလိုက်သည်။

'သား စဉ်းစားလို့ မရဘူး မေမေရာ။ မေမေဘာလို့ သားကို အဲဒီလို လုပ်ရတာလဲ'

လက်ကြီးမြှောက်လာလိုက်၊ လက်သီးဆုပ်လိုက်၊ လက်ဝါးဖြန့်လိုက်၊ လက်ကို ခါချလိုက်နှင့် သူအတော်ကလေး အံ့ဩတုန်လှုပ် ကြေကွဲသွားရလေသည်။

'မေမေ. . .သားကိုဘာလို့ အဲဒီလိုလုပ်ရတာလဲဗျာ'

မချိမဆံ့ လေသံကြီးနှင့် ထပ်တလဲလဲမေးမိသည်။

'ပြောစမ်းပါ။ သားကိုဘာလို့ အဲဒီလိုနှိပ်စက်ရတာလဲ။ သားမှာ ဘာအပြစ်ရှိလို့ လဲ။ လူတစ်ယောက်ကို ခေါင်းညိတ်လက်ခံထားပြီး တခြားတစ်ယောက်နဲ့ လျှောက်သွားနေတဲ့ မိန်းကလေးရဲ့ တန်ဖိုးကဘာလဲ။ ဘယ်မှာ လဲ။ ပြောစမ်းပါ'

မေမေက မကြားရဲတော့သလို နားနှစ်ဖက်ပိတ်သည်။

'ဒီလောက်တောင်ပဲလားသားရယ်'

'သားက ကိုယ်တိုင်ကြုံခဲ့ရသူပါ မေမေ'

မေမေက သူ့ဘေးမှာ ဝင်ထိုင်သည်။ ကြားလိုက်ရတာတွေကို မေမေ အင်မတန်ကြေကွဲနာကျင်သွားပုံရလေသည်။

မေမေ့စိတ်ကို သည် ကောင်မလေး လွှမ်းမိုးနိုင်စွမ်းရှိလှချည်လား။ သူ့ကိုဆို မေမေက သည်းသည်းလှုပ်နေသည်။

နေနိုင် နားပင်မလည်ချင်တော့ပါ။

Scanned by CamScanner

'သားကို သူဘာပြောလဲ'

သူမေမေ့ကို တည့်တည့်ကြည့်လိုက်သည် ။ ပြတ်သားစွာ ပြောမှ ဖြစ်တော့မည်ထင်ပါရဲ့ ။

မတတ်နိုင်ပါ။

မေမေ့စိမ်မှုကို သူမလိုက်နာနိုင်တော့ပါ။

ကြိတ်မှိတ် မလိုက်လျောနိုင်တော့ပါ။

'သူဘာပြောလိုက်သလဲဆိုတာ အရေးမကြီးပါဘူးမေမေ။ အဓိကအရေးကြီးတာ သား သူ့ကိုလက်မခံနိုင်တော့ဘူး ဆိုတာပဲ'

'ဟင်'

မေမေ သူ့ကို မယုံနိုင်စွာကြည့်သည် ။

'သားငြင်းပါတယ်မေမေ။ သားသူ့ကို မယူနိုင်တော့ဘူး။ သူဘာတွေပဲရှင်းပြရှင်းပြ. . . သူ့ကိုသားအထင်သေးတယ်။ မြတ်နိုးလို့ ရမှာ မဟုတ်တော့ဘူး'

မေမေက သက်ပြင်းငွေ့ငွေ့ရှိုက်၏။

'မေမေ ဒီကိစ္စကို လက်လျှော့လိုက်ပါ'

မေမေ့အပြုံးက အဓိပ္ပာယ်တစ်မျိုး ပါဝင်နေသည် ။

'မေမေဘယ်တော့မှ လက်လျှော့မှာ မဟုတ်ဘူး '

'ဗျာ'

မေမေက သူ့ထက်ပိုပြီး နိုင်မာပြတ်သားနေသည် ။

သည် တစ်ခါ ငိုင်ကျသွားရသူက နေနိုင်။

Book Sharing

Scanned by CamScanner

ကဲ. . . နေနိုင်. . . မင်းဘာဆက်လုပ်မလဲ။

သူ့ကိုယ်သူမေးမိသည် ။ မေမေနှင့်သူ ညှိ၍ မရနိုင်တော့။

'မေမေ. . . သား'

သူ့စကားစရုံနှင့် မေမေက လက်ကာပြသည် ။

သူ့ငြင်းပယ်မှုကို မေမေနားမထောင်ချင်တော့ပုံရ၏။

'အဲဒီလိုကောင်မလေးတစ်ယောက်နဲ့ မေမေ သားကို ပေးစားချင်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ အိပ်မက်ဆိုရင်တောင် မယုံနိုင်ဘူး'

သူ့ခံစားချက်ကို နားလည်စွာ မေမေမျက်ရည်ကျလေသည် ။

သို့သော်. . .

'အိပ်မက်မဟုတ်ပါဘူးသားရယ်။ တကယ်ပါ'

'ဟင်'

သူ့ကိုယ်ကြီး မတ်သွားရသည် ။

သူက မေမေနားလည်လက်လျှော့ပြီထင်တာ။

'မေမေ သားကို တကယ်တိုက်တွန်းတာပါကွယ်'

ဘယ်တော့မဆို ဣန္ဒြေရရလေးမှ ချစ်စိတ်ဝင်တတ်သော မေမေပါ။ ရုပ်တတ်တတ် ပေါတောတောမိန်းကလေးမျိုးဆို မေမေအထင်မကြီးတတ်ခဲ့။

မေမေပြောင်းလဲသွားခဲ့ပြီလား။

မေမေဘယ်အချိန်က ပြောင်းလဲသွားပါလိမ့်။

Scanned by CamScanner

သူ့ဘက်ကို ဘာလို့ မတွေးရသလဲ။

စဉ်းစာလေ စဉ်းစားလေ အံ့သြရလေပါပဲ။

သူ့အကြီးအကျယ်စိတ်ဓာတ်ကျသွား၏။ နှုတ်ဖျားက စကားတစ်ခွန်းမှ ထွက်မလာတော့ပေ။

မေမေ့ကို အထူးအဆန်းကြည့်နေမိသည်။

'သား. . . နေနိုင်'

တစ်ခုခုကို တလေးတနက်ပြောလိုလျှင် မေမေက သူ့ကို 'သား' ဆိုတာနှင့် နေနိုင်ဆိုသောအမည်ကိုတွဲပြီး 'သား. . . နေနိုင်' ဟု ခေါ်တတ်ပါသည်။

'မေမေ့ကို အတ္တကြီးတယ်လို့ ထင်ရင် ထင်ပါကွယ်'

'သားနားမလည်ဘူး. . . ရှင်းရှင်းပြောပါ။ ပွင့်ပွင့်လင်းလင်းပဲပြောစမ်းပါဗျာ။ မေမေ သားကိုဘာပြောချင်တာလဲ'

မေမေက သူ့ကို ငေးကြည့်နေသည်။

သူက မျက်မှောင်ကုတ်နှင့် စိတ်ရှုပ်စွာ ပြန်ကြည့်နေသည်။

စောင့်ရတာ စိတ်မရှည်။ မေမေကဖွင့်ပြောဖို့ တော်တော်ကြီးကြိုးစားနေတာ မြင်ရတော့ သူပိုပြီးစိတ်လှုပ်ရှားလာမိသည်။

'ကြည်ဖြူနွေးကိုပဲ သားလက်ထပ်ပါ'

သူ ဟင်းခနဲ သက်ပြင်းချသည်။

ဒါပဲပြောနေတော့သည်။ ထပ်တလဲလဲ တိုက်တွန်းနေသည်။

'သူက မေမေ့သမီးလေးပါ သားရယ်'

Scanned by CamScanner

အနှစ်နှစ်အလလက မှိုသိပ်ထားခဲ့သော ရင်ထဲက အစိုင်အခဲကြီးကို ဖွင့်ဟလိုက်ပြီမို့ မေမေက ပေါ့ပါးသွားသည် ။

သူမှာ တော့ မျက်မှောင်ကုတ်နေတာကြီး ဖျက်ပြယ်လျက် ပါးစပ်အဟောင်းသားနှင့်ရေရွှတ်မိသည် ။

'မေမေ့သမီး ဟုတ်လား'

မေမေက ခေါင်းညိတ်သည် ။

သေချာအောင် နှုတ်ကလည်း ဆိုပါသည် ။

'ဟုတ်တယ်. . . မေမေ့သမီးအရင်းပါကွယ်'

လက်မတစ်ချောင်းကို သွားနှင့်ကိုက်ကာ သူ့မျက်လုံးတွေ ငြိမ်ကျသွားရသည် ။ စိတ်ထဲမှာ ဟာခနဲ ဖြစ်၏။

စောစောတုန်းကတွေ့ခဲ့သော ကောင်မလေးဟာ. . .

သူ့အထင်တသေး ရှုံ့ချခဲ့သူကလေးဟာ မေမေ့သမီးတဲ့ လား။

မေမေ့မျက်နှာကို မယုံနိုင်ခြင်းများ စွာ လှမ်းကြည့်သည် ။

ခပ်ဆင်ဆင်တူသော မျက်နှာလေးတစ်ခုကို နှိုင်းယှဉ်မြင်ယောင်လာသည် ။

ဟုတ်မှာ ပါ။

ကြည်ဖြူနွေးက မေမေနှင့် ဘာဆင်မှန်းမသိဆင်နေသည် ။

မျက်နှာပေါက်လား။

မျက်လုံးလေးလား။

နှုတ်ခမ်းလေးလား။

Scanned by CamScanner

ဘာပဲဖြစ်ဖြစ် သူ့အကြည့်တွေက ကြမ်းပြင်ပေါ် စိုက်ကျသွားသည် ။

မေမေ့သမီး. . . ။

မေမေ့သမီးလေး. . . ။

★

Scanned by CamScanner

ဒါဆိုသူကရော. . .သူကဘယ်သူလဲ။

သူက ဘယ်သူများ လဲ။

သူက မေမေ့သား မဟုတ်ဘူး လား။

ကြည်ဖြူနွေးက မေမေ့သမီးဆိုလျှင် သူက မေမေ့သား ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ပေ။

ထပ်ဆင့်တုန်လှုပ် အံ့ဩသည် ။ ရင်ထဲ ဟာကျသွားသည် ။

တစ်သက်လုံးဖုံးကွယ် လျှို့ဝှက်ထားသောကိစ္စကို မတတ်သာလွန်းလို့ သာမေမေအသိပေးခဲ့တာပါ။

သူ့ကို မေမေသိပ်ချစ်တာ သူသိသည် ။

မေမေရယ်. . .

သား. . .

သူ့ငိုင်ကျတိတ်ဆိတ်နေမိ၏။ ခုနလေးတင်ပဲ သူကလေးကို အကြီးအကျယ် ရှုတ်ချအပြစ်တင် အထင်သေးခဲ့ပါသည် ။

ချက်ချင်းပဲ သူဝင့်လည်ပြီ။ သူ့မှာ ရော မိဘမရှိခဲ့ဘူးလား။ မေမေက သူ့ကိုမွေးစားခဲ့တာလား။

မိဘအုပ်ထိန်းမှုလွတ်ကွာစွာ ဗရမ်းဗတာဖြစ်နေသော ကြည်ဖြူနွေးကို သူစိတ်ထဲမနှစ်သက်ချင်ပါ။

Book Sharing

Scanned by CamScanner

'သား. . .သားရယ်. . .စိတ်ညစ်သွားပြီလား'

မေမေ့အသံက သူ့နှလုံးသားကို ဆုပ်ခြေပစ်လိုက်သလိုပါ။

ဘာပဲဖြစ်ဖြစ် မေမေဟာ သူ့မေမေပါ။

သူဘယ်တော့မှ မေမေ့ကိုမမေ့နိုင်။ မမုန်းနိုင်။ ချစ်မြဲချစ်သည် ။ ရိုသေမြဲရိုသေသည် ။ သနားမြဲသနားသည် ။ ပိုပြီး၍ ပင် ကရုဏာ ဖြစ်ရသေးသည် ။

'နေနိုင်ချို' ဘဝကို ခုလိုဖြစ်လာအောင် ပျိုးထောင်ပေးခဲ့တာ မေမေ။

မေမေဟာ သူ့မေမေပါပဲ။

ဘယ်တော့မဆို သူ့မေမေပါ။ သူ့အတွက် မေမေရှိမှ ပြည့်စုံသည် ။

'မေမေ'

''သားရယ်'

သူ မကြီးမငယ်နှင့် မေမေ့ရင်ခွင်ထဲ တိုးဝှေ့ဝင်မိသည် ။ ကြားလိုက်ရတာတွေက သူ့ကိုသိမ်ငယ်စေသည် ။

ယူကျုံးမရဖြစ်စေသည် ။ ကြေကွဲထိနိုက်စေပါသည် ။

ရုတ်တရက် သူ့စိတ်ကို သူမထိန်းနိုင်ပါ။ ခံနိုင်ရည်မရှိ။

မေမေက သူ့ကိုထွေးပိုက်ထားပြီး ကျောကို ပုတ်ကာပုတ်ကာ နှစ်သိမ့်၏။

သားရင်ထဲကို မေမေမြင်ပါသည် ။

သားစိတ်ထိခိုက်သွားတာ မေမေသိသည် ။ တုန်လှုပ်ချောက်ချားသွားတာလည်း မေမေသိပါသည် ။

Scanned by CamScanner

'သားစိတ်မကောင်းဖြစ်အောင် မေမေပြောတာမဟုတ်ပါဘူးကွယ်'

'သားသိပါတယ် မေမေရာ'

တစ်အောင့်အကြာမှာ သူစိတ်ကိုသူထိန်းနိုင်ပါသည် ။ တည်တည်ငြိမ်ငြိမ်ဖြစ်သွား၏။

သူကလေးမှ မဟုတ်တော့ဘဲ။

ဘာကိုမှ ခုလိုသွေးပျက်စရာမလို။ ရင်ဆိုင်ရဲစိတ်၊ ဆုံးဖြတ်နိုင်စိတ်၊ နိုင်ကြည်သောစိတ်ဓာတ် ရှိရပါမည်။

'မေမေ တာဝန်မကျေခဲ့တဲ့ သမီးလေးအပေါ် သားလက်ပေါ်အပ်ပြီး တာဝန်ယူခိုင်းတာပါ။ မေမေ့မှာ အကြွေးတင်နေပါတယ်ကွယ်။ သားကို ဆပ်ခိုင်းတာ မေမေတရားရဲ့ လား။ မေမေ့ကို သားနားလည်ရဲ့ လား'

မေမေက သူ့အထင်လွဲမှာ စိုးရိမ်နေရှာသည် ။

နေနိုင်ဘဝတစ်ခုလုံးကို လှပအောင်၊ ပီပြင်အောင် ပျိုးထောင်ပုံဖော်ပေးခဲ့တဲ့ မေမေ့အတွက် ပြန်လည်လုပ်ပေးခွင့်ရမယ်ဆိုတာ သားကံကောင်းခြင်းပါ။

မေမေ့ဆန္ဒကို သူဘာလို့ မလိုက်လျောနိုင်ရမှာ လဲ။

ဒါဘာများ ခဲယဉ်းသလဲ။

သူ့နှလုံးသားမှာ မေမေ့အပေါ် သနားညှာတာစိတ်က အမြဲယိုဖိတ်လျှံကျနေတာပါ။

နဖူးပေါ် လက်တင်ကာ သူအကြာကြီးငြိမ်နေမိသည် ။ ဖွင့်ထားသော တီဗွီမှာ အစီအစဉ်တွေက တစ်ခုပြီးတစ်ခု ပြောင်းသွားသည် ။

သူ့အတွေးများက မပြောင်းလဲပါ။ ဒါကိုပဲ ထပ်တလဲလဲ စဉ်းစားနေ

Scanned by CamScanner

သည်။ ခေါင်းတွေမူးအောင် စဉ်းစားနေသည်။

မေမေ့ကို ကတိပေးခဲ့ပြီးပါပြီ။

ကြည်ဖြူကို သူလက်ထပ်ပါမည်။

ဘာ ကြောင့်များ မေမေ့သမီးလေးကို လက်မထပ်နိုင်စရာရှိသလဲ။ ဆိုးလည်း ဆိုးပါစေ။ မိုက်လည်း မိုက်ပါစေ။ ရိုင်းလည်း ရိုင်းပါစေ။ အနိုင်ယူလည်း ယူပါစေတော့။

မေမေ့သမီးမို့ သူကအရာရာကို အရှုံးပေး လိုက်လျောချင်တော့သည်။

ကြည်ဖြူနွေးကို သားအထင်သေးခဲ့ပါသည်။

မေမေ့သမီးကိုတော့ သားတစ်ခါမှ အထင်မသေးခဲ့ပါ။

မေမေသည် ကမ္ဘာပေါ်မှာ သူ့စံပြုထားသော မိန်းမတစ်ဦး။

မေမေ့ အပြောအဆိုက ယဉ်ကျေးသိမ်မွေ့သည်။

မေမေ့ သဘောထားက ဖြူစင်နူးညံ့သည်။

သူ့ဘဝမှာ မေမေက သူ့အထင်သေးလောက်စရာ ဘာတစ်ခုမှ မလုပ်ခဲ့ပါ။

သူ့စိတ်မှာ မေမေ့ကိုအားကိုးသည်။

အမြဲရှိသေအထင်ကြီးခဲ့ရပါသည်။

'သား. . . မေမေ့ကိုနားလည်ရဲ့ လား'

'ဟုတ်. . . သားမေမေ့ကို အစကလုံးဝနားမလည်ခဲ့လို့ ပါမေမေရာ။ မေမေပွင့်ပွင့်လင်းလင်းပြောခဲ့ရင် သားမငြင်းပါဘူး။ သားဘယ်လို ငြင်း

Scanned by CamScanner

ရက်မှာ လဲဗျာ'

အရှိကိုအရှိအတိုင်း သူဖွင့်လင်းမိသည် ။

'သားရယ် လိမ္မာလိုက်တာ'

မေမေ့မျက်နှာ ခုလောက်ဝင်းပစိုပြည်သွားတာကို သူမမြင်ဖူးခဲ့ပါ။

မေမေ ဘယ်လောက်ဝမ်းသာသွားသလဲ။ သူဘာလို့ မကျေနပ်ရမှာလဲ။ မေမေ့အတွက်ဆို သူ့ဘဝတစ်ခုလုံး ပေးဆပ်ရဲပါသည် ။

သူ့ဘဝကို မေမေပိုင်သည် ပဲ။ မေမေစိမ်သမျှ သူနာခံပါမည်။

စိတ်ထဲမှာ မကျေမနပ်မဟုတ်ဘဲ သိပ်ကိုကျေနပ်စွာ လက်ခံခေါင်းညိတ်မှာ ပါ။

မင်းကံကောင်းပါတယ် ကြည်ဖြူ။

မျက်လုံးတွေမှေးစင်းကာ သူစဉ်းစားနေမိသည် ။

အမှားလုပ်ပြီး အထက်စီးကနေချင်သောသူမကို မေမေ့သမီးမို့ သူဗွေမယူရက်တော့ပေ။

ဘာကိုမဆို မင်းခွင့်လွှတ်။

ဘာကိုစွမဆို မင်းသည်းခံ။

ဘယ်အကြောင်းဖြစ်ဖြစ် မင်းရင်ဆိုင်ဖြေရှင်း. . နေနိုင်။

သူ့ကိုယ်သူ သတိတွေပေးနေမိသည် ။ မေမေက သိသိသာသာ ကျေနပ်သွားပြီး စိတ်အေးသွားပုံရသည် ။

မေမေ့အပူတွေက ခုမှ သူ့ရင်ထဲ တကယ်ရောက် လာလေပြီ။

သူ. . . ထိုကောင်မလေးနှင့် ဘဝကိုဘယ်လိုလုပ်

Scanned by CamScanner

စတင်လျှောက်လှမ်းရမလဲ။

သူ့ကို မာရေကျောရေ ဆက်ဆံတတ်သလောက် သူ့စကားကိုလည်း ဘာတစ်ခွန်းမှ နာခံခေါင်းညိတ်မည့်ရုပ်မဟုတ်ပါ။

သူ့အဒေါ်စကားကိုနားထောင်ပြီး ခေါင်းညိတ်ထားခဲ့တာဟု ဖြောင့်ဖြောင့်ပြောသည် ။

အင်းလေ. . . ဒါလည်း မဆိုးပါဘူး. . . ပွင့်လင်းရိုးသားတာပဲပေါ့. . . လိမ္မာတာပဲပေါ့ဟု မရှိ ရှိတာကြံဖန်တွေးပြီး အမှတ်ပေးရသည် ။

အမှန်ဆို မင်းက ကိုယ့်ပေတံမှာ ဘယ်လိုမှ မမိတဲ့ မိန်းကလေးမျိုး။ အထင်ကြီးစရာရှာကြည့်လို့ မှ တစ်ကွက်မတွေ့။

ဒရင်းဘက်ခ်ပေါ်မှာ သူတစ်ဖက်စောင်းအိပ်လိုက်ကာ တီဗွီရှိရာဘက်သို့ ကျောပေးလိုက်တာပါ။ ခုညတော့ တီဗီအစီအစဉ်ကို သူစိတ်မဝင်စားနိုင်။

အင်း. . . နောက်တစ်ခုရှိသေးတယ်။

သူ့ဖျတ်ခနဲ သတိရသည် ။ စီးကရက်ဗြာခွက်ကလေး သူမယူပေးတာ။

အလိုက်တသိ လိမ္မာစွာထယူပေးဖော် ရရှာသည် ။

ကိုယ်ဘာလိုအပ်သလဲဆိုတာ ချက်ချင်းသိသည် ။ မြင်သည် ။ လုပ်ပေးသည် ။

သိတာက သူမအကင်ပါးမှု။ လုပ်ပေးတာက သူမစေတနာ။

သူ့နှုတ်ခမ်းတွေ အနည်းငယ်ပြုံးသွား၏။

ပထမဆုံးတွေ့ကြုံမှုမှာ သည် တစ်ခုသာ သူ့အဲ့ဩတုန်လှုပ်သွားအော

Scanned by CamScanner

င် လုပ်ပြနိုင်ခဲ့ပါသည် ။ ဒါကလည်း မပြောစလောက်။

ကိုယ်မဟုတ်ဘဲ တခြားညွှဲသည် ဆိုလည်း ယူချင်ယူပေးမှာ ။

သူ့နှုတ်ခမ်းတွေက အပြုံးပြန်လည်မြုပ်ကွယ်သွားသည် ။

ကြည်ဖြူနွေးနှင့်ပတ်သက်ပြီး သူဘာကိုမှ မခံစားချင်ပါ။ သူ့နှလုံးသားကို ပကတိ မတုန်မလှုပ်ရှိစေချင်သည် ။

တဖြည်းဖြည်းနှင့် မျက်ခွံတွေလေးကာ အိပ်ငိုက်စပြုသည် ။

'ဟင်း. . . ဟင်း. . . ဟင်း'

ရယ်သံလေးက ချိုသည် ။

မျက်လုံးကလေးက လက်သည် ။

လက်ထဲက စီးကရက်ပြာခွက်အဖြူလေးကို စားပွဲပေါ်ချပေးတော့ သူမော့ကြည့်နေမိသည် ။ ရင်ထဲမှာ နွေးတေးတေးနှင့် ပျော်သလိုလို။ တောက်ပရွှန်းစိုသော မျက်လုံးကလေးတွေကို ရင်ခုန်စွာနှင့် ချစ်စနိုးဖြစ်လာ၏။

အဖြူရောင်ဝတ်စုံလေးနှင့်သူမက အစိပ္ပာယ်ပါသောအပြုံးနှင့် ပြန်လှည့်ပြေးသွားသည် ။

သူ့ရင်ထဲ ဟာကျ၏။

ငေါက်ခနဲထကာ ပြေးလိုက်သွားချင်သည် အထိ။

လှစ်ခနဲပြန်ပြေးထွက်လာသောအခါ စီးကရက်ခွက်အနီကလေးနှင့် တစ်ကိုယ်လုံးလည်း နီရဲတောက်ပနေသည် ။

စောစောကလိုပဲ သူမရယ်သည် ။

Scanned by CamScanner

စီးကရက်ပြာခွက်ကလေး ချပေးသည် ။

ပါးကလေးပေါ် လက်ဖျားလေးတင်ကာ အစိပ္ပာယ်ပါစွာပြုံးသည် ။

နောက်တော့ လှည့်ဝင်သွားသည် ။

တတိယအကြိမ်မှာ နုံ့သာရောင်လေးနှင့် နုံ့သာရောင်စီးကရက်ပြာခွက်။

စတုတ္ထအကြိမ်မှာ အပြာရောင်လေးနှင့် အပြာရောင်စီးကရက်ပြာခွက်။

သူ့ရှေ့က စားပွဲမှာ စီးကရက်ပြာခွက်ကလေးတွေ အရောင်စုံအောင်ပြည့်သွား၏။ သူမဝတ်စုံလေးတွေကလည်း တစ်ရောင်ပြီးတစ်ရောင် ပြောင်းသွားသည် ။

သူ့မျက်လုံးဝေပြာဝေမှုး နောက်လာ၏။

သူမကို လိုက်ကြည့်နေရတာ ရီဝေလာသည် ။ မောလာသည် ။

ရယ်သံလေးတွေက နားထဲ ပဲ့တင်ထပ်လာ၏။

အစိမ်းရောင်ဝတ်စုံလေးနှင့် အစိမ်းရောင်ပြာခွက်ကလေးကို ချအပေးမှာ သူငြိမ်မနေနိုင်တော့ ဘဲထအော်မိသည် ။

'တော်ပြီ. . . တော်ပြီ. . . မယူပါနဲ့ တော့'

သူ့အသံကြီးက ဟိန်းထွက်လာသည် ။ ကြည်ပြုံးနေ့က နားမထောင်ပါ။ ပခုံးလေးတွန့်ကာ မထိမဲ့မြင်ပြုံးကလေးနှင့် လှည့်ပြေးသည် ။

စီးကရက်ပြာခွက်တွေ သွားထပ်ယူလာသည် ။

'မင်းကို ငါအမိန့်ပေးနေတယ်လေ'

Scanned by CamScanner

'အဟင်း. . . ဟင်း. . . ဟင်း'

'မင်း'

သူ့ကို လက်ကလေးဝိုက်ကြည့်ကာ လှောင်သည် ။

ငေါ်တော့တော့ကလေး ခနဲ့ သည် ။

'အလိုက်သိတာလေ. . . လိမ္မာတာလေ. . .မကောင်းဖူးလား'

'မင်း. . . ငါ့ကို အမြဲဆန့်ကျင်ချင်ပါ့လား'

'ဒါအစပဲရှိသေးတာ။ ရှင်တဖြည်းဖြည်း တဖြည်းဖြည်း ထပ်သိလာဦးမယ်ရှင့်. . . ဦးနေနိုင်ရဲ့ . . . ဟွန့်'

ခါးလေးထောက်ပြီး ပြောလိုက်ပုံမှာ အရာရာကို အသာစီးရကာ အကျေနပ်ကြီးကျေနပ်နေဟန်ပါ။

'တောက်'

'ဝုန်း'

သူဒေါသကြီးလွန်းစွာ စိတ်မထိန်းနိုင်ဘဲ စားပွဲတစ်ခုလုံးကို တွန်းလှဲမှောက်ပစ်လိုက်သည် ။

'ဟင်'

သူဖျတ်ခနဲ လန့်နိုးလာ၏။

မျက်လုံးဖွင့်ကာ မျက်နှာကြက်ကိုမော့ကြည့်သည် ။

အိပ်မက် မက်နေပါရောလား။

မဟုတ်သေးပါဘူး. . . အိပ်မက်ထဲမှာ တောင် အနိုင်ယူချင်ရောလား ကြည့်ဖြို့ရယ်။

သူစေ့စေ့တွေးနေမိသော အကြောင်းအရာမို့များ မက်ရော့သလား။ အိပ်မက်ဆိုတာ အစွဲအလမ်းနှင့်ဆိုင်သည် လေ။

အိပ်မပျော်ခင်တုန်းက ကြည်ဖြူနွေးအကြောင်းတွေ စဉ်းစားနေမိခဲ့၏။

စီးကရက်ပြာခွက်ကလေး ယူပေးတာကို ကြည်နူးစွာတွေးကြည့်ခဲ့၏ ။

ဒေါ်သဖြစ်စရာ အိပ်မက်ကြောင့် ကြည်နူးစွာအမှတ်ပေးမိတာလေးပင် ပျောက်သွားရချေပြီ။

သည် လိုလုပ်ပေးတာ ကိုယ်ကျေနပ်မှန်းသိရင် မင်းလုပ်ပေးမှာ မဟုတ်ဘူး ။

ကျိန်းသေနားလည်နေသည် ။

သူလက်ထပ်ရမယ့်ကောင်မလေးကို သူအဲဒီလောက်အထိ ယုံကြည်စိတ်ချသည် ။

ဘာပဲဖြစ်ဖြစ် အိပ်မက်ထဲမှာ မင်းသိပ်လှနေတာတော့အမှန်ပါပဲ။

မင်းရဲ့ အလှမှာ ကိုယ်မယစ်မူးချင်ဘူး။ ကိုယ်မရူးချင်ပါဘူး။

မင်းကြောင့် ကိုယ်ဘယ်တော့မှ ယိမ်းယိုင်မသွားချင်ပါဘူး။

မချစ်ဘဲနေမယ်။

မချစ်ဘဲနေနိုင်အောင် ကြိုးစားမယ်။

ဒါပေမဲ့ မင်းကို ကိုယ်လက်ထပ်မှာ ပါ ကြည်ဖြူ။

မေမေ့သမီးလေးမို့ မင်းလိုအပ်တာအားလုံး ဖြည့်ဆည်းပေးပြီး အမြဲတမ်းစောင့်ရှောက်သွားပါ့မယ်။

Scanned by CamScanner

ဒါပေမဲ့ ကိုယ့်မာနက မာနပဲ။

နေနိုင်ချိုဟာ မာနနှင့် ယောက်ကျားတစ်ယောက်ပါ။

ဘယ်တော့မှ မင်းရှေ့မှာ မကျရှုံးစေရဘူး။

အိပ်မက်ထဲမှာ လို မင်းကိုယ့်ကို လှောင်ပြောင်သရော်ခွင့် မရစေရဘူးကွာ. . .

သူ့ကိုယ်သူ သတိတွေ အထပ်ထပ်ပေးနေမိသည် ။

ကြိုတင်ပြင်ဆင်နေမိသည် ။

ဒရင်းဘက်ခ်ပေါ်မှ ဆင်းပြီးမှ တီဗွီရှိရာ လှမ်းကြည့်မိသည် ။

မေမေပိတ်ပေးသွားသည် ထင်ပါရဲ့ ။ သူအိပ်ပျော်သွားလို့ သာ မေမေမနိုးတာ ဖြစ်လိမ့်မည်။ မေမေကဘယ်တော့ဖြစ်ဖြစ် သူ့အပေါ်စာနာသည် ။ အနစ်နာခံရောရှိလည်း ရှေ့ကခံလိုက်သည် ။

သူ့ကို ဖူးဖူးမှုတ်ထားမတတ် ချစ်ရှာသည် ။

မေမေ့မှာ ကြည်ဖြူနွေးလိုသမီးအရင်းရှိနေတာ အံ့သြစရာ။

ဘာကိုမှ သူ့စေ့စေ့စပ်စပ်မမေးဖြစ်။

မေမေ့ကို အားနာသည် ။

သိချင်စိတ်ကို မျိုချပစ်သည် ။ မေမေပြောလာမှ ပဲ နားထောင်တော့မည်။ ပြောရခက်နေသေးလျှင် သူဇွတ်မမေးချင်ပါ။

မေမေစိတ်အနှောင့်အယှက် မဖြစ်စေချင်။

'သား. . . တရေးနိုးတာလား'

'ဟုတ်ကဲ့'

Scanned by CamScanner

သူက မေမေအိပ်ပျော်နေပြီဟု ထင်တာမို့ တိတ်တဆိတ် ကော်ဖီတစ်ခွက်ကိုဖျော်ဖို့ ပြင်ဆင်နိုက်မှာ ပဲ မေမေ့အသံကြားရသည် ။

'မေမေ မအိပ်သေးဘူးလား'

'မေမေအိပ်လို့ မရဘူးသားရဲ့ '

'ဟုတ်လား။ မေမေဘာဖြစ်လို့ လဲ'

နေနိုင်က မေမေ့ဘေးနားလျှောက်သွားပြီး လက်ကလေးဆွဲယူ ဆုပ်ထွေးကြည့်၏။

'ဘာဖြစ်လို့ လဲမေမေ။ နေမကောင်းဘူးလား။'

သူစိုးရိမ်သွားသည် ။

မေမေက ခုတလောသိပ်ဖျော့တော့နေသည် ။ ကြည့်ရတာအားမရပါ ။

မေမေ သိပ်ဝိန်(အားနည်း)ဖြစ်နေတယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပေါ့မေမေရဲ့ . . . ခက်တာပဲ'

သူ့စကားတွေကို မေမေကရယ်သည် ။

'အမလေး. . . သားရယ်. . . ဆရာဝန်ကြီးရယ်. . . ကျွန်မက ဆရာဝန်ကြီးအမေပါ'

'ဘာဆိုင်လဲ'

သူက မေမေ့ကိုခုံမှာ ထိုင်စေသည် ။

'ဓာတ်ဘူးထဲမှာ မေမေ ကော်ဖီဖျော်ထားပြီးသား'

မေမေက သူ့အကြောင်းကို အဲဒီလောက်ထိသိသည် ။

Scanned by CamScanner

သူအိပ်ပျော်သွားပေမယ့် တရေးပြန်နိုးလာမှာ ကော်ဖီသောက်ချင်မှာ ကို ကြိုတင်ခန့်မှန်း ပြင်ဆင်နိုင်လေသည် ။

'မေမေရာ သောက်မလား'

'မသောက်တော့ဘူး'

ဓာတ်ဘူးထဲက ကော်ဖီငှဲ့ထည့်နေသော သူ့ကို မေမေက အပြုံးနှင့်ကြည့်ပြီးမှ လှမ်းပြောသည် ။

'မေမေက ကျန်းမာရေးကို ဂရုစိုက်ပါတယ်။ နေတာထိုင်တာ၊ စားတာသောက်တာ အစစ အရာရာသတိထားပါတယ်။ ရေချိုးတာကအစ သားစိတ်မပူပါနဲ့ ။ သန့်ရှင်းရေးကိုလည်း မေမေကဂရုစိုက်ပြီးသား'

သူဆရာဝန်ဖြစ်လာပေမယ့် မေမေကတော့ သားကို အထင်ကြီးမှာ မဟုတ်။ မေမေ့ရှေ့မှာ ဆို သူက ကလေးပါပဲ။

'အိပ်မပျော်တာက နေမကောင်းလို့ မဟုတ်ပါဘူး သားရယ်'

'ဗျာ. . . ဒါဆိုဘာကြောင့်လဲမေမေ'

'ဝမ်းသာလို့ ပါ. . . ဝမ်းသာလွန်းလို့ ပါကွယ်'

ဖြစ်မှ ဖြစ်ရလေမေမေရယ်. . .

ရင်ထဲမှာ ဆို့နင့်စွာနှင့် ပြောစရာစကားရှာမရ။

မေမေရယ်. . . ဒီလောက်တောင်ပဲလားဗျာ။

နေနိုင်က ကော်ဖီခွက်ကို စိုက်ကြည့်ကာနေမိသည် ။

'သမီးလေးကို သားနဲ့ လက်ထပ်ပေးပြီးရင် မေမေ စိတ်အေးရပြီ'

'စိတ်ချပါ. . . သားကြည်ဖြူကို လက်ထပ်ပါ့မယ်'

Scanned by CamScanner

သူ့စကားကို မေမေ အကြွင်းမဲ့ ယုံကြည်စိတ်ချစေချင်ပါသည် ။

ပေးပြီးသားကတိကို သူကမဖျက်ချင်ပါ။ အမြဲတည်ချင်သည် ။ သို့ကြောင့်လည်း သူလွယ်လွယ် ကတိမပေးရဲတာ။

'မေမေ. . . အိပ်ပျော်အောင်အိပ်ပါ။ ဝမ်းသာပြီး အိပ်မရတာလည်း မကောင်းပါဘူး။ မေမေနေမကောင်းရင် သားက စိတ်ညစ်တယ်'

မေမေ့ကို ကလေးလိုပဲ သူဆိုမိပါသည် ။

မေမေ့ကိုသာ တိုက်တွန်းမိတာ။

သူလည်း အိပ်မပျော်ပါ။ ပြန်အိပ်လို့ ကိုမရ။ မျက်လုံးတွေက ကျယ်နေသည် ။

သီချင်းသံကလည်း တိုးတိုးဖွင့်ပြီး ဝရန်တာမှာ ထွက်ရပ်နေသည် ။

မထင်မှတ်တာတွေ ဖြစ်လာတတ်သော လောကကြီးမှာ ခံနိုင်ရည်ရှိဖို့၊ ရင်ဆိုင်ရဲဖို့ အထူးလိုအပ်လှပါသည် ။

ကံကြမ္မာက လူတွေကိုမျက်လှည့်ပြတတ်သည် ။

ကံတရား အပြောင်းအလှည့်သည် တစ်ခါတစ်ရံ ထိတ်လန့်စရာကောင်းသည် ။

တစ်ခါတလေကျတော့လည်း မယုံနိုင်လောက်အောင် ပျော်စရာကောင်းပါသည် ။

အဲဒီမျက်လှည့်ကို ရင့်ကျက်စွာခံနိုင်ဖို့ အရည်ထူအောင် လေ့ကျင့်ထားရပါပြီ။

သူ့ဘဝမှာ ဆရာဝန်တစ်ယောက်ဖြစ် လာပြီးမှ အစစ်အမှန်ကိုသိရသည် ။

Scanned by CamScanner

ယော်စဉ်ကလေးဘဝကို သူက ဘာများမှတ်မိတဲ့ လဲ။ အသိဉာဏ်ဝင်စကတည်းက သူ့အနားမှာ မေမေရှိသည် ။

မေမေကသူ့ကို ဂရုစိုက်သည် ။ မေမေ့မေတ္တာရိပ်သည် သူ့အတွက် လုံခြုံအေးမြလှပါသည် ။

ဘာတစ်ခုမှ လစ်ဟာလိုအပ်ချက် မရှိခဲ့ပေ။

ပြည့်စုံခြင်းကို သူ့အတွက် မေမေကဖန်တီးပေးသည် ။

မေမေ့သားဖြစ်ရတာ သူကျေနပ်လှသည် ။ ဂုဏ်ယူမိပါသည် လက်ရှိဘဝကို အစစ်အမှန်ဟု သာ သူနားလည်ယူဆခဲ့မိပါသည် ။

မနေ့တစ်နေ့ကမှ တွေ့ဆုံခဲ့သော ကောင်မလေးတစ်ယောက်အပေါ် မေမေလေးနက်လွန်းစက အုံ့ဩနေခဲ့သည် ။

သည် နေ့မှ ပဲ သိခွင့်ရသည် ။

ကြည်ဖြူနွေးက မေမေ့သမီးအရင်းကလေးတဲ့ ။

မေမေ့သမီးဆိုသော အသိစိတ်ကြောင့် သူ့အမျှားကြီး ခွင့်လွှတ်နိုင်သည် ။

တော်တော်ကလေး နူးညံ့ပျော့ပျောင်းသွား၏။

မေမေ့သမီးမို့ မေမေ့ဗီဇနှင့် စိတ်ဓာတ်ကလေး ရှိနေလိမ့်မည်ဟု မျှော်လင့်ထားမိသည် ။

သူ့မျက်စိရှေ့မှာ တခြားတစ်ယောက်နှင့် ကျေကျေနပ်နပ် ရယ်မောရင်းနီးနေခဲ့တာကိုတော့ တတ်နိုင်သမျှ မေ့ထားရပါမည်။

သို့မှ သာ အဲဒီကောင်မလေးကို သူ့မျက်စိထဲကြည့်လို့ ရပါမည်။

ရှေ့ဆက် ဘာတွေရင်ဆိုင်ရင်မောရမလဲဆိုတာ သူအတတ်မပြောနို

Scanned by CamScanner

င်သေး။

ဘာပဲဖြစ်ဖြစ် ခြေလှမ်းတွေက နောက်ဆုတ်မရနိုင်တော့။

ရှေ့ကိုသာဆက်၍ ဆက်၍ လှမ်းရပါတော့မည်။

ဆုံးဖြတ်ချက်တစ်ခုဖြင့် နေနိုင် မင်းသိန်းဆီ ဖုန်းခေါ်လိုက်သည် ။

'ဟယ်လို. . .'

'မင်းသိန်း. . .'

'ဟာ. . . နေနိုင်. . . ဆို. . . ဘာကိစ္စရှိပြီလဲ'

'မင်းလာခဲ့မှ ရမယ်'

'ဘာဖြစ်လို့ '

'ငါသူ့ကို လက်ထပ်တော့မယ်'

'ဟေ. .'

မင်းသိန်းက မယုံနိုင်သလို ခဏငြိမ်သွား၏။

ပြီးမှ . . .

'ဘယ်သူ့ကိုလဲ'

'ကြည်ဖြူနွေး'

သူက နာမည်ကို တစ်လုံးချင်း ခပ်ဖြည်းဖြည်းလေး ရေရွတ်လိုက်သည် ။

'အဲဒါ သူ့အိမ်ကို ကိုယ်တိုင်သွားပြောမလို့ '

'မင်း. . . တကယ်'

Book Sharing

Scanned by CamScanner

'အေးပါဆိုကွာ...'

'ဒါဖြင့် ငါလာမယ်...'

'မြန်မြန်နော်'

'အိုကေ...'

မင်းသိန်းအသံက ဝမ်းမြောက်သဘောကျသံကြီး။

'မင်းမားသားကြီး ရေလည်တော်တယ်'

တစ်ခွန်းထပ်ပြောသေး၏။

တကယ်တော့...ဒီကောင်ဘာမှ မသိလို့ ပြောတာပါ။

သူ့ရင်ထဲမှာ ဗလောင်ဆူပြီး မောဟိုက်နေတာကို နားလည်မှာ မဟုတ်။

ဖုန်းချပြီးတော့ နေနိုင် ငြိမ်သက်စွာ ခပ်ငူငူထိုင်နေမိသည်။

မျက်ဝန်းထဲမှာ လည်း ကြည်ဖြူဆိုသော ကောင်မလေးရဲ့ ရုပ်သွင်က ပြန်ပေါ်လာသည်။

နက်မှောင်စင်းဖြောင့်သော ဆံနွယ်လေးတွေ...

သွေးရောင်နုနုလျှမ်းနေသော ထူအမ်းအမ်းနှုတ်ခမ်းအစုံ...

ညို့ငင်နိုင်စွမ်းရှိသော မျက်ဝန်းအကြည့်လေးများ။

သည် မိန်းမချောလေးဟာ အပြစ်မြင်ရက်စရာမရှိအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။

ဒါကိုတော့ နေနိုင်မငြင်းနိုင်ပါ။

'သားရေ...ဒီမှာ မေသူလာတယ်ဟေ့'

Scanned by CamScanner

မေမေသတင်းပေးသဖြင့် အခန်းထဲကထွက်မည်ပြင်ပြီးမှ စွပ်ကျယ်လက်ပြတ်ကလေးနှင့် ဖြစ်နေတာကို သတိပြုမိပြီး အဝတ်လှမ်းစင်မှာ ချိတ်ထားတဲ့ အဲရီးရှပ်ကလေးတစ်ထည်ကို လှမ်းဖြုတ်လိုက်ရသည် ။

ရှပ်အင်္ကျီကို အပေါ်က ထပ်စွပ်ပြီးမှ အပြင်သို့ထွက်ခဲ့၏။

မေသူက မော့ကြည့်ပြီး ပြုံးပြသည် ။

'ဘယ်ကလာတာလဲ'

'အိမ်ကပဲ. . . ရှမ်းခေါက်ဆွဲချက်လို့ လာပို့တာ'

'ဪ'

မေသူက သူ့အနားသို့ လျှောက်လာသည် ။

'နင်ကြိုက်မှန်းသိလို့ လာပို့တာနော်. . . စားလိုက်ဦး'

'ရပါတယ်. . . ကျေးဇူးပဲ'

'အမယ်. . . သူစိမ်းကျနေတာပဲ'

မျက်စောင်းလေးတစ်ချက်ဝင့်ကာ မေမေမကြားရအောင် လေသံတိုးနှိမ့်ပြီး. . .

'မိန်းမရတော့မယ့်သူဆိုပြီး. . . ဘဝင်မြင့်မသွားနဲ့ ဦး. .'

'ဘာဆိုင်လို့ လဲ'

'မသိဘူးလေ. . . '

မေသူ့မျက်ဝန်းလေးတွေက နက်ရှိုင်းနေသည် ။

နေနိုင့်မျက်နှာထားလေးကတော့ ခပ်အေးအေးသာ။

'နင်ကလည်း ဟယ်. . . စလို့ တောင်မကောင်းဘူး. . မတုန်မလှုပ်နဲ့ .

Scanned by CamScanner

. . အဲဒီကောင်မလေးကို စိတ်မဝင်စားဘူးလား. .'

မေသူမေးခွန်းက ပြေရခက်သည်။

'သူက မချောဘူးလား'

'ချောသားပဲ'

ပြောပြီး နေနိုင်မျက်နှာလွှဲလိုက်သည်။

မေသူစိုက်ကြည့်နေတာကို သူပို၍ စိတ်ရှုပ်လာမိသည်။

ဆံပင်တွေထဲ လက်ထိုးဖွရင်း မျက်ခုံးကို ရှုံ့ထားမိသည်။

မိန်းကလေးတွေက နားလည်ရသိပ်ခက်ပါလားကွာ။

မေသူဘာကြောင့် သူ့ထံရောက်လာသလဲ သူသိပ်မစဉ်းစားချင်။

'နေနိုင်'

'ဟင်'

'နင်စိတ်ညစ်နေတယ် မဟုတ်လား'

'ဘာလို့ မေးတာလဲ'

'နင့်ပုံစံကသိသာတယ်'

နေနိုင်ဘာမှ မဖြေချင်. . .

စီးကရက်ဘူးကိုလှမ်းယူ၍ တစ်လိပ်ထုတ်လိုက်၏။

မီးခြစ်ကို မျက်စိဝေ့ကာရှာလိုက်စဉ်. .

မေသူကစားပွဲပေါ်မှ မီးခြစ်လေးကို အလိုက်သိစွာ ကောက်ယူပေး၏

မေမေက မသိမသာ အကဲခတ်နေသည်။

Scanned by CamScanner

ဘာပဲပြောပြော ခုချိန်မှာ မေမေဘာကိုရင်ပူနေသလဲ။ ဘာကိုဖြစ်စေချင်သလဲ. . . သူကောင်းကောင်း နားလည်နိုင်ပြီ။

ပြီးတော့ မေမေ့ကို အပြစ်မတင်ရက်တော့ပါ။

'နေနိုင်ရယ်. . . အေးအေးလည်း မထိုင်ဘူး. . အပြင်ချည်းပဲမျှော်နေတယ်'

သူအပြင်ဘက် လှမ်းလှမ်းကြည့်မိတာကို မေသူက သတိထားမိသွားသည်။

'မဟုတ်ပါဘူးဟာ. . . မင်းသိန်းနဲ့ ချိန်းထားလို့ ပါ'

'ဘယ်သွားကြဖို့ လဲ'

နေနိုင်မဖြေရသေးခင် မင်းသိန်းဆိုင်ကယ်လေး ရောက်ချလာတော့၏။

'ဟ. . . မေသူလည်း ရောက်နေတာကိုး'

'နင်တို့ ဘယ်သွားမလို့ လဲ'

မင်းသိန်းက မချိုမချဉ်မျက်နှာပေးလေးနှင့်. . .

'အဲဒါ ဒီကောင့်မေးကြည့်'

'နေနိုင့်ကောင်မလေးဆီမဟုတ်လား. . . ငါသိသားပဲ'

မေမေက သူတို့ နားရောက် လာပြီး. . .

'သားရေ. . အပြန် ကြည်ဖြူလေးပါခေါ်ခဲ့နော်. . . မေမေပြောစရာရှိလို့ '

မေသူက နည်းနည်းမျက်နှာပျက်ချင်၏ .

Scanned by CamScanner

သို့သော်. . .

သူမက ဟန်ဆောင်ကောင်းသူမို့ ချက်ချင်းပြုံးရယ်လိုက်ကာ. . .

'ဒါကြောင့် နေနိုင် ရှိုးများ နေတာကိုး. . . သွားပါ. . . သွားပါ'

'မေမေ. . . သားတို့ သွားမယ်'

'အေးအေး. . . ကားကိုဖြည်းဖြည်း မောင်းနော်. . .'

'ဟုတ်ကဲ့. . .'

မင်းသိန်းက လမ်းပေါ်ကားရောက်တာနှင့် သူ့ဘက်လှည့်ပြီး. . .

'မင်းစိတ်တွေပြောင်းသွားပြီ မဟုတ်လား'

'ဘာကိုလဲ'

'ကောင်မလေးက အရမ်းချစ်ဖို့ ကောင်းနေတယ်လေ'

နေနိုင်က နှုတ်ခမ်းလေးတွန့်ကွေးသည် ဆိုရုံ တစ်ချက်ပြုံးလိုက်သည်။

ကောင်မလေးလှတာကိုတော့ မငြင်းချင်ပါဘူး။

သို့သော်. . .

သူ့ဘာလို့ ပြောင်းလဲသွားသလဲ။

ရှင်းမပြချင်တော့ပါ။

'ငါထင်တယ်. . . မင်းဒီလိုဖြစ်သွားမယ်ဆိုတာ'

မင်းသိန်းက သူ့အထင်မှန်ကြောင်း သူ့ဘာသာအတည်ပြုနေသည်။

'ထားပါတော့ကွာ'

Book Sharing

Scanned by CamScanner

'ကြည်ဖြူက မင်းကြွေမယ်ဆို ကြွေလောက်ပါတယ်. . ပုံစံလေးကဆန်းတယ်. . . ခံစားချက်ရှိတဲ့ မျက်နှာလေးကွ'

'ဘာခံစားချက်လဲ. . . မာရေကျောရေနဲ့ ပါ'

'မဟုတ်ပါဘူးကွာ. . . မင်းကလည်း စိတ်ထားပျော့ပျောင်းပုံရပါတယ်'

'ချစ်တာ. . မချစ်တာမသိဘူး. . သင့်တော်ရင်ယူလိုက်မှာ ပဲ ဆိုတဲ့ စိတ်ဓာတ်က ပျော့ပျောင်းတယ်ဆိုပါတော့'

နေနိုင့် နှုတ်ခမ်းမှာ မခိုးမခန့်နိုင်လှသောအပြုံးနှင့်။

သူ့စိတ်ထဲ မရှင်းလင်းပဲ လက်သင့်ခံရတာမို့ မချိတင်ကဲ ဖြစ်နေမိဆဲပါ။

'ဟ. . .သူတို့ အိမ်နားတောင် ရောက်ခါနီးပြီ. . '

'ဘာဖြစ်လို့ လဲ'

'ဝင်တွေ့ရမှာ မျက်နှာပူစရာကြီး. . . မင်းလာခေါ်တာတွေ့ရင် သူအံ့ဩနေမှာ ပဲ'

'ဘာလို့ အံ့ဩရမှာ လဲ. . . ငါက သူနဲ့ သဘောတူထားတဲ့ လူပဲ. . . '

'ဟား. . . ဟား. . . ဒီလိုတော့လည်း သိသားပဲ'

ချောကလက်ရောင် အထက်အောက်ဆင်တူဝတ်စုံလေးဖြင့် သူမပုံလေးက ကြော့ရှင်းစွာပေါ်လာသည် ။

နေနိုင့်မျက်လုံးများ နှင့် တည့်တည့်ရင်ဆိုင်ရတော့ သူမ မျက်လွှာချခက်သည် ။

ပြီးတော့ ညှော်ခန်းသို့ ညင်သာစွာ လျှောက်လာသည် ။

Scanned by CamScanner

သူမလမ်းလျှောက်ပုံလေးက မေမေနှင့်တူသည်။

ခြေဖဝါးချပုံလေးကအစ သိမ်မွေ့တာ။

သူမဆီမှာ မေမေ့ဟန်ပန်လေးတွေ ဘာလို့ ရှိနေရတာလဲကွာ။

ဒီဟန်ပန်လေးတွေဟာ သူနှင့်တစ်သက်လုံး ရင်းနှီးစွာ မျက်စိထဲစွဲလာပြီးသားမို့ ရင်ထဲတစ်မျိုးကြီး ခံစားရသည်။

'အန်တီခေါ်ခိုင်းလိုက်တယ်ဆို'

'ဟုတ်တယ်. . .'

နေနိုင့်အသံက ပြတ်တောက်တောက်နှင့်မို့ မင်းသိန်းက ပခုံးကို မသိမသာတိုက်၍ သတိပေးသည်။

သူမပုံစံလေးကမဝံ့မရဲ။

နေနိုင်ကို ရှိန်နေပုံလည်း ရသည်။

နေနိုင်က တည်နေသောမျက်နှာကို နည်းနည်းလျော့အောင်ပြင်ပြီး. . .

.

'မေမေက တိုင်ပင်စရာရှိလို့ ပါ. . . ခဏလိုက်ခဲ့ပေါ့'

'ဟုတ်ကဲ့. .'

နေနိုင်တို့ က ရှေ့ကဆင်းတော့ သူမခြေလှမ်း ခပ်တုံ့တုံ့နှင့်ပဲ မရဲတရဲပါလာသည်။

ယခုတော့ ဒီကောင်မလေးကို ကားပေါ်တင်ခေါ်သွားဖို့ အခြေအနေက ဖန်တီးခဲ့ပါပြီ။

မင်းသိန်းက သူ့ကိုမျက်ခုံးတစ်ချက်ပင့်ပြ၍ ကားနောက်ထဲ ခပ်တည်

Scanned by CamScanner

တည်တက်ထိုင်ရာ. . . သူမက ကြောင်တက်တက်ကလေး ရပ်နေသည် ။

'တက်လေ'

နေနိုင်အမိန့်ပေးလိုက်မှ တံခါးဖွင့်တက်တာကိုကြည့်ပြီး မင်းသိန်းက ပြုံးချင်နေသည် ။

ရှေ့လျှောက်တော့ ဒီနှစ်ယောက်ပုံစံက ရယ်ရဦးမည်။

'ငါ့ကို အရင်ဝင်ပို့နော်. . . နေနိုင်. . '

'အေးပါ'

ကားပေါ်မှာ သူမက တိတ်တိတ်ဆိတ်ဆိတ်ပင် အဝေးသို့ငေးမော၍ ပါလာသည် ။

မင်းသိန်းနှင့်နေနိုင်သာ စကားတစ်ခွန်းနှစ်ခွန်းပြော ဖြစ်၏။

'လမ်းထိပ်မှာ ပဲ ဆင်းမယ်ကွာ. . . '

မင်းသိန်းက အိမ်အရောက်မပို့နိုင်းတော့ပါ။

ဒီကောင် စွတ်ပြီးအလိုက်သိနေသည် ။

မင်းသိန်းဆင်းသွားပြီး ကားထဲမှာ သူတို့ နှစ်ဦးသာ ကျန်ရစ်တော့ အလိုလိုနေရခက်နေသည် ။

တစ်စုံတစ်ရာက သူတို့ နှစ်ဦးကို လာရောက်ရစ်နှောင်ထားသဖြင့် ခံစားချက်က ထူးဆန်းလှသည် ။

နေနိုင်က စတင်ပြီး. . .

'မေမေက မင်းကိုသိပ်သဘောကျတယ်'

သူ့စကားကြီးက တစ်မျိုးဟု ကြည်ဖြူထင်သည် ။

Scanned by CamScanner

'တော်တော်ကြီးချစ်တာ . . '

သူ့ပြောဟန်မှာ တခြားအဓိပ္ပာယ်တစ်မျိုး ပါဝင်သလို ခိုင်မာနက်ရှိုင်းနေသည် ။

'ကျွန်မကတော့ ရှင့်တို့ ကိုအရင်ကမသိပါဘူး'

'ကိုယ်လည်း မင်းကို ဒီနေ့မှ မြင်ဖူးတာပါ'

ကြည်ဖြူက သူ့ကို ဖျတ်ခနဲလှည့်ကြည့်တာမို့ မျက်လုံးချင်းဆုံမိကြသည် ။

နက်မှောင်ရွှန်းလဲ့သော မျက်လုံးဝိုင်းဝိုင်းလေးတွေဟာ သူ့အပေါ် စိမ်းသက်သက်ရှိနေတာတောင် ဒီလောက်ထိရင်ထဲရောက်စေတာ။

အကယ်၍ ထိုမျက်ဝန်းလေးတွေ နွေးထွေးကာ ချစ်ရိပ်သန်းခဲ့လျှင် . . .

နေနိုင်ဆက်မတွေး . . .

ထိုခဏမှာ . . .

ကားရပ်ကာ သူမဘက်လှည့်ကြည့်ချင်စိတ်တွေ ဖြစ်မိကြောင်းတော့ ကိုယ်ဝန်မခံချင်ပါ။

သူမရဲ့ ချစ်စဖွယ်မျက်နှာလေးကို ေးမောမှ င်တက်စွာ စိုက်ကြည့်နေချင်စိတ်က ဘယ်ချောင်ကများ ပေါ်လာရသလဲမသိ။

နှလုံးသားက လျှပ်တစ်ပြက် တောင့်တမိတဲ့ အရာတွေကို သူလိုက်၍မမိ။

ဖမ်းဆုပ်၍ လည်း မရ။

တားမြစ်၍ လည်း မရပေ။

Scanned by CamScanner

သူ့နှုတ်မှ မရည်ရွယ်ဘဲ မေးမိသည် မှာ . . .

'မင်းဘာကြောင့် ငါ့ကိုလက်ထပ်ဖို့ စိတ်ကူးနိုင်တာလဲ'

'ရှင်'

'လူကြီးတွေကြောင့်လား'

'ဟုတ်ကဲ့'

ကြည်ဖြူ ဘယ်လိုဖြေရမှန်းမသိသဖြင့် ခေါင်းညိတ်လိုက်သည် ။

'မင်းရဲ့ အရင်ရည်းစားတွေကိုကျတော့ ဘာကြောင့်လက်ထပ်ဖို့ အထိမစဉ်းစားတာလဲ'

သူ့မေးခွန်းက ကြည်ဖြူ့မာနများကို နှိုးဆွသည် ။

'ကိုယ့်လောက်မပြည့်စုံလို့ လား. . . ကိုယ့်ဆီမှာ မင်းကိုလိုချင်တဲ့ အချက်တွေ ဘယ်နချက်လောက်ရှိလဲ'

ကြည့်စမ်းပါဦး. . .

ဘယ်လောက်တင်းတိတ်တဲ့ ယောကျ်ားလဲလို့ ။

သူ့ကိုယ်သူများ အထင်ကြီးလိုက်တာ။

ကြည်ဖြူလည်း တမင် ခပ်ရွဲ့ရွဲ့ . . . .

'အများကြီးပဲ . . .'

'အဟုတ် . . ဟုတ် . .'

နေနိုင်က ရယ်သွမ်းသွေးလိုက်သည် ။

သို့ပေမဲ့ ကြည်ဖြူရဲ့ပြောလိုက်ပုံလေးကို သူသဘောကျမိတာလည်း

Book Sharing

Scanned by CamScanner

အမှန်။

'မင်း ထင်သလို မဟုတ်ရင်ရော'

'ရှင် ဘာကိုဆိုလိုတာလဲ'

'ကဲပါလေ . . နောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့. . . အခုအိမ်ရောက်တော့မှာ . .'

ကား ဝင်လာတာတွေ့လျှင် မေမေက အိမ်ဝမှ ဆီးကြိုနေသည် ။

'ဟော. . . ကြည်ဖြူလေး ပါ လာပြီပဲ . . လာ. . လာသမီး . . အထဲဝင်'

လက်ကလေးကို တယုတယဆွဲကာ ခေါ်ဆောင်သဖြင့် နေနိုင် ပခုံးတွန့်လိုက်သည် ။

သူ့သမီးကိုတွေ့တယ်ဆို မေမေတော့ တုန်တုန်ယင်ယင်စိတ်လှုပ်ရှားလျက် အရည်ပျော်ပြီပေါ့. . .။

ချစ်မဝသလို ခြေဆုံး ခေါင်းဖျား ကြည့်သည် ။

ခဏကြာတော့မှ သူ့နံဘေးက အကဲခတ်နေတာ ရိပ်မိသလို. . . .

'သားလည်း လာထိုင်လေ'

'မေမေတို့ ပဲ ပြောကြပါ'

မေမေက သူ့သမီးပခုံးကို ဖက်ကာ တရင်းတနှီး ခေါ်ဆောင်သွား၏။

နှုတ်ကလည်း တတွတ်တွတ်နှင့် အားပါးတရ ဘာတွေပြောနေသည် မသိ။

နေနိုင်လည်း ကိုယ့်အခန်း ကိုယ်ပြန်ဝင်ခဲ့သည် ။

သူမ ဒီအိမ်ကို ရောက်လာတာ. . ထူးဆန်းသလို ကြီးခံစားရတာ သူမ

Scanned by CamScanner

နေတတ်။

သူမ အသံလေးကိုပဲ နားစွင့်နေရမလို။

အခန်းပဲ အောင်းနေရမလို. . . ရင်ထဲ ဘာဖြစ်မှန်းမသိ။ တနေရာမှာ ငြိမ်သက်စွာ ထိုင်နေ၍ မရ။

အတော်လေး ကြာတော့ မေမေက ခေါ်သည်။

'သားရေ. . . နေနိုင်'

'ဗျာ'

'ထွက်ခဲ့ဦးလေ. . . မင်းကပဲ ပုန်းနေရသေးတယ်'

'ဟာ. . . မဟုတ်တာ မေမေကလည်း '

မေမေ စတာကို နေနိုင် မျက်နှာကြီး ရဲသွားသည်။

သူ့သမီးနှင့် စကားစမြည် ပြောခွင့်ရတော့ မေမေက လိုလိုလားလား ရွှင်လန်းနေသည်။

'ကော်ဖီ ဖျော်တိုက်မလို့ ပါကွယ်၊ ပြီးတော့ ကြည်ဖြူလေးလည်း အပျင်းပြေ. . . ခြံထဲဆင်းပြလိုက်ပါဦး. . . '

မေမေအကွက်ဆင်ပုံကလည်း ပေါ်တင်။

'ဟော့. . . အပင်တွေကြည့်မယ်ဆို . . . လာလေ'

နေနိုင့် ပုံစံက ခပ်မာမာ. . . ခပ်တင်းတင်း. . .

မေမေက သက်ပြင်းကြိတ်ရှိုက်၏။

ဒီသားတစ်ယောက် ကလေးဆန်ပုံက ကြည့်လေ။

သို့သော် . . .

Scanned by CamScanner

ယှဉ်တွဲ၍ ခြံထဲဆင်းလျှောက်သဖြင့် ကျေနပ်သွားမိသည် ။

'ဒီဘက်ကို . . လာ'

သစ်ခွစင် အမိုးလေးအောက်သို့ ဦးစွာခေါ်သည် ။

မိန်းကလေးဆိုတာ ပန်းလှလှမြင်ရင် ကြိုက်နှစ်သက်တတ်သည် မဟုတ်လား။

ဒီကလေးမကို ကြည့်မရပါဘူးလို့ ထင်နေတဲ့ ကြားကပင် သံယောဇဉ်က တွယ်ချင်သည် ။

လမ်းကျဉ်းလေးက လျှောက်ရသဖြင့် ကြည်ဖြူက သူ့ကိုယ်နှင့်မထိရအောင် သတိထား၏။

ဒီဘက်ကို သတိထားနေသဖြင့် မြေလမ်းလေးကို ကာရံထားသော အုတ်နီခဲချွန်အစွန်းဖြင့် ခလုတ်တိုက်မိတော့သည် ။

'အမေ့. .'

'ဟာကွာ . . . ကြည့်လည်း မလျှောက်ဘူး'

ဟပ်ထိုးလဲကျမလိုဖြစ်တော့လည်း နေနိုင်က သူမခါးသေးသေးလေးကို ဖမ်းထိန်းပေးလိုက်သည် ။

ကြည်ဖြူသည် သူ့နံဘေး၌ လျှောက်ရစဉ်. . .

စိတ်တွေ လှုပ်ရှားကာ ရက်ကိုးရက်ကန်း ဖြစ်ချင်သော သူမကိုယ်သူမ အပြစ်တင်မိသည် ။

ရက်တာကတော့ တကယ်ပါ။

ရည်းစားထားဖူးပေမယ့် သူ ကြည်ဖြူကို ဖမ်းစားနိုင်ပုံက ဆန်းကြယ်သည် ။

Scanned by CamScanner

ကြည်ဖြူသည် ခါးပေါ်က သူ့လက်ကို မြန်မြန်ဖယ်ချကာ ခေါင်းငုံ့လိုက်မိသည်။

နေနိုင်က သူမ မျက်နှာလေး နီမြန်းသွားတာကို တအံ့တဩငေးစိုက်ကြည့်ရင်း ရင်ထဲ ပူနွေးလာသည်။

ချစ်စဖွယ် ကောင်မလေး တစ်ယောက်ရဲ့ ဟန်ပန်။

နေနိုင် နှုတ်ခမ်းတွေ ပြုံးလာမိရင်း .....

'ဘာလို့ ခေါင်းငုံ့နေတာလဲ...ပန်းတွေလည်း မကြည့်ဘူး'

ကျီစယ်ချင်စိတ်ဖြင့် ရယ်ဟဟ မေးမိသည်။

'မကြည့်ချင်ပါဘူး ...စိတ်နာလို့ '

'ဟောဗျာ ...ဘာဖြစ်လို့ လဲ'

'အရင်တုန်းက ပန်းပင် ရေအမြဲလောင်းရလို့ '

သူမ ဖြေပုံကို ရင်ထဲလှစ်ခနဲ ကရုဏာသက်သွားမိသည်။

အရင်တုန်းက ပင်ပန်းခဲ့ရသော ဘဝဟာ ပြီးဆုံးသွားပါပြီ။

အခုကစလို့ ရှေ့လျှောက် မင်းဘဝလေး လန်းဆန်းအေးမြ သွားဖို့ အရေးကြီးဆုံးပါကွာ။

စေတနာသည် နေနိုင် မထင်မှတ်စဉ် လျှင်မြန်စွာဖြစ်ထွန်း၏။

ဒါဟာ...

မေမေ့သမီးမို့ ထူးကဲစွာ ခံစားသွားမိတာ လား။

နေနိုင် သေချာမတွေးတတ်။

Scanned by CamScanner

'ဒါဆို . . . မေမေ့သွားပြောမယ် . . . . ကြည်ဖြူက ပန်းမချစ်တတ်ဘူးလို့ '

သူက နောက်ပြန်လှည့်ဟန်ပြင်တော့ . . . .

'ဟင် . . . မပြောဘဲနဲ့ . . . .'

မျက်လုံးဝိုင်းလေးနှင့် ဟန့်တားသည် ။

'ကြည်ဖြူ . . . ကြည့်ချင်ပါတယ်'

'ဒါဆိုလာ . . . . ဒီတစ်ခါ ခလုတ်မတိုက်နဲ့ တော့'

'ဘယ်သူက တမင်တကာ တိုက်မှာ လဲ'

'မသိဘူးလေဗျာ . . . ကြည့်ဖူးတဲ့ ရုပ်ရှင်ကားတွေထဲကလို . . .'

သူမက ခြေလှမ်း ရပ်ကာ မျက်စောင်းတစ်ချက် ဒိုင်းခနဲ ရွယ်သည် ။

'မုန်းဖို့ ကောင်းလိုက်တာ'

'ဘယ်သူ့ကိုပြောတာလဲ'

'ရှင့်ကို'

'ဒါဆို . . မုန်းတဲ့ လူကို ဘာကြောင့်လက်ထပ်မှာ လဲ'

'ရှင်ဟာလေ . . . သိပ်ကို ဘဝင်မြင့်နေတဲ့ လူ'

'ဟား. . . . ဟား. . . ဟား. . '

နေနိုင် အော်ရယ်ပစ်လိုက်သည် ။

မေမေကတော့ သူတို့ ကို ရန်ဖြစ်ကြရအောင် ခြံထဲဆင်းကြည့်ခိုင်းသလိုဖြစ်နေပြီ။

Book Sharing

Scanned by CamScanner

ဒါပေမဲ့ ရင်ထဲ နိုးလိုးခုလု ကြိတ်မှိတ်ခံစားနေရတာ ထက်စာလျှင်. .

.

ခုလိုမျိုး ရန်ဖြစ်နေရတာ ကိုပိုကြိုက်သည် ။

အထူးသဖြင့် သူမရဲ့ မျက်စောင်းထိုးပုံလေးက သိပ်ချစ်စရာကောင်းသည် မဟုတ်လား။

★

Scanned by CamScanner

ကြင်သူရေ မင်းရဲ့ အချစ်လို .......

ထပ်တူ အစားထိုးဖို့ ရှာ မရှိလို့ .......

အို . . တိတ်တိတ်လေး ကြေကွဲရမယ့် သူပါ . . .

မဆုံနိုင်ရင် မင်းရဲ့ အချစ်လို တို့ ကို .......

နှစ်သိမ့်မယ့်အရာ မရှိလို့ . . . အို . . တိတ်တိတ်ကလေး ကြေကွဲရမယ့်သူပါ ........

နေနိုင်သည် စီးကရက် ရှိုက်ဖွာရင်း သီချင်းလေးဆိ အာရုံစိုက်နား ထောင်မိ၏။

ပြီးတော့ ဘာရယ်မဟုတ် သူမကို သတိရ မြင်ယောင်လိုက်မိသည် ။

လူတွေကို သိပ်မယုံကြည်တဲ့ မျက်လုံးကလေးနဲ့ . . .

ဂျစ်ပေပေ စတိုင်ရှိတဲ့ ကောင်မလေး။

မေမေ့သမီး ဆိုတဲ့ အသိနဲ့ နေနိုင့်ရင်ထဲ တခြားဘယ်မိန်းမနှင့်မှ မတူနိုင်ခဲ့တော့တာများ လား။

မှန်ရာဝန်ခံစမ်းဆိုရင် အလိုလိုလွမ်းလာမိသလိုလို . . .

သူမ မျက်နှာလေးကိုကြည့်ကာ စကားတွေ ထိုင်ပြောနေချင်မိသလိုလို......

Scanned by CamScanner

နေနိုင်ဟာ ကြည်ဖြူကို တမ်းတတတ်ခဲ့ပြီလား. . .။

သူ သေချာတော့ မပြောတတ်ပါ။

. . . ဒဏ်ရာတွေကို မေ့ထား . . . . . .

. . . အချိန်မီ ပြန်ကုစား . .

မကြာခင်ဆုံနိုင်မလား. .

အို. . . . . .

သူမစိတ်ထဲရော ကိုယ့်အပေါ် ဘယ်လိုရှိလေမလဲ သိချင်သည် ။

အားကိုးရာ အရိပ်တစ်ခု ရှာဖွေရုံပဲလား. . . .

ကိုယ့်အပေါ် ခံစားမှုရှိရဲ့ လား။

ကိုယ်ကတော့ သူမကို မမြင်ဘူးခင်ကတည်းက မေမေ့စကားများ နှင့် ပူလောင်ဖျာယာခတ်ခဲ့ရပြီး သိလိုက်ပြန်တော့လည်း ကိုယ်ရင်ထဲက တစ်စုံတစ်ရာကို သူမက တိတ်တဆိတ်ဖွဲ့ခြွေနိုင်ခဲ့ပြန်သည် ။

အခြေအနေကို ဒေါသဖြစ်ရလိုလို၊

မခံချိ မခံသာဖြစ်ရင်းကပဲ. . .

သူမအပေါ် သနားစိတ်ကလေးလည်း ဖြစ်ပေါ်သည် ။

အားကိုးတယ်ဆိုရင်လည်း ကိုယ်ဟာ အားကိုးခံလူသားတစ်ယောက် ပေါ့ . . . .။

သူမရဲ့ ရှေ့မှာ မားမားမတ်မတ်ရပ်ပြီး ဘဝတစ်ခုကို စကြည့်လိုက်ရင်ရော. . . .

နေနိုင် ရင်ခုန်လာသည် ။

Scanned by CamScanner

စိတ်ကူးထဲမှာ သူမ ဆံနွယ်လေးတွေကို မွှေးရှိုက်ချင်လာသည် ။

မင်းကို ကိုယ်ချစ်များ ချစ်မိသွားပြီလား ကြည်ဖြူလေးရယ်။

*

Scanned by CamScanner

ကြည်ဖြူကို ကြည့်လိုက် ပြုံးလိုက်နှင့် အကျေနပ်ကြီး ကျေနပ်နေသော ဒေါ်လေးကို ကြည်ဖြူက မှိန်ဖျော့စွာ ပြုံးဖြစ်ပါသည် ။

ကြည်ဖြူအတွက် ဒေါ်လေးက ပျော်သည် ။

ကျေနပ်သည် ။

သို့သော် . . . .

ကြည်ဖြူက ဒေါ်လေးလောက် ဝမ်းမသာမိပေ။

စိတ်ထဲမှာ တထင့်ထင့်နှင့် စိုးရိမ်နေတာတွေက အများကြီး။

နေနိုင်ချို ဆိုသော လူတစ်ယောက်အကြောင်း ကြည်ဖြူဘာမှ မသိသေးပါ။

သူနှင့်ကြည်ဖြူက သူစိမ်းသက်သက်။

သူ့အမေဆိုတာကလည်း တစ်ဦးတည်းသောသားကို တုန်ခိုက်နေအောင် ချစ်ရှာမှာ ။

ကြည်ဖြူကလည်း တစ်ဦးတစ်ယောက်၏ မျက်နှာကို ကြည့်ပြီးနေတတ်သူ မဟုတ်သောအခါ အသေးအဖွဲလေးကအစ ပြဿနာဖြစ်လာနိုင်ပါသည် ။

တကယ်တမ်း တွေးကြည့်မိသောအခါ ကြည်ဖြူ ကြောက်လာ၏။

'ဒေါ်လေး'

Book Sharing

Scanned by CamScanner

'ဟင်'

'သမီး တစ်ခုပြောချင်တယ်'

'ဘာများ လဲသမီးရယ်. . ပြော'

'သမီး သူတို့ ဆီမှာ လိုက်မနေချင်ဘူး'

'ဟင်. . ဘာလို့ လဲ'

ဒေါ်လေးက အံ့သြမျက်လုံးပြူးသည် ။ ကြည်ဖြူစကားက ဆန်းနေသည် ။

'သမီးတို့ ဆင်းရဲတာ သိထားတော့ သမီးကိုနှိမ်မှာ ပေါ့။ လူဆိုတာ အပေါ်ယံကလေးကြည့်လို့ မရဘူး'

'အစိုးရိမ်ကြီးလိုက်တာကွယ်'

ဒေါ်လေးက ရယ်သည် ။

ကြည်ဖြူက မရယ်နိုင်ပေ။

'ကြည်ဖြူ တကယ်တွေးကြောက်တယ်။ ပိုင့်မေမေဆို သမီးကို မတူမတန်သလိုဆက်ဆံချင်တာ'

ကြုံခဲ့ဖူးလို့ လည်း လန့်နေတာပါ။

'ဘာဆိုင်လဲ။ အခုဟာက သူတို့ သဘောကျလို့ လာတောင်းတာလေ'

'အတူတူပါပဲဒေါ်လေးရာ၊ အခုသဘောကျပေမယ့် နောက်အမြဲသဘောကျပါ့မလား။ စဉ်းစားကြည့်ပါဦး . . ဟုတ်တယ်၊ သမီးမလိုက်သွားဘူး'

ပြောနေရင်းကပင် အတည်ဖြစ်လာခဲ့၏။

Scanned by CamScanner

သည် အကြောင်းအရာကို ကြည်ဖြူ အစက ဘာလို့ မတွေးမိပါလိမ့်။

'လက်ထပ်ပြီးရင် ယောကျ်ားနောက်လိုက်နေရတာထုံးစံပဲ'

'မသိဘူး၊ ကြည်ဖြူတော့ မနေချင်ဘူး ဒေါ်လေး ပြောပေးပါ'

'မဟုတ်တာ သမီးလေးရယ်'

ဒေါ်လေးဟာ လူကြီးပီပီ မပြောသင့်သောစကားဟု နားလည်သည် ။

သားအမိနှစ်ယောက်တည်းရှိတာ အိမ်ခွဲနေစရာမှ မလိုပဲ။ သည် စကားကို ဘယ်လိုပြောရမလဲ။

'ဒေါ်လေးနော်. . သမီးက မနေချင်ပါဘူးဆို'

'အေးပါကွယ် . . နောက်တော့တိုင်ပင်ကြည့်တာပေါ့'

ဒေါ်လေး နောက်ရှေ့တာကို ကြည်ဖြူက သိပ်သဘောမကျချင်ပါ။

အစကတည်းက ရှင်းရှင်းလင်းလင်းပဲ ကြိုက်ပါသည် ။

*

Scanned by CamScanner

'ဧည့်သည် 'ဟု ဒေါ်လေးက မကြည်မသာ လာပြောသောအခါ ကြည်ဖြူ 'ပိုင်'ပဲဟု စိတ်ထဲ တန်းသိသည် ။

ဒေါ်လေးမျက်နှာ ကိုကြည့်ပြီးသိလိုက်တာ မလိုလားရိပ်နှင့်စိုးရိမ်ရိပ်က ထင်ဟပ်နေသည် မဟုတ်လား။

ပိုင်က ဧည့်ခန်းမှာ တိတ်တဆိတ်ထိုင်နေသည် ။

သီချင်း ညည်းသံလေချွန်သံပင် မကြားရ။

ခါတိုင်းလို ရွှင်ရွှင်ပျပျ မရှိလှပေ။

'ကြည်ဖြူ'

တုံ့နှေးနှေးလျှောက်လာသော ကြည်ဖြူကို စိတ်လှုပ်ရှားစွာခေါ်သည် ။

'ပိုင် . . . လာခွင့်ရှိရဲ့ လား'

ကြည်ဖြူက ပိုင့်ကို မကြည့်ဘဲ မျက်နှာလွှဲနေမိပါသည် ။

ကြေကွဲသံကို ကြားလိုက်ရသောအခါ ရင်ထဲမသက်မသာရှိ၏။

'ကြည်ဖြူ'

တဖွဖွခေါ်နေသည် ။

ထပ်တလဲလဲ မေးနေသည် ။

Scanned by CamScanner

တကယ်ဆို မေးစရာမလို။

သူလည်း သိနေပြီပဲ။ သိနေသော ကိစ္စတွေကို ကြည်ဖြူက ထပ်ရှင်းပြရမှာ လား။

'ကြည်ဖြူ ဆုံးဖြတ်လိုက်ပြီလား'

'ဘာလို့ လဲ'

ကြည်ဖြူတစ်ယောက်တည်းနှင့်သာဆိုင်သောကိစ္စကို စည်းကျော် မေးတာမျိုး မကြိုက်ချင်ပါ။

အစက ဆိုင်ခဲ့ပေမယ့် အခုချိန်မှာ ပိုင်နှင့် ကြည်ဖြူဘာမှ မဆိုင်တော့ ပေ။

ပိုင်စိုးပိုင်နှင်း စကားမျိုးကို မုန်းပါသည် ။

ချစ်ခဲ့ဖူးသူတစ်ယောက်အပေါ် အယုံကြည်မဲ့ခဲ့ရပြီမို့ ခါးသက်ခြင်း သာ ရင်ထဲတင်ကျန်ရစ်ခဲ့ပါသည် ။

'သိချင်လို့ ပေါ့ . . သိခွင့်မရှိဘူးလား'

ကြည်ဖြူက ပြန်မဖြေပါ။

အဲဒီအချိန်မှာ ပဲ လုံးဝမျှော်လင့်မထားသော အခြေအနေကို ရုတ်တရ က် ရင်ဆိုင်လိုက်ရသည် ။

အိမ်ပေါ်ကို ဘွားခနဲတက်လာသူက နေနိုင်ချို။

တိုက်ဆိုင်မှုကို အံ့အားသင့်စွာ ကြည်ဖြူ ကိုယ်လေးကျုံ့သွားရပါသ ည် ။

သူ့အရှိန်အဝါက ညှော်ခန်းလေးတစ်ခုလုံးကို လင်းထိန် သွားစေသလို ခံစားမိလေသည် ။

Scanned by CamScanner

နေနိုင်ချိုက မျက်နှာချင်းဆိုင်ထိုင်နေသော ကြည်ဖြူတို့ နှစ်ယောက်ကို ရူးခနဲ ကြည့်လေသည်။

သူ့မျက်လုံးများကြောင့် မလုံမလဲ ခံစားမိကာ ယောင်ရမ်းမတ်တတ်ရပ်မိသူ ကြည်ဖြူနွေး။

ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသူလို ခံစားမိ၏။

နှုတ်က တစ်ခွန်းမှ စကားသံမထွက်ပေမယ့် မျက်လုံးတွေက မနှစ်သက်ခြင်းကို ဖော်ပြနေသည်။

ပိုင်က ကြည်ဖြူကိုတစ်လှည့် နေနိုင့်ကို တစ်လှည့်ကြည့်နေသည်။

နေနိုင်က ညင်ညင်သာသာပဲ လျှောက်လာကာ ခုံမှာ ပင်ထိုင်ပြီး လူကြီးလူကောင်းဆန်လှစွာ ပိုင့်ကိုပြုံးပြလိုက်ပါသည်။

ပြန်မပြုံးပြနိုင်အောင် ဖြစ်နေသူက ပိုင်။

မပီပြင်သော အပြုံးတစ်ခုနှင့် ကြည်ဖြူကို မော့ကြည့်သည်။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့ နှစ်ဦးရှေ့မှာ ကြည်ဖြူရှိမနေချင်ပါ။

စကားဆိုမိလျှင် အမှားပါနိုင်သည်။

သူမ အိမ်ထဲကို ဝင်လာခဲ့သည်။ ဒေါ်လေးကို တိုးသက်စွာခေါ်မိသည်။

'ဒေါ်လေးရေ. . ကိုနေနိုင်ရောက်နေတယ်'

'ဟယ်တော့ . . . မောင်ပိုင်သူနဲ့ တွေ့သွားသေးလား'

ဒေါ်လေးက စိုးရိမ်မကင်းမေးလာသည်။

'အင်း'

Scanned by CamScanner

တအင်းအင်းနှင့် မလှုပ်တလှုပ်နိုင်လှသော သူမကို ဒေါ်လေးသဘော မကျချင်တော့။

'ကြည်ဖြူ . . မောင်နေနိုင် စိတ်ခုသွားရင်မကောင်းဘူး'

ကြည်ဖြူနွေးက ဒေါ်လေးကို လှမ်းကြည့်သည် ။ စိတ်ကျဉ်းကျပ်ခြင်း မျက်ဝန်း။

'သမီးက ပိုင့်ကို မလာနဲ့ လို့ နှင်ထုတ်လို့ ရမလား'

'နောက်တစ်ခါဆို ဒေါ်လေး ပညာပေးရတော့မှာ ပေါ့'

ကြည်ဖြူ ခေါင်းမညိတ်၊ ခေါင်းမခါ။

နေနိုင်ချိုကိုလက်ထပ်ဖို့ ခေါင်းညိတ်ပြီး ဘာကိုမှ မပြတ်မသား မဖြစ်ချင်တော့ပါ။

'ကဲ . . ကဲ . . စိတ်မညစ်နေပါနဲ့ . . . ဧည့်ခန်းကိုသွားလိုက်ဦး'

'ဟင့် အင်း'

ကြည်ဖြူခေါင်းရမ်းပြီး ငြင်းပစ်သည် ။

'ဒေါ်လေးပဲ တစ်ခုခုတိုက်ပြီး ဧည့်ခံပေးပါ'

'လုပ်ပြီ'

အနေခက်စွာ ရှောင်တိမ်းချင်တာကို ဒေါ်လေးက လူကြီးပီပီစွာ နားလည်သည် ။

နားမလည်နိုင်အောင် ဖြစ်သွားရသူက နေနိုင်ချို။

သူ့ရင်ထဲမှာ တင်းကျပ်နာကျင်၏။

ဟိုလူနှင့်သူ့ကို  တစ်တန်းတည်းထားလိုက်ပြီး  ထွက်ကိုမလာတော့

Scanned by CamScanner

တာ ဘာသဘောပါလိမ့်။

ကြည်ဖြူ မင်းဘယ်လိုလဲကွာ။

နေနိုင်က . . . .

နေနိုင်က . . .

နေနိုင်က မင်းလက်ထပ် ရတော့မယ့်သူတစ်ယောက်လေ။

မင်းဒီလိုမလုပ်သင့်ဘူး။

'ဒေါ်လေး'

ဒေါသနှင့်မခံချင်စိတ်က သူ့ရင်ကိုအလုံးအရင်းနှင့် ဝင်မွှေ့လာသည် ။

'ဘာလဲသား. . . ကော်ဖီက အေးလို့ လား'

သောက်လက်စကော်ဖီခွက်ကို ဒေါက်ခနဲချပြီး ခေါ်လိုက်တာကြောင့် ဒေါ်လေးက မေးလာ၏။

သူခေါင်းခါမိသည် ။

'ကြည်ဖြူရော'

'ရှိတယ် . . . ရှိတယ် . . လာလိမ့်မယ်'

နေနိုင်က သည် လိုရှောင်နေတာကို မလိုလားသောအခါ မျက်နှာပျက်ပျက်နှင့် မေးလာသောအခါ. . .

ဒေါ်လေး မနေသာတော့ဘဲ ကြည်ဖြူ့ကို ခေါ်ပေးရတော့သည် ။

သူ့မှာ က မေးပိုင်ခွင့်ရှိပါသည် ။

ကြည်ဖြူက ချက်ချင်းပဲ သူ့ရှေ့ရောက်လာသည် ။

Scanned by CamScanner

'ဖိတ်စာကိစ္စသွားစရာရှိတယ်။ သိပ်မကြာစေနဲ့ '

နေနိုင်က ပြတ်သားစွာပြောလိုက်၏။

'အင်း'

ကြည်ဖြူက ငြင်းဆန်ခြင်းမရှိပါ။

အလွယ်တကူလေးပဲ လိုက်လျောခေါင်းညိတ်ပါသည် ။

စောစောတုန်းက အစာမကြေဖြစ်ချင်တာပင် ပျောက်လုလု။

'ခဏနေဦး . . . ကြည်ဖြူအဝတ်လဲရဦးမယ်'

'အင်းလေ . . . သိပ်မကြာနဲ့ လို့ '

ကြည်ဖြူက အိမ်ထဲဝင်သွားပြီး၊ အဝတ်အစားလဲကာ သိပ်မကြာပဲ ပြန်ထွက်လာသည် ။

ပိုင်က သူတို့ နှုတ်ဆက်တာကိုမစောင့်ဘဲ မတ်တတ်ရပ်ကာ အရင်နှုတ်ဆက်ပြန်လေသတည်း။

ဧည့်ခန်းမှာ နှစ်ယောက်တည်းဖြစ်သွားသောအခါ နေနိုင်မျက်နှာအကြီးအကျယ်တင်းမာသွားလေသည် ။

ဟန်ဆောင်မှုတွေ ကွာကျသွားရပြီ။

'ဒါမျိုးတွေမကြိုက်ဖူး'

ကြည်ဖြူက သူ့ဘေးနားမှာ မတ်တတ်ရပ်နေသည် ။

'ထိုင်လေ'

မာဆတ်စွာ ဆိုမိသည် ။

'အပြင်သွားမလို့ ဆို'

Scanned by CamScanner

'ဟိုလူကို မကျေနပ်လို့ '

ကြည်ဖြူက သူ့ရှေ့မှာ မရဲတရဲဝင်ထိုင်သည် ။

'မသွားတော့ဘူးဆိုလည်း ကြည်ဖြူ အဝတ်အစားလဲပါရစေ'

နေနိုင်က သူမကို တည့်တည့်စိုက်စိုက်ကြည့်လာ၏။

'အဲဒီ အဝတ်အစားလဲဖို့ က ကိုယ့်ထက်ပိုအရေးကြီးနေသလား'

မေးပုံကိုကြည့်ပါဦး . . . . အနိုင်ကျင့်ဗိုလ်ကျ အထက်စီးနင်းမနိုင်လွန်းဘူးလား။

'နောက်မှ လဲပါ'ဆိုလည်း ရသားပဲ။

တမင်ကိုပြဿနာရှာချင်သော မေးခွန်းမျိုး။

မာကျောသောမေးခွန်းမျိုး၊ ခွတိုက်ချင်သော မေးခွန်းမျိုး။

'အသစ်တွေ ဝတ်ထားရင်စိတ်အိုက်တယ်'

သည်းမခံချင်စိတ်နှင့် ပြန်ပြောမိသောအခါ

'လာ. . သွားမယ်။ လမ်းမှာ ဆို မင်းစိတ်မအိုက်ဖူးမဟုတ်လား'တဲ့ ။

ကြည်ဖြူ ဘာမှ မပြောချင်တော့ပေ။ ရှိစေတော့။

တမင်သက်သက် ဂျစ်တိုက်ဘုကျနေတာ။

ဘယ်လိုမှ ပြေလည်မှာ မဟုတ်ပေ။

ညေ့ခန်းမှာ ပိုင့်ကို တွေ့လိုက်ရကတည်းက သူဒေါသဖြစ်သွားခဲ့တာနေလိမ့်မည်။

' လာလေ'

Scanned by CamScanner

ဝုန်းခနဲရပ်ပြီး ကြည်ဖြူလက်ဖျားလေးကိုဆွဲခေါ်သည် ။

နူးနူးညံ့ညံ့ ညင်ညင်သာသာမရှိ။

'မလိုက်ဖူး'

ကြည်ဖြူက ပြန်ဆောင့်ဆွဲပြီး ငြင်းပစ်လိုက်သည် ။

'ဟ. . ငြင်းစရာလား၊ မင်း ကိုယ့်ကိုငြင်းစရာလား'

နေနိုင်က ကြည်ဖြူဘေးမှာ ထိုင်ချကာ တင်းတင်းဖက်ဖက်ထားလျက် မေးမိသည် ။

'ဘယ်လိုဖြစ်နေတာလဲ'

ကြည်ဖြူအသံလေးက ကျယ်သွားသည် ။

'ကြမ်းလိုက်တာ . . . ဘာမှန်းကိုမသိဘူး'

မကျေမချမ်းလေးရေရွတ်မှ နေနိုင် သူ့စိတ်သူထိန်းနိုင်သည် ။

'ကြမ်းတာ မဟုတ်ဘူး ။ ရမ်းပစ်ချင်တာကွ . . သိလား'

ကြည်ဖြူ မျက်စောင်းလေးရှယ်မိသည် ။

လက်ကောက်ဝတ်မှ ဆုပ်ကိုင်ကာ သူ့လက်တွေကို ဖယ်ချမိသည် ။

'ဒီလောက်အူပုပ်နေလည်း စောစောကတည်းက ပိုင့်ကိုဆွဲထိုးလိုက်ပါလား။ ဘာလို့ သွားပြီး ပြုံးပြနေရတာလဲ'

'တောက်'

နေနိုင်က သူ့မစကားကို ဒေါသဖြစ်သည် ။

'နောက်တစ်ခါ အဲဒီ အခေါ်ဝေါ်မကြားချင်ဘူး'

Book Sharing

Scanned by CamScanner

ခပ်မာမာ တားမြစ်သည် ။

ကြားရတာ နားထဲတော်တော် ပူသည် ။

ဖျင်းခနဲ့စပ်သည် ။

တယုတယတမြတ်တနိုးခေါ်စရာ မလိုပါ။

ကြည်ဖြူက သူ့မျက်နှာပျက်သွားတာကို ကြည့်ပြီး နှုတ်ခမ်းလေးစေ့သွားသည် ။

လုံးဝမကြိုက်တာ မျက်နှာပေါ်မှာ သိသာသည် ။

ဟုတ်သားပဲနော် . . .

တကယ်ဆို တစ်ခွန်းတည်း မြတ်နိုးစွာခေါ်ဝေါ်ကျင့်ကို ပြင်သင့်ပြီ။

ဘာရယ်မဟုတ် ပါးစပ်ထဲစွဲ နေသလိုခေါ်လိုက်မိတာမှားသည် ။

နှစ်ယောက်စလုံး ခပ်ကြာကြာတိတ်ဆိတ်သွားသည် ။

'လာ. . . တစ်ခုခုသွားစားရအောင်'

နေနိုင်က သူမလက်ဖဝါးလေးကို သူ့လက်ဖဝါးနှင့် ထိကပ်နေအောင်ဆုပ်ထားပြီး ခေါ်လိုက်၏။

ကြည်ဖြူက အသာကလေးပါလာသည် ။

သူမရင်ထဲမှာ ပျော်သလိုလို ကျေနပ်သလိုလို။

ပိုင်နှင့်တုန်းကနှင့် ဘယ်လိုမှ မတူသော ယုံကြည်ခြင်း၊ အားကိုးခြင်းများက ရင်ထဲပြည့်နှက်နေသည် ။

ခုနတုန်းက စိတ်ရှုပ်စရာတွေ မေ့ပျောက်သွားပြီ။

'ရည်းစားဟောင်းကို မပြတ်သေးဘူးလား'

Scanned by CamScanner

ခုလို အချိန်မျိုးမှာ သူမို့ သည် လိုမေးခွန်းကြီးမေးချလာသည် ။

အရပ်ဆိုးလိုက်တာ။

'မပြတ်နိုင်ရင် ရှင့်ကိုထွက်မတွေ့ဘူးသိလား'

'ဟုတ်လား'

'ဟုတ်တယ်။ သူဘယ်လောက် စိတ်ထိခိုက်သွားမလဲ၊ ရှင်က စင်ပေါ်ကလူပါ။ စဉ်းစားကြည့်ပါဦး'

'ဩော်. . .ဩော်. . . သနားမဆုံးဖြစ်နေပါလား'

ကြည်ပြုံ့ နှုတ်ခမ်းလေးစူကာ ငြိမ်သွား၏။

ရင်ထဲမကျေနပ်နိုင်ဘဲ ထပ်တလဲလဲ ရိကာငေါ့ကာ ရန်လုပ်ပြသည် ။

ရှာနေတာကိုသိလိုက်၏။

ရှင်တကယ်ပဲ ဝန်တိုနေပြီလား ဟင်။

*

Scanned by CamScanner

'ဟိတ်. . . မေးစရာရှိတယ်'

ရေခဲမုန့်ကို ကလေးလို စားနေသော ကြည်ဖြူရေ့ကို သူရောက်သွားမိသည် ။

သူမ ရေခဲမုန့်ကြိုက်မှန်းမသိဘဲ လမ်းမှာ တွေ့လို့ သာ ဝယ်ခဲ့တာ။

ရေခဲမုန့် ထည့်ထားသောဘူးလေးကို ဟန်ပင်မဆောင်နိုင်စွာ ဖွင့်စားသောအခါ သူပျော်သွားမိသည် ။

'ကောင်းလား'

'အင်း'

'မင်း. . အမှန်အတိုင်းဖြေနော်'

'အဲဒါညာစရာလား. . . ကောင်းပါတယ်ဆို'

ကြည်ဖြူ ရောထွေးသွား၏။

သူမေးမိအကြောင်းအရာက ရေခဲမုန့်နှင့် ဘယ်လိုမှ မပတ်သက်ပါ။

'ညာပြောရင် မင်းငရဲကြီးမှာ '

ကြည်ဖြူနွေးက နေနိုင်ချို့ကို မျက်နှာလေးစောင်းငဲ့ကာကြည့်သည် ။

'မေး. . ဘာလဲ'

'မင်းနဲ့ ဟိုတစ်ယောက်နဲ့ တကယ်ကင်းကင်းရှင်းရှင်းပဲလား'

Scanned by CamScanner

ကြည်ဖြူက ရေခဲမုန့်ဗူးလေးကို ပါးစပ်ထဲငုံထားမိရင်းက မျက်နှာလေးမဲ့သွားရသည်။

'ဖြေလေ'

'ဘာဖြေရမှာ လဲ'ဟု မပွင့်တပွင့်ပြန်မေးလိုက်သည်။

'တကယ်ပြတ်သွားပြီလား'

နေနိုင်က သူမကိုမလွှဲတမ်း စိုက်ငေးကြည့်နေသည် မို့ သူမမျက်လွှာချမိသည်။

'ရှင် မယုံဘူးလား'

သူမ မေးခွန်းကို နေနိုင်က မဖြေပါ။ ခေါင်းတစ်ချက်ယမ်းကာ-

'မေးခွန်းကို မေးခွန်းနဲ့ မတုံ့ပြန်ပါနဲ့ 'ဟု ဆိုလေသည်။

'ကင်းကင်းရှင်းရှင်းရှိရဲ့ လား ဟုတ်လား'

'ဟုတ်တယ်'

ကြည်ဖြူက ရေခဲမုန့်ဘူးလေးကို ပိတ်လိုက်သည်။

သူ့မေးခွန်းက ရေခဲမုန့်အရသာကို ခါးသက်စေပါသည်။

'တကယ်ပြတ်သွားပြီလား ဟုတ်လား'

'ဟုတ်တယ်ကွာ. . . သူ . . . မင်းကို မနမ်းတာဘယ်လောက်ကြာပြီလဲ။ မင်းနဲ့ သူ အဲဒီလိုမျိုးတွေရှိသေးလား၊ အဲဒါမေးကြည့်တာ'

သူက ပွင့်ပွင့်လင်းလင်း မေးလာသည်။

ကြည်ဖြူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ဟုတ်သားပဲ. . . ချစ်သူရှိဖူးတယ်ဆိုတာကို သူဘယ်လိုမှ မေ့ပျောက်

Scanned by CamScanner

နိုင်မှာ မဟုတ်ပေ။ အမြဲတမ်းတွေးနေမိသလားမသိနိုင်ပါ။

'ကြာပြီ. . အဲဒီလိုကင်းကင်းရှင်းရှင်းဖြစ်သွားတာ ကြာလှပြီ။ ဘကြီးတို့ အိမ်မှာ သွားနေကတည်းက၊ ခုမှ မဟုတ်ဖူး'

'ပြတ်သွားတော့ မင်းငိုသေးလား'

စေ့စေ့ပေါက်ပေါက်မေးလည်း မေးတတ်ပါရဲ့ ။ ကြည်ဖြူ လက်ဖျားခါမိသည် ။

'ဖြေလေ'

'ငိုတယ်'

ကြည်ဖြူ အားနာနာနှင့်ဖြေသည် ။

'သတိရလို့ လား'

'အင်း'

သွေးအေးအေးနှင့် မေးနိုင်လိုက်တာ။

ပြီးရင် ဒါတွေကို တစိမ့်စိမ့်တွေးပြီး မကျေမနပ်ဖြစ်ဦးမလားမသိ။

'ဘယ်နှရက်ငိုလဲ'

'မမှတ်မိတော့ဘူး'

'ခေါင်းအုံးရွဲအောင်ငိုတာလား'

'မဟုတ်ပါဘူး'

အလောတကြီးငြင်းသံမှာ စိတ်ကျဉ်းကျပ်ခြင်းတွေပါသည် ။

ဦးနေနိုင်ချို. . .

Book Sharing

Scanned by CamScanner

ကျွန်မ ရှင့်လူနာမဟုတ်ပါဘူး။

စုံစုံစေ့စေ့ မေးနေစရာ လိုလို့ လား။

သူမေးသမျှ စိတ်ရှည်ရှည်နှင့် ဘာလို့ ဖြေနေမိသလဲ။

တော်ပြီ. . . ဘာမေးမေး မဖြေတော့ဘူး။

'ပြန်တွေ့တော့ သူက မင်းကို အရင်လို မဆက်ဆံတော့ဘူးလား'

'မသိဘူး'

ဟု ဆတ်ဆတ်ဖြေသံကို နေနိုင် မျက်ခုံးပင့်သွားရသည် ။

'ဖြေစမ်းပါ. . အားလုံးသိထားချင်လို့ '

'မမေးနဲ့ ဘာမှ ဖြေမှာ မဟုတ်တော့ဘူး'

ကြည်ဖြူက တစ်ခါတည်းပြောလိုက်သည် ။

'ဟိုကွာ. . . သူများ အကြောင်းမမေးတော့ဘူး'

နေနိုင်က လက်ခံလိုက်သည် ။

'အခုနေများ နေနိုင်ချို ဆိုတဲ့ လူနဲ့ ဝေးသွားရင် မင်းငိုမှာ လား. . . အဲဒါသိပ်သိချင်တယ် ဖြေပေးပါ'

ကြည်ဖြူက သူ့ကို ချာခနဲ ကျောပေးရပ်သည် ။

'ရှင်နဲ့ ကျွန်မ ဘယ်တုန်းကမှ ချစ်သူတွေ မဟုတ်ခဲ့ဘူး ငိုမိရင်တောင် ရှက်လို့ ပဲ ဖြစ်ချင်ဖြစ်မှာ '

နေနိုင့်မျက်နှာက ဟန်မဆောင်နိုင်လောက်အောင် ပျက်သွားသည် ။

ပြီးမှ သူ့မေးခွန်းကြီးက တစ်ဖက်စောင်းနင်းနိုင်သွားတာ တွေးမိပြီး အော်ရယ်သည် ။

Scanned by CamScanner

'ဆောရီး. . ဆောရီး ဒီမေးခွန်းပြန်ရုပ်သိမ်းတယ်'

ကြည်ဖြူက နှုတ်ခမ်းလေးကိုက်ပြီး အောင့်သက်သက်ငြိမ်နေသည် ။

'အင်း. . နေနိုင်ချိုလည်း ရည်းစားထားဦးမှ '

ကြည့်စမ်း တမင်ရန်စနေပါရောလား။

'ထားပေါ့'

'ထားမယ်. . ဒါမှ ညီမျှမှာ ပေါ့'

ကြည်ဖြူက သူ့ဘက်ဆတ်ခနဲ လှည့်ကြည့်လာ၏။

'ဒီမှာ ကျွန်မက ရှင့်ကိုလက်ထပ်မယ်လို့ ပြောပြီးမှ ရည်းစားထားတာ မဟုတ်ဘူး ။ သိရဲ့ လား'

နေနိုင်ချို ရယ်နေမိသည် ။ သူမဒေါသကြီးပုံလေးက ရယ်ရသည် မဟုတ်လား။

'ရှင့်မှာ တကယ် အဲဒီလို စိတ်ကူးရှိလား'

'ရှိတာပေါ့. . သိပ်ရှိ'

'ပြီးတာပဲ'

ကြည်ဖြူက သူ့ရှေ့မှ ထွက်သွားတော့သည် ။

သူ့စကားကို မကျေနပ်ဖြစ်သွားတာသိပေမယ့် တကယ်စိတ်ဆိုးသွားမှန်း မသိလိုက်ပါ။

သူက ကြည်ဖြူကို စချင်စိတ်နှင့် ပြောမိတာပါ။ ကြည်ဖြူက တကယ်ထင်ပြီး ပြင်းထန်စွာတုံ့ပြန်၏။

တုန့်ပြန်ပုံက သူ့အပေါ်နိပ်စက်လွန်းပါသည် ။

Scanned by CamScanner

ကြည်ဖြူ အဲဒီလိုဆိုးလိမ့်မည်ဟု သူမထင်ခဲ့ပါ။

သူ ဘာလုပ်၍ လုပ်ရမှန်းမသိအောင် ဗျာယာခတ် ပူထူသွားခဲ့ရပါသည် ။

'ရှင့်ကို ကြည်ဖြူက ယုံထားတာ'

'ယုံပါ. . . ယုံလို့ ရတာပဲ'

'အခုမယုံတော့ဘူး'

'ဟင်'

'ရှင့်စိတ်ထဲကို ကြည်ဖြူမြင်သွားပြီလေ'

'ဘယ်လို'

'ရည်ရွယ်ချက်ကို သိသွားပြီလို့ '

အဲဒီအချိန်တုန်းက ကြည်ဖြူမျက်နှာလေးက ပြုးနေခဲ့ပါသည် ။

အစိုင်အခဲ ဖြစ်သွားမှန်း သူ မရိပ်မိလိုက်ပါ။

*

Scanned by CamScanner

ကြည်ဖြူက ဧည့်ခန်းထဲမှာ တစ်ယောက်တည်း စကားမပြောဘဲ ထိုင်နေမိသည် ။

နေနိုင်ရယ်၊ နေနိုင့်မေမေရယ်၊ ဒေါ်လေးရယ် သုံးဦးစလုံး စိတ်သဘောညီစွာ လူကြီးစုံရာရှေ့လက်မှတ်ထိုးပြီး ဧည့်ခံပွဲကိုပြီးမှ စီစဉ်မတဲ့ ။

သည် ကိစ္စကအရေးမကြီးပါ။

ကြည်ဖြူကျေနပ်ပါသည် ။

မကျေနပ်နိုင်တာက သည် အိမ်ကြီးမှာ လုံးဝမနေချင်တာပါပဲ။

နေနိုင့်မေမေနှင့် အတူတူကိုမနေချင်ပါ။

တည့်မှာ လည်း မဟုတ်ပေ။

အစကတည်းက သီးသီးသန့်သန့်နေတာ ပြဿနာရှင်းပါသည် ။

ကြည်ဖြူ့ဆန္ဒကို ဒေါ်လေးက ပြောမပေးပါ။

ရင်ထဲမှာ 'ခု'ပြီး ဘယ်သူ့ကို မကျေနပ်မှန်းမသိ။

နေနိုင်ချိုကလည်း ခုကတည်းက အနိုင်ပိုင်းစကားမျိုး ပြောသည် ။

ကြည့်လို့ ကိုမရပါ။

နေ့လယ်ပိုင်းမှ လက်ထပ်မည့်ဥစ္စာ၊ မိုးလင်းကတည်းကလာခေါ်သည် ။

Scanned by CamScanner

အရာရာသည် သူတို့ ဆန္ဒအတိုင်း၊ ဒေါ်လေးကလည်း ဘာမှ ကိုဝင်မပြော၊ ကြည်ဖြူက အရုပ်တစ်ရုပ်လား။

နေရာ ပေးတိုင်ပင်သင့်ပါသည် ။ ကြည်ဖြူဆန္ဒကိုလည်း မေးသင့်ပါ သည် ။

နေနိုင်ချိုကလည်း တစ်ကိုယ်ကောင်းဆန်လွန်းသည် ။ ပြီးပြီးရော သဘောထားနေသလားမသိပါ။

အခုလိုအစမှာ တောင် သည် လောက်စိတ်ညစ်နေရတာ နောက်ဆို ဘယ်လောက်အထိ စိတ်ဆင်းရဲရမှာ လဲမသိနိုင်ပါ။

အိုး. . ရှုပ်ပါတယ်။

နေနိုင်ချို ဆိုတာကို လက်မထပ်တာပဲအေးပါသည် ။ ရည်းစားထား ခဲ့ဖူးတာကိုပဲ ပုံကြီးချဲ့ အပြစ်တင်ဗိုလ်ကျချင်နေတာ။ ပြီးတော့ သူ့မေမေ နှင့် တစ်အိမ်တည်းမှာ နေရဦးမည်။

ကြည်ဖြူ တစ်ယောက်တည်း လျှောက်စဉ်းစားကာ ခေါင်းခါမိပါသ ည် ။

ဖြစ်မယ်မထင်ပါဘူး။

ချောက်ချားစွာ တွေးမိလာသည် ။ တစ်ချိန်လုံးတွေးတောနေခဲ့ပြီးမှ ခုတော့ တုန်လှုပ်လာ၏။

အားလုံးလည်း အလုပ်တွေရှုပ်နေတာမို့ ကြည်ဖြူ့အနား ဘယ်သူမှ မရှိပါ။

ကြည်ဖြူ နာရီကိုမော့ ကြည့်သည် ။

ဟင်. . . ဆယ်နာရီခွဲနေပြီ။

နေ့လယ်နှစ်နာရီဆို တရားသူကြီးလာရောက်တော့မှာ ။ တကယ်ပဲ နေနိုင်ချိုနှင့်လက်ထပ်ရတော့မှာ ပါလား။

ပူထူစွာ ချွေးတွေစိမ့်ထွက်လာသည် ။

သူ့ကိုဘာလို့ လွယ်ကူစွာလက်ခံမိသလဲ၊ ဘာလို့ ခေါင်းညိတ်မိသလဲ။

သူ့ကို ကြည်ဖြူချစ်သလား။

တစ်ခါမှ မဆန်းစစ်ဖူးခဲ့ပါ။

နေနိုင်ချို့ကို ကြည်ဖြူချစ်ရဲ့ လား၊ မြတ်နိုးရဲ့ လား၊ ယုံကြည်ရဲ့ လား ။ တွေးလေတွေးလေ ခေါင်းတွေပိုခဲလာ၏။

ဟင်းဟင်း. . .မယူချင်သေးဘူး။

ကြည်ဖြူ မသေချာသေးပါ။

အတွေးတွေ ယောက်ယက်ခတ်လာသည် ။

အိမ်ပြန်တာပဲ အေးလိမ့်မည်။

ဆုံးဖြတ်ချက်နှင့်အတူ မတ်တတ်ရပ်သည် ။ ဒေါ်လေးလိုက်ပါ့မလား ။

ဘာအရူးထတာလဲဟု ဆူချင်ဆူမှာ ။

ကြည်ဖြူ ခုံမှာ ပြန်ထိုင်ချသည် ။ ဒေါ်လေးကိုသွားအသိပေးမှ ပိုရှုပ်ကုန်လိမ့်မည်။

တိတ်တိတ်ကလေး အိမ်ပြန်သွားလည်း လာခေါ်မှာ ပေါ့။

ကြည်ဖြူဘာလုပ်ရမလဲ။

မျက်ခုံးတွေတွန့်နေအောင် စဉ်းစားမိပါသည် ။ အဖြေကထွက်မလာ

Scanned by CamScanner

ပါ။

'ကြည်ဖြူ'

'အမယ်လေး'

ဘေးနားလာရပ်ပြီး ခေါ်တာကြောင့် လန့်ဖျပ်သွားမိပါသည် ။

'ဟောဗျာ. . . လန့်ရသလား ပေါ်တင်ကြီး ရှေ့တည့်တည့်ကလာနေတဲ့ ဟာ. . . မမြင်ဘူးလား'

နေနိုင်ချိုမျက်နှာက ပြုံးနေပါသည် ။

ကြည်ဖြူလို ရုပ်ထွေးသောအတွေးမျိုးရှိပုံမပေါ်။

ပကတိ လန်းဆန်းကြည်လင်နေသည် ။

မနာလိုစိတ်ကလေးပင် လှစ်ခနဲဝင်မိသည် ။

'ကြည်ဖြူ နေမကောင်းဘူးလား'

နေနိုင်ချိုက သတိထားမိစွာမေးလာသည် ။ ကြည်ဖြူမျက်နှာလေးက ဖြူရော်ပျက်ယွင်းကာနေသည် ။

ဘာဖြစ်လို့ ပါလိမ့်။

'ဟုတ်တယ်. . . ကြည်ဖြူခေါင်းအရမ်းမူးတယ်'

'ဟင်. . . ဟုတ်လား'

နေနိုင်ချိုက ဂရုတစိုက်နှင့် လက်ကောက်ဝတ်လေးစမ်းသည် ။

နဖူးလေးစမ်းသည် ။

'မဖျားတော့ မဖျားပါဘူး။ ဘီဆစ်သောက်လိုက်. . . နေဦး'

Scanned by CamScanner

သူထွက်သွားတော့ ဆိုဖာကို ကြည်ဖြူ မှီချထိုင်မိပါသည်။

စိတ်တွေ ပင်ပန်းမောဟိုက်လိုက်တာ။

နေနိုင်က ချက်ချင်းပဲ ဘီဆစ်နှင့်ရေတစ်ခွက်ယူလာသည်။

'ရော့. . . သောက်လိုက်'

ကြည်ဖြူမတတ်သာဘဲ ယူသောက်ရသည်။ အမှန်က ခေါင်းမူးတာ မဟုတ်။ ခေါင်းရှုပ်နေတာပါ။

ကြံရာမရစွာ စိတ်တွေနောက်ကျိနေတာ။

'လှဲနေမလား. . . . လာလေ'

သူတွဲခေါ်ရာနောက်ကို ပါလာရပေမယ့်

အခန်းတစ်ခု၏ တံခါးရှေ့အရောက်မှာ အလန့်တကြား ခြေစုံရပ်မိပါ သည်။

ဒါက သူနှင့်ကြည်ဖြူတို့ အတွက် ပြင်ဆင်ထားသော မင်္ဂလာဦးအခန်း။

ခုမှ ပဲ တကယ်မူးနောက်သွားရသည်။

'ရပါတယ်. . . မလှဲချင်ပါဘူး'

ကမန်းကတန်း ငြင်းမိသည်။

'ဘာဖြစ်လဲ. . . ဒါကိုယ်တို့ အခန်းပဲ'

'သိပါတယ်။ ကြည်ဖြူဧည့်ခန်းမှာ ပဲ ထိုင်နေပါရစေ'

တွန့်ဆုတ်တွန့်ဆုတ်နှင့် ငြင်းဆန်ပုံလေးက သနားစရာ။

'သဘောပဲ'

Scanned by CamScanner

သူကလေးဆန္ဒအတိုင်းသာ ဖြစ်စေချင်ပါသည် ။

အဲဒီအချိန်တုန်းက သူမဘာတွေကြံစည်စိတ်ကူးနေသည် ကို သူမသိခဲ့ပေ။

လုံးဝကို မရိပ်မိခဲ့။

နည်းနည်းပါး မသင်္ကာဖြစ်မိလျှင် နေနိုင် သူမအနားက လုံးဝခွာမှာမဟုတ်။

ခုတော့ အကြွင်းမဲ့ယုံကြည်ခြင်းက အရှက်ကွဲဖို့ ဖြစ်ခဲ့ရသည် ။

ကြည်ဖြူက အားလုံးကို အရှူး လုပ်သွားသည် ။

မထင်မှတ်စရာကောင်းလောက်အောင် ရက်စက်လှပေသည် ။

ပုံစံလေးကြည့်တော့ သည် လောက် ရက်စက်တတ်မည့်ရုပ်မဟုတ်ပါ ။

မင်းကွာ. . . ဘယ်အငြိုးနဲ့ ကိုယ့်ကို ဒုက္ခရောက်စေသလဲ။

*

Scanned by CamScanner

ကြည်ဖြူနွေးက ဆိုဖာမှာ ငြိမ်ငြိမ်ကလေးထိုင်နေရင်းမှ ပြတင်းပေါက်ဆီ ကြည့်ရောက်သည် ။

အဲဒီမှာ တင် မျက်လုံးလေးတွေ တဖျပ်ဖျပ်လက်ကာ အကြဲရသွားခဲ့တာပါ။

ခြံထောင့်ကရေစင်ကြီး။

ရေတိုင်ကီအနီရဲကြီးကို မျက်စိထဲဘွားခနဲမြင်သည် ။

ကြည်ဖြူဝမ်းသာသွား၏။.

ရေစင်ပေါ်တက်ဖို့ လှေကားလည်း ပါသည် ။ လှေခါးက သေးပေမယ့် တက်လို့ ရသည် ။

ကြည်ဖြူ ကျေနပ်စွာပြုံးလိုက်၏။

အသာကလေးပုန်းနေပြီး သူတို့ ပျာယာခတ်တာကို မြိန့်မြိန့်ကြီး ကြည့်နေလိုက်မည်။

ကဲ. . . ဘယ့်နှယ်ရှိစ ဦးနေနိုင်ချို။

ကြည်ဖြူနွေး ပျောက်သွားရင် ရှင်ဘာလုပ်မလဲ။

စောင့်ကြည့်ရမည်။

ဒေါ်လေးလည်း ဒါမှ ကြည်ဖြူ့ဆန္ဒဆို ဂရုစိုက်လိုက်လျှော့မှာ ။

Book Sharing

Scanned by CamScanner

ဦးနေနိုင်ချိုရယ်. . .

ရည်းစားလေးထားခဲ့ဖူးတာပဲ အပြစ်ကြီးရှိသလိုလို. . .

တစ်သက်လုံး ငုံ့လျှိုးအရှုံးပေးရတော့ မလိုလို။

ဟွန့်. . .

တွေ့ကြသေးတာပေါ့။

ကြည်ဖြူနွေးက လှုအလစ်ကို ချောင်းနေလိုက်သည် ။

ဘယ်သူမှ မမြင်အောင် ရေစင်ကြီးဘေးကိုကပ်လာခဲ့သည် ။

ရေစင်ပေါ်ကို ကြိုးစားတက်သည် ။

ကြောက်တော့ ကြောက်သား။

ရေစင်ကြီးက မြင့်လည်း မြင့်. . .

ကြီးလည်း ကြီးသည် ။

တော်သေးတာက သစ်ပင်ကြီး၏ အောက်မှာ မို့ နေမပူပေ။

ရေစင်ပေါ်ရောက်မှ ရေတိုင်ကီကြီး၏ နောက်မှာ ကျုံ့ကျုံ့ကလေးထိုင်ချပြီး ပင့်သက်ရှိုက်သည် ။

ကြည်ဖြူလှုပ်ရှားမှုကို ဘယ်သူမှ မတွေ့လိုက်တာ သေချာ၏။

သို့အတွက် သူမ စိတ်အေးသွားရသည် ။

ရေစင်ပေါ်ကနေ. . .

သူတို့ ကို တိတ်တဆိတ် ချောင်းကြည့်နေရဦးမည်။

သိမ်များ သိလျှင်တော့. . .

Scanned by CamScanner

ဘယ်လောက် စိတ်ဆိုးလိုက်မလဲ။

ကြည်ဖြူ ရယ်လည်း ရယ်ချင်. . .

ကျေလည်း ကျေနပ်သည် ။

★

Scanned by CamScanner

'ကြည်ဖြူ. . . ကြည်ဖြူ'

နှုတ်က တတွတ်တွတ်ခေါ်ရင်း တစ်အိမ်လုံး တစ်ခြံလုံးလိုက်ရှာသည်။

ဘယ်မှာ မှ မတွေ့တော့ပေ။

ဒေါ်လေးရော. . . မေမေရော. . . နေနိုင်ပါ မျက်နှာတွေပျက်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

ဒေါ်လေးက ကားလွှတ်ပြီး ဟိုအိမ်မှာ သွားရှာခိုင်းသည်။

'အိမ်ကိုပြန်ပဲ့မလားဗျာ. . . ထွက်သွားပါတယ်ဆိုမှ။ ဒါပေမဲ့ သေချာအောင် သွားကြည့်လိုက်ပေ့ါ'

နေနိုင်ချိုက ထင်ကြေးနှင့်ဆိုသည်။

ဒေါ်လေးက ကြည်ဖြူ့သူငယ်ချင်းတွေဆီ ဖုန်းဆက်သည်။

နေနိုင်က ဘကြီးမှုံကို ကားတစ်စီးနှင့် လိုက်ရှာခိုင်းသည်။

နေနိုင်ချိုက အိမ်ထဲဝင်သွားလိုက် ပြန်ဆင်းလာလိုက်နှင့် ဆောက်တည်ရာမရရှိနေသည်။

အဲဒီအချိန်မှာ ပဲ တရားသူကြီးနှင့် ဖိတ်ထားသောလူကြီးမိဘတွေ ရောက်လာကြတော့သည်။

နေနိုင်က ပျာပျာသလဲ ခရီးဦးကြိုဆိုပြီး ဧည့်ခန်းထဲခေါ်သွားသည်။

Scanned by CamScanner

မိတ်ကပ်ပြင်ဆရာမလည်း ဘာဆက်လုပ်ရမှန်းမသိဘဲ ခပ်ငေးငေး လေးရပ်နေသည် ။

အပူလောင်ဆုံး. . . အပျာဆုံး. . . စိတ်အဆင်းရဲဆုံးက နေနိုင်။

သူ့မျက်နှာက ညိုးမှိုန်ကာ မည်းတက်နေသည် ။

ဒေါ်လေးနှင့်မေမေ့ကို တစ်ဖက်စီတွဲပြီး ခြံထဲခေါ်ထုတ်လာ၏။

'ဘာဆက်လုပ်ရမလဲ မေမေ'

အရေးတကြီးမောဟိုက်သံနှင့်မေးတာကို ရေစင်ပေါ်က ကြည်ဖြူနွေးကြားရပါသည် ။

သူတို့ က ခြံထောင့်သစ်ပင်ရိပ်မှာ လာပြောနေကြတာ မဟုတ်လား။

အိမ်ပေါ်မှာ တော့ ဧည့်သည် တွေစုံနေခဲ့ပြီ။

'တော်တော်ဒုက္ခပေးတဲ့ ဟာမလေး'

ဒေါ်လေးက ကြည်ဖြူ့ကို အင်မတန်စိတ်ဆိုးနေသည် ။ အခုအချိန်များ တွေ့လိုက်ရင် လိုက်ရိုက်မှာ ကျိန်းသေ။

စိတ်ထိန်းနိုင်မှာ မဟုတ်။

'မေမေ. . . သားဘာဆက်လုပ်ရမလဲ'

နေနိုင့်အသံကြီးက စိတ်ပျက်လက်ပျက်။

သူ့ခုလောက်ဖြစ်လိမ့်မည်ဟု ကြည်ဖြူမထင်ခဲ့ပါ။

ရတ်တရက် သူ့ရင်ခွင်ထဲခုန်ချကာ အားပါးတရ ငိုရှိုက်ချင်စိတ်ပေါ် ဝင်လာရသည် ။

သူ့ကြည့်ရတာ အလွန်အမင်းစိတ်ဆင်းရဲသွားပုံ။

Scanned by CamScanner

'သားသိတယ်။ သားပြောသားပဲ။ မေမေ့ကို သားပြောသားပဲ။ မေမေ့သမီးက ဆိုးပါတယ်လို့ '

နေနိုင့်မေမေက မျက်နှာပျက်ပြီး မျက်ရည်ကျလေသည် မို့ ကြည်ဖြူက အငေးသားကြည့်နေမိသည် ။

'မေမေက ယုံကြည်နေတယ်'

'သားရယ်. . . သမီးလေး ဒီလောက်မိုက်မယ်လို့ မေမေမထင်ဘူး'

နေနိုင့်မေမေက ကြည်ဖြူပျောက်သွားတာကို စိတ်ဆိုးဒေါသမဖြစ်ဘဲငိုနေသေးသည် ။

ဘာတွေဖြစ်ကုန်တာလဲ။

'မေမေ့မှာ လည်း အပြစ်ရှိပါတယ်သားရယ်။ သမီးလေးက မေမေ့ဆုံးမသွန်သင်မှုနဲ့ ဝေးခဲ့ရတယ်။ မေမေ့အကြင်နာနဲ့ ဝေးခဲ့ရတယ်။ သူ့ဒေါ်လေးက ချစ်တော့ အလိုလိုက်ထားတော့ဆိုးတာပေါ့'

'အဓိပ္ပာယ်မရှိဘူးဗျာ။ သူ့ဒါမျိုးလုပ်စရာလား။ မကျေနပ်လည်း ပွင့်ပွင့်လင်းလင်းဖွင့်ပြောပေါ့။ ခုဟာက သက်သက်ဒုက္ခပေးတာ။ ဒါ တမင်ပညာပြတာဗျ။ သား အရှက်ကွဲအောင်လုပ်တာ။ မေမေ့သမီး မကောင်းဘူး။ ကျွန်တော်က မေမေ့သမီးလေးဆိုပြီး ညှာလိုက်ရတာ။ ဇွတ်မှိတ်လက်ခံခဲ့တာ။ ဒီလိုမှန်းသိရင် သားငြင်းခဲ့တယ် မေမေ။ မေမေ့သမီးကိုသားလုံးဝငြင်းခဲ့တယ်'

နေနိုင့်အသံက ဝမ်းခေါင်းသံကြီး လှိုက်တက်တုန်ခါနေသည် ။

တော်တော်လေး ပေါက်ကွဲခံပြင်းသွားတာသေချာ၏။

မေမေ့ သမီး. . . မေမေ့ သမီးဟု ထပ်တလဲလဲ

Book Sharing

Scanned by CamScanner

အပြစ်တင်နေတာကြောင့် ကြည်ဖြူကျောက်ရုပ်ကလေးလို ငြိမ်သက်သွားရသည် ။

နေနိုင် ဘာတွေပြောနေတာလဲ။

ရှင်းရှင်းလင်းလင်း နားလည်သော်လည်း လက်မခံနိုင်ပါ။

'ကျွန်မကို သူကပြောပါတယ်။ ရှင်တို့ နဲ့ အတူတူမနေချင်ဘူးတဲ့ ။ ကျွန်မကလည်း ဘာမှ ပြောမပေးခဲ့ဘူး။ ခုမှ ပြန်တွေ့တဲ့ သမီးကို ရှင်က မျက်စိအောက်မှာ ထားချင်လို့ မောင်နေနိုင်နဲ့ ပေးစားတာဆိုတော့ ကျွန်မက ဘာပြောရမလဲ။ ပြီးတော့ ကြည်ဖြူက သူ့အမေရင်းမှန်းမသိဘဲ ယောက္ခမဆိုပြီး ကြောက်နေတာ။ ဒါတွေ ကျွန်မ ဘယ်လိုရှင်းပြရမလဲ။ အဲဒါကြောင့် ကျွန်မဝင်မပါဘဲနေခဲ့တာ'

ဘုရားရေ. . .

ဒေါ်လေးစကားတွေက ကြည်ဖြူ့ခေါင်းထဲကို မိုက်ခနဲ ဖြစ်စေသည် ။

ကြည်ဖြူ့မေမေအရင်းတဲ့ ။

ဟုတ်ရဲ့ လား. . . ဟုတ်မှ ဟုတ်ရဲ့ လား။

ဒူးကလေးနှစ်ဖက် တင်းတင်းပိုက်လျက် ကြည်ဖြူ့နှုတ်ခမ်းတွေ ခြောက်သွေ့သွားလေသည် ။

မျက်လုံးလေးအပြူးသားနှင့် နေနိုင့်မေမေကိုငုံ့ကြည့်၏။

တငေးတမောကြီး ကြည့်နေမိသည် ။

'ဟင်'

ချက်ချင်းပဲ ကြည်ဖြူသတိရသည် ။

ဟိုးတစ်လောတုန်းက ကြည်ဖြူ့ကို မိုးရေထဲမှာ ခေါင်းစွပ်အင်္ကျီက

Scanned by CamScanner

လေးရဲ့ ခေါင်းစွပ်ကလေးကို တယုတယ ခေါင်းပေါ်တင်ပေးခဲ့တာ။

ကြည်ဖြူလေးစားအားကျခဲ့သော အမျိုးသမီးကြီး။

တီဗွီ ပြင်ဆိုင်ကို ကြည်ဖြူလိုက်ပို့ခဲ့ဖူးတာ။

ကြည့်စမ်း. . . ပြန်တွေ့ကြတော့ ကြည်ဖြူဘာလို့ မမှတ်မိသလဲ။

ညဲ့လိုက်တာ။

ကြည်ဖြူ သိပ်ညံ့သွားသည် ။

တစ်ဖက်မှာ ရပ်နေသောလူသုံးဦးကိုငေးကြည့်ကာ. . ကြည်ဖြူ့ရင်ထဲ တလှပ်လှပ်နှင့် စိတ်တွေ အရမ်းလှုပ်ရှားသွား၏။

မေမေ့ကို မေမေမှန်းမသိဘဲ. . .

တစ်အိမ်တည်းမနေချင်ပါဘူး ဟု ပင် ဒေါ်လေးကို ဆိုခဲ့မိပါသည် ။

ဒေါ်လေးကရော သူသိထားသောအကြောင်းအရာတွေ ကြည်ဖြူ့ကို ဘာလို့ မပြောပြခဲ့သလဲ။

မေမေ. . . မေမေ. . . ကြည်ဖြူ့မေမေ။

ဟုတ်မှာ ပါ။

ဟုတ်ကို ဟုတ်မှာ ပါ။

အဲဒီနေ့ကတည်းက အနွေးဓာတ်တစ်မျိုး ကြည်ဖြူခံစားခဲ့ရတာ. . . လေးငါးရက်အထိ မမေ့နိုင်အောင်ပါ။

'အဲဒါတွေပြောမနေပါနဲ့ တော့ မေမေ. . . သားတို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ။ လူကြီးတွေစောင့်နေပြီ'

မေမေက မျက်ရည်တွေသုတ်ပြီး နေနိုင့်ကိုအပြစ်တင်သည် ။

Scanned by CamScanner

'အဲဒါ သားမှားတာ'

'ဗျာ'

နေနိုင်က နာကျင်စွာပြုးမိသည် ။

'သားက သမီးကို ဘာများ သွားပြောသလဲ'

နေနိုင် ဆတ်ခနဲ ဖြစ်၏။

အပြစ်မရှိ အပြစ်ရှာကာ ပြောမိသောကိစ္စ ရှိခဲ့သည် ။

တမင်စချင်စိတ်နှင့် ရည်းစားထားမည်ဟု လည်း ဆိုခဲ့ပါသည် ။

အဲဒါကိုများ ကြည်ဖြူ အဟုတ်ထင်သွားရော့သလား။

မျက်နှာလေးပျက်ပြီး စိတ်ထိခိုက်သွားတာအမှန်ပါ။

'ဟုတ်တယ်မေမေ။ သားသူ့ကို စလိုက်မိတယ်'

'ဘယ်လို'

'သူ့ကို သား နောက်လိုက်တာပါမေမေ။ လွန်သွားတယ်. .'

'သမီးလေးအယုံကြည်မဲ့ပြီး စိတ်ပျက်သွားအောင် တမင်ပြောလိုက်တာလား နေနိုင်ချို။ မင်းလက်မထပ်ချင်လို့ ပြောလွှတ်လိုက်တာလား'

မေမေက နေနိုင်ချို့ကို စိတ်ဆိုးပြီး မသက်မာဖြစ်သွားသည် ။

'မေမေရယ်. . . သားကို အယုံအကြည်မရှိတော့ဘူးလား. . . သားဘာလို့ အဲဒီလိုလုပ်ရမှာ လဲ။ သူ့ကို သားစတာပါ။ တကယ်ပါ။ တမင်လုပ်ခဲ့တာဆို. . . သူပျောက်သွားရင် သားပျော်နေမှာ ပေါ့။ သားပုံစံကိုကြည့်ပါ ။ ဒါ ပျော်နေတဲ့ ပုံစံလား. . .'

မေမေက သက်ပြင်းမောရှိုက်သည် ။

Scanned by CamScanner

'သားက သူ့ကိုချစ်ပါတယ်။ သနားလည်း သနားတယ်။ သူကသာ သားကိုမချစ်တာ။ ရက်စက်ချင်တာ။ သားအပေါ် ဒီလိုမျက်နှာပျက်စရာဖြစ်အောင်. . . အရှက်ကွဲစရာဖြစ်အောင် လုပ်ရက်တယ်။ သားသူ့ကိုမြတ်နိုးတာ သူသိပါတယ်။ သား သူ့ကိုချစ်လို့ သဝန်တိုပြီး ရန်ရှာမိတာပါ။ မခံချင်စိတ်နဲ့ ပြောမိတာပါ. .'

'သားရယ်'

မေမေက နေနိုင်ချို့ကို ခုမှ ကရုဏာသက်သည်။

'ခဏတော့ စောင့်ကြည့်ရမှာ ပေါ့။ ရှာကြည့်ရမှာ ပေါ့။ သိပ်လည်း စိတ်ထိခိုက်မနေပါနဲ့ သားရယ်။ ဖူးစာကံလည်း ရှိပါသေးတယ်'

မေမေက ခုမှ သူ့ကို အားပေးနှစ်သိမ့်သည်။

စောစောက ကြည်ဖြူပျောက်သွားတာကိုပဲ မွှန်ထူနေခဲ့သည်။

သားလေး ခံစားမှုကိုမေ့နေခဲ့၏။

'ကဲ. . . ကဲ. . လူကြီးတွေကို မေမေသွားညှိခံရဦးမယ်။ ခက်လိုက်တာ။ သမီးဒီလောက်မိုက်လိမ့်မယ် မေမေမထင်ဘူး'

သဇင်ခက်တွေပန်ထားသော မေမေက သိပ်စိတ်ဆင်းရဲနေသည်။

'သား. . . မောင်နေနိုင်'

'ဗျာ. . . ဒေါ်လေး'

'မောင်ပိုင်သူတို့ အိမ်ဘက် တစ်ချက်သွားကြည့်ပါလား။ သမီး အဲဒီများ သွားသလားမသိဘူး'

ဒေါ်လေးစကားကြောင့် နေနိုင့်မျက်နှာက ရင့်ရော်နွမ်းဖျော့သွားလေသည်။

Scanned by CamScanner

'ဒေါ်လေး ထင်လို့ လား'

'မထင်ပါဘူးကွယ်။ ဒါပေမဲ့ သွားကြည့်လိုက်တာ ကောင်းတာပေါ့'

'ဟုတ်ကဲ့'

သူခက်ခဲစွာ ခေါင်းညိတ်သည် ။

'ကျွန်တော့် သူငယ်ချင်းတွေ ရောက်လာရင်တော့ ညွှန်ခဲ့ထားပေးပါ'

သူက ဒေါ်လေးကိုမှာ သည် ။

'စိတ်ချပါကွယ်။ ကြည်ဖြူ့ကိုတွေ့ရင် ချော့ခေါ်နော်'

'အင်း. . . သူမလိုက်ချင်ရင် ကျွန်တော် ဖွတ်မခေါ်ပါဘူး'

ဒေါ်လေးက အိမ်ထဲဝင်သွားသည် ။

နေနိုင်ချိုက ဘောင်းဘီအိတ်ထဲက ကားသော့ကို ထုတ်ယူလိုက်၏။

သူ့ကိုကြည့်ရတာ တုန်လှုပ်ခြောက်ခြားစွာနှင့် စိတ်ဓာတ်ကျနေတာ သိသာလွန်း၏။

သားက သူ့ကိုချစ်ပါတယ်တဲ့ ။

မေမေ့ကို သူဖွင့်ဟဝန်ခံခဲ့သောစကား။

ကြည်ဖြူ့ကိုတော့ တစ်ခါမှ အဲဒီလိုမပြောခဲ့ဖူးပါ။

ကြည်ဖြူ့ကိုပြောရမှာ အောက်ကျတယ်များ ထင်နေရော့သလား။

သူက သူ့မာနကို ကြည်ဖြူ့ထက် ပိုချစ်နေသည် ။

ရပ်ထားသောကားဆီ ခြေလှမ်းစနေပြီဖြစ်သော သူ့ကို ကြည်ဖြူ အထိတ်တလန့်လှမ်းကြည့်နေမိသည် ။

Book Sharing

Scanned by CamScanner

သူဟာ တကယ်ပဲ ကြည်ဖြူကိုချစ်သလား။

ခန့်ခန့်ညားညား ရိုးရိုးသားသားရှိလှသော ပုဂ္ဂိုလ်လေးက ကြည်ဖြူကို မြတ်နိုးသတဲ့ လား။

ဟုတ်ပါရဲ့ လား။

လက်ထပ်ခါနီးမှ သတို့ သမီးပျောက်သောအဖြစ်ကို ပူထူစွာ သူဘယ်လောက်စိတ်ဆင်းရဲနေသလဲ။

ရှင့်ပုံစံကိုကြည့်ပြီး ဝန်းကနဲခုန်ချလိုက်ချင်စိတ်ကလေးပင်စောစောကတည်းက ဝင်ခဲ့မိသေးသည် ။

သူ့ကိုကြည့်ပြီး နှလုံးသားကတင်းမထားနိုင်။

အဲဒီလောက် ရက်စက်နိုင်စွမ်းအား ကြည်ဖြူမှာ မရှိပါ။

သူ့ဘက်က 'ချစ်ပါတယ်' ဟု ဖွင့်ဟဝန်ခံခြင်းမရှိခင်ကတည်းက ကြည်ဖြူ့နှလုံးသားက သူ့ခြေရင်းမှာ ကြွေဆင်းငြိမ်သက်နေခဲ့ပြီးသားပဲမဟုတ်လား။

ကြည်ဖြူပင် မသိလိုက်ပါ။

အငိုက်မိသွားခဲ့သည် ။

အားကိုးခြင်းများ စွာနှင့် ချစ်သည် ။

ယုံကြည်ခြင်းများ စွာနှင့် ချစ်သည် ။

ချစ်ခြင်းများ စွာနှင့် ချစ်ရပါသည် ။

'ကိုနေနိုင်'

သူမ နှုတ်ခမ်းတွေလှုပ်လာ၏။

Scanned by CamScanner

အသံက တိုးလွန်းတော့ သူမကြားပါ။

'ကိုနေနိုင်'

သည် တစ်ခါမှာ တော့ သူ့ခြေလှမ်းတွေ ဆတ်ခနဲ တန့်ကာ နောက်ကို ပြန်လှည့်ကြည့်သည် ။

ဟိုဟိုဒီဒီ ဝေ့ရှာကြည့်သည် ။

ပုန်းနေဖို့ စိတ်ကူး ကြည်ဖြူ့မှာ မရှိတော့ပေ။

'ကိုနေနိုင်'

ရေစင်ပေါ်က ရေစည်ကြီးဘေးမှာ မတ်တတ်ရပ်ကာခေါ်သည် ။

နေနိုင်ချိုက အသံလာရာမော့ ကြည့်သည် ။

'ဟင်'

ကြည်ဖြူ့ကို အံ့ဩစွာမော့ကြည့်၏။

သူ့မျက်နှာပေါ်က စိတ်ဆင်းရဲခြင်းများ စွာတွေ စုပ်ယူပစ်လိုက်သလို လွင့်စဉ်သွားသည် ။

'လိမ့်ကျဦးမယ်'

သူသတိပေးမှ ကြည်ဖြူ့ရင်ထဲ မြင့်လွန်းတာကိုလှပ်ခနဲ အေးသွားရလေသည် ။ ကမန်းကတန်း ထိုင်ချမိ၏။

'ထိုင်နေ. . . ထိုင်နေ။ လာခေါ်မယ်'

နေနိုင်ချိုက ရေစဉ်ပေါ် တလှားလှား တက်လာခဲ့သည် ။

ကြည်ဖြူ့ဘေးမှာ ခြေစုံရပ်သည် ။

'ဒီမှာ ပုန်းနေတာပေါ့. . ဟုတ်လား။ လူကြီးတွေစိတ်ဆင်းရဲအောင်

Scanned by CamScanner

မင်းသိပ်လုပ်ပါလား။ ဘယ်တော့မှ မလိမ္မာဘူး။ လိမ့်ကျရင်ဘယ်လိုလုပ်မလဲ. . . ဒီလောက်အမြင့်ကြီး. . . ကြဲကြဲဖန်ဖန်ကွာ. . . .မင်းတော်တော်ခက်တဲ့ ကောင်မလေးပဲ။ ငါ. . . မင်းကိုစိတ်ကုန်တယ်'

ကြည်ဖြူက သူ့ကိုမော့မကြည့်ဘဲ မျက်လွှာလေးလှန်ကာ ခိုးကြည့်သည် ။

'အားလုံးဒုက္ခရောက်အောင်လုပ်ရတာ မင်းပျော်လား ဟုတ်လား'

ကြည်ဖြူက ကြောက်ကြောက်နှင့် ဖြည်းဖြည်းချင်း ထရပ်သည် ။

'ခုမှ ကြောက်နေလား။ မင်းကို မေမေနဲ့ ဒေါ်လေးစိတ်ဆိုးနေပြီ'

နေနိုင်ချိုက မောမောနှင့်စွတ်အော်မိသည် ။

ရင်ထဲမှာ တော့ အေးချမ်းသွားရပါပြီ။

'ကိုနေနိုင်' ဟု ခေါ်လိုက်သံကလေးကြားရကတည်းက ရင်ထဲက အပူလုံးကြီး လျှော့ခနဲကျသွားရသည် ။

ဒေါ်လေးထင်သလို ဟိုတစ်ယောက်စီသာ ထွက်သွားမယ်ဆို. . . ကိုယ်ရင်ကျိုးရမှာ ပါ ကြည်ဖြူလေးရယ်။

ကြည်ဖြူက ကြောက်ကြောက်နှင့် သူ့ဆီ တရွေ့ရွေ့တိုးလာ၏။

ပြီးမှ သက်ပြင်းရှိုက်ကာ သူ့ခါးကို လှမ်းဖက်ထားလိုက်လေသတည်း။

ရင်ထဲမှာ မကျေနပ်ခြင်းများ ၊ မယုံရဲခြင်းများ နှင့် တက်တုန်းက ဘယ်လိုတက်လာမိမှန်းမသိ။

ပုန်းချင်စိတ်က များ နေသည် ။

သွေးပူနေသည် ။

Scanned by CamScanner

စိတ်တွေအေးချမ်းငြိမ်သက်သွားသောအခါ ကြည်ဖြူ လန့်ဖျပ်သွားအောင် ကြောက်မိပါသည် ။

သူ့ကိုဖက်ထားရင်းက အောက်ကိုအသာကလေး ငုံ့လှမ်းကြည့်သည် ။

အမယ်လေး...

ခြေဖဝါးလေးတွေပင် ယားကျိကျိကျဉ်တက်လာသည် ။

အကာအကွယ်လည်း မရှိ။

လှေကားလေးတွေကလည်း သေးသေးလေး။

တော်ပါသေးရဲ့ ချောချောမွေ့မွေ့ အပေါ်ရောက်လာတာပဲ။

အေးစက်တောင့်တင်းနေသော ကိုယ်လေးကို နေနိုင်ဖက်ထားလိုက်သည် ။

'တက်တုန်းက မကြောက်ဖူးလား'

ကြည်ဖြူက စကားပင်ပြန်မပြောနိုင်။

သူ့ကို တင်းတင်းဖက်တွယ် ငြိမ်သက်လို့ သာနေသည် ။

သည် တစ်ခါတော့ ရေစင်အတက်အဆင်း လှေကားထစ်တွေ နည်းလိုက်တာဟု နေနိုင်ထင်မိသည် ။

သူမကို ခုလိုပဲ တစ်သက်လုံး ကြင်နာသွားချင်တော့သည် ။

ဆုလေးနွယ်

*

Book Sharing

Scanned by CamScanner